## ပထမအကြိမ်ပြည်သူ့လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## ၂၉ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

## (၁၀-၉-၂၀၁၁)

**အချိန်၊ ၁၀ း ၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၉ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၈၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၇.၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသန်းဝင်း(ကျိုက်လတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်သိန်းကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်။ ဦးမြတ်သိန်း သည် ရန်ကုန်မြို့သို့ ကျန်းမာရေးအတွက် ဆေးသွားပြရမည်ဖြစ်ပါသဖြင့် ယနေ့ ၁၀-၉-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက် အဖြစ်ပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း၁၀ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်၊ ရက်စွဲပါစာအမှတ် ၁၅၁-၁/ဂ/၃ သမ္မတရုံး ဖြင့်သဝဏ်လွှာတစ်စောင် ပေးပို့ထားပါတယ်။ ဒီသဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြ ပါမယ်။

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြောင်းအရာ။ ။ သဝဏ်လွှာပေးပို့ခြင်း

၁။ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ပြည်သူတို့၏အကျိုးငှာ အားသွန်ခွန်စိုက် ကျင်းပပြုလုပ်နေသည့် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂။ တစ်ချိန်တည်း၌ပင် မိမိတို့ပြည်ထောင်စုအစိုးရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အစည်းများအနေနှင့်လည်း ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး၊ ဒီမို ကရေစီကျင့်စဉ်များထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်လျက်ရှိပါသည်။

၃။ တိုင်းရင်းသားပြည်သူအပေါင်းတို့၏ တူညီသောမျှော်မှန်းချက်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးရေးတို့ ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရသည် တိုင်းရင်းသား ပြည်သူတို့၏ဆန္ဒနဲ့အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေပြင်ပသို့ ရောက်ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်သွယ်ကမ်းလှမ်း ဖိတ်ခေါ်ဆောင်ရွက်ခဲ့ရာ ယခုအခါ အထူးဒေသ(၂)၊ "ဝ"အဖွဲ့နှင့် အထူးဒေသ (၄) အဖွဲ့တို့သည် ပြည်နယ်အဆင့်သဘောတူညီချက်များရရှိခဲ့ပြီး ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများပင် စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။ အချို့အဖွဲ့များသည်လည်း ပြည်နယ်အစိုးရများထံ ငြိမ်းချမ်းရေးရယူရန် ဆက်သွယ်ဆောင်ရွက်မှုများရှိနေပါသည်။

၄။ တစ်ချိန်တည်း၌ပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားတိုင်းရင်းသားများအားလည်း ကိုယ့်နိုင်ငံကိုယ့်ဒေသသို့ ပြန်လာလိုပါက ပြန်လာနိုင်ရန်စိစစ်လက်ခံခဲ့ရာ တချို့ပြန်လာနေကြပြီဖြစ်ပါသည်။ အကျဉ်းသားများ လွတ်ပေးရေးကိစ္စများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အခွင့်အာဏာအတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အမျိုးသားအကျိုးစီးပွားအတွက် ထိုသို့အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ပါတီအချို့နှင့် အင်အားစုအချို့တို့သည် အစိုးရအခက်အခဲ၊ အကြပ်အတည်းတွေ့အောင် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်ကြံရွယ်၍ လှုပ်ရှားလုပ်ဆောင်မှုများ ပြုလုပ်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ်တွေ့ရှိနေရပါသည်။

၅။ တိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက် တိုးတက်အောင်ဆောင်ရွက်ရင်း စက်မှုနိုင်ငံထူထောင်နိုင်ရန် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် စက်မှုနိုင်ငံထူထောင်နိုင်ရန် လျှပ်စစ်စွမ်းအင်လိုအပ်ချက်သည် အဓိကကျပါသည်။ လျှပ်စစ်စွမ်းအင်ရရှိနိုင်သည့် နည်းလမ်းများအနက် အနုမြူစွမ်းအင်ထုတ်လုပ်သုံးစွဲရေးမှာ ကမ္ဘာ့ဖြစ်စဉ်များအရ အန္တရာယ်ကြီးမားလှသည့်အပြင် ငွေကြေးမပြည့်စုံမှု၊ နိုင်ငံရေးအရ အများသူငှာ လက်မခံမှုတို့ကြောင့် မိမိတို့နိုင်ငံအတွက် မဖြစ်နိုင်သောကိစ္စ ဖြစ်ပါသည်။ ကျောက်မီးသွေးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် ကျောက်မီးသွေးသယံဇာတမှာလည်း တစ်နိုင်ငံလုံးအတွက် လုံလောက်မှုမရှိသည်ကို ကိုယ်စားလှယ်တော်ကြီးများအသိပင်ဖြစ်ပါသည်။

၆။ မြန်မာ့ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ထွက်ရှိသော်လည်း ပြည်ပအရင်းအနှီးများဖြင့် ထုတ်လုပ်သည့်ကိစ္စဖြစ်၍ မိမိတို့လိုအပ်သလောက်မရနိုင်ပဲ အချို့အဂက်သာခွဲဝေရရှိပါသည်။ ပြည်ပဈေးငွေဖြင့် အရင်းအနှီးအချို့ ထည့်ဝင်ထားရာမှာ အနာဂတ်တွင်အကျိုးခံစားရမည် ဖြစ်သော်လည်း

လောလောဆယ်တွင်မူ ဈေးငွေအပေါ်အတိုးများ အရစ်ကျပေးဆပ်နေရသည့် အခြေအနေဖြစ်ပါသည်။ ကုန်းတွင်း၌ သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်ဖော်နေသော်လည်း ပြည်တွင်းသုံးစွဲရန်အတွက်ပင် လုံလောက်မှုမရှိသေးပါ။

၇။ မြန်မာနိုင်ငံတွင် ပြည့်ဖြိုးမြဲဖြစ်သော ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် သဘာဝကပေးထားသောမြစ်ချောင်းများရှိနေသဖြင့် အဆိုပါမြစ်ချောင်းများမှ ပြည်တွင်း၊ ပြည်ပအရင်းအနှီးများရယူ၍ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် ကြိုးပမ်းဆောင်ရွက်ခဲ့တာ ယခင်က ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံသာရှိခဲ့ပြီး စုစုပေါင်းစက်တပ်ဆင်အား ၅၂၉ မဂ္ဂါဝပ်သာရှိခဲ့ရာမှ နောက်ထပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၃ ရုံ၊ စက်တပ်ဆင်အား ၂၈၃၁ မဂ္ဂါဝပ် တိုးတက်ဆောင်ရွက်ခဲ့ပါသည်။

၈။ နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာ စီမံကိန်းအရ နောက်ထပ်ရေအားလျှပ်စစ်စီမံကိန်း ၆၄ ခုနဲ့ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ သုံးခုအပါအဝင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စက်တပ်ဆင်အားမဂ္ဂါဝပ် ၄၀၀၀၀ ကျော်ထုတ်လုပ်နိုင်သည့် အလားအလာများရှိပါသည်။ အဆိုပါ စီမံကိန်းများတွင်ကချင်ပြည်နယ်ရှိ မေခ၊ မလိခ၊ မြစ်ဆုံမြစ်ဝှမ်းနှင့် ဧရာဝတီမြစ်ဆုံစီမံကိန်းရှစ်ခု အပါအဝင်ဖြစ်ပါသည်။

၉။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေကြေးအရင်းအနှီးဖြင့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပထမအဆင့်ဆောင်ရွက်ရန်စတင်ခဲ့ရာ ယခုအခါတွင် အဆိုပါ မြစ်ဆုံစီမံကိန်းနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း အောက်ပါစိုးရိမ်ပူပန်မှုများ ရှိလာခဲ့ပါသည် -

(က) ကချင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက်ပါ သဘာဝကပေးထားသော land Mark ဖြစ်သည့် မြစ်ဆုံသဘာဝအလှအပပျောက်ကွယ်သွားနိုင်ခြင်း၊

(ခ) မြစ်ညှာပိုင်းရှိ တိုင်းရင်းသားကျေးရွာများ ရေနစ်မြုပ်၍ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆုံးရှုံးပျက်စီးသွားနိုင်ခြင်း၊

(ဂ) ပုဂ္ဂလိကများမှ ငွေကြေးအရင်းအနှီးများစွာ စိုက်ထုတ်၍ စီးပွားဖြစ်စိုက်ပျိုးထားသည့် ရာဘာစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများပျက်စီးသွားနိုင်ခြင်း၊

(ဃ) ရာသီဥတုဖောက်ပြန်မှုကြောင့် မြောက်ဖျားရှိ ရေခဲတောင်များ အရည်ပျော်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခြင်းတို့ဖြစ်ပေါ်လာပါကမြစ်ဆုံဆည်ပျက်စီးပြီး ဆည်အောက်ပိုင်းရှိ မြို့ရွာများနှင့် ပြည်သူများသေကျေပျက်စီးမှုရှိနိုင်ခြင်း၊

(င) ဧရာဝတီမြစ်ကြီး ထိခိုက်ပျက်စီးနိုင်ခြင်းစသည့်ဖြင့် ပြည်သူအချို့မှ စိုးရိမ်ပူပန်မှုရှိနေကြသည်ကိုမိမိတို့ ကြားသိနေရပါသည်။

၁၀။ မိမိတို့အစိုးရသည် ပြည်သူမှရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်၍ ပြည်သူများ၏ဆန္ဒကိုအလေးထားရပါသည်။ ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို အလေးထား၍ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

သို့ပါ၍ မိမိတို့အစိုးရလက်ထက်တွင် မြစ်ဆုံဆည်တည်ဆောက်ခြင်းကို မပြုလုပ်စေဘဲရပ်ဆိုင်းထားမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အန္တရာယ်မရှိနိုင်သည့် အခြားသော ရေအားလျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျလေ့လာစမ်းစစ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ချုပ်ဆိုထားသည့် အဆိုပါ စီမံကိန်းနှင့်သက်ဆိုင်သော စာချုပ်စာတမ်းများကို မိတ်ဝတ်မပျက်စေဘဲ သဘောတူလက်ခံ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဤလွှတ်တော်သို့ အသိပေးအပ်ပါသည်။

သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မမြန်မာနိုင်ငံတော်

ဟုသဝဏ်လွှာမှာပါရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်သမ္မတရဲ့ သဝဏ်လွှာအား မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ အထက်ပါသဝဏ်လွှာအား မှတ်တမ်းတင်ရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ။** ။လွှတ်တော်က သဘောတူတဲ့အတွက် နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအား မှတ်တမ်းတင်အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါ့မယ်။ ပထမဦးစွာ ဦးစိုင်းသီဟကျော်၊ မိုင်းရယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် စိုင်းသီဟကျော်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်စော်ဘွား များလက်ထက်က တောင်တိမ်နီလို့ခေါ်တွင်ခဲ့တဲ့ အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ကျွန်တော်တို့ မိုင်းရယ်မြို့လေးကို တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်နေသလို ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ပြည်သူ များရဲ့ဆန္ဒအရ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်လိုအပ်တဲ့ အဓိကအချက်များထဲကတစ်ခုဖြစ်တဲ့ လျှပ်စစ် ဓာတ်အားလိုအပ်ချက်ကို သက်ဆိုင်ရာမှ အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အတွက်မျှော်လင့် တောင့်တလျက်ရှိနေတဲ့ ပြည်သူများကိုယ်စား အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည် နယ်မြောက်ပိုင်း၊ မိုင်းရယ်မြို့နယ်သို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အား သွယ်တန်းဖြန့်ဖြူးပေးသွားမည်ဟု သိရှိရပါတယ်။ နေရာအချို့တွင်လည်း ကွန်ကရစ်ဓာတ်တိုင်များ စိုက်ထူထားပြီးဖြစ်သည်ကိုတွေ့ရှိရပါတယ်။ ဆက်တိုက်ဆောင်ရွက်မှုများမတွေ့ရဘဲ လုပ်ငန်းရပ်ဆိုင်း ထားတယ်လို့လည်းတွေ့ရှိရပါတယ်။ ယခု မိုင်းရယ်မြို့နယ်မှာ EPC မှ ဒီဇယ်စက်ဖြင့် တစ်ရက်ကို ၂ နာရီသာမီးပေးလျက်ရှိပါတယ်။ ပြည်သူများမှ ဒေသအမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၄ နာရီ ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးစေလိုကြပါတယ်။ ဒါကြောင့် မေးမြန်းလိုသည်မှာ ရပ်ဆိုင်းထား သောလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိနှင့် ရှိပါက မည်သည့်ကာလတွင်အပြီးဆောင် ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မျှော်လင့်တောင့်တလျက်ရှိသော ပြည်သူများကိုယ်စားတင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်နန်းဝါနု၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုဖြစ်ပါတယ် ရှင်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမြို့နယ်မှ ပြည်သူလူထုများဟာ နိုင်ငံတော်အစိုးရက ကွန်ဟိန်း မြို့နယ်သို့ ကျိုင်းတောင်းရေအားလျှပ်စစ်မှ ဓာတ်အားပေးမယ်လို့ကြားသိခဲ့၍ နိုင်ငံတော်အစိုးရအား အထူးပင်ကျေးဇူးတင်၍ စောင့်မျှော်လျက်ရှိနေပါတယ်ရှင်။ ဒါ့အပြင် ပြည်သူလူထုတို့ကလည်း အောက်ပါကိစ္စတို့ကိုကြားသိချင်ကြပါတယ်။ မေးခွန်းနံပါတ် (၁) ကွန်ဟိန်းမြို့နယ်သို့ ကျိုင်းတောင်း ရေအားလျှပ်စစ်မှ ဓာတ်အားပေးမည့်စီမံချက်ကိုသိရှိလိုပါတယ်။ နံပါတ် (၂) မည်သည့်အချိန်တွင် စီမံချက်စတင်မည်ကိုသိလိုပါတယ်။ ကွန်ဟိန်းမြို့နယ်တွင် မည်သည့်အချိန်၌ ကျိုင်းတောင်းရေအား လျှပ်စစ်မှဓာတ်အားများ ရရှိနိုင်မည်ကို သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းအွမ်ဆိုင်မိုင်း၊ ကျေးသီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအွမ်ဆိုင်မိုင်း(ကျေးသီးမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျေးသီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့နယ်ခွဲရှိ မိုင်းနန်းကျေးရွာအုပ်စုသည် စံပြကျေးရွာဖြစ်ပြီး မိုင်းနောင်မြို့နှင့် ၁၂ မိုင်အကွာ ကျေးသီး-မိုင်းနောင်ကားလမ်းမ ပေါ်မှာတည်ရှိပါတယ်။ အိမ်ခြေ ၅၀၀ ကျော်ရှိပြီး အစိုးရအထက်တန်းကျောင်းခွဲ၊ ကျေးလက်ဆေးပေးခန်း၊ ဘုန်းတော်ကြီးပရိယတ္တိစာသင်တိုက်၊ တပ်မတော်တပ်စခန်းနှင့် လုံခြုံရေးတပ်ဖွဲ့များလည်းရှိပါတယ်။ ကျေးရွာပြည်သူလူထုအတွက် ကျိုင်းတောင်းမဟာဓာတ်အားလိုင်းကို မိုင်းနောင်မြို့မှ သွယ်တန်းမည့် အစီအစဉ်ရှိသည်ဟုသိရှိရပါတယ်။ မိုင်းနောင်မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးနှင့် လျှပ်စစ်ဓာတ်အားပေးရေးတို့မှ လာရောက်တိုင်းတာတွက်ချက်မှုအရ ကုန်ကျစရိတ်အားလုံးသိန်းပေါင်း ၃၆၀၀ ကျသင့်မည်ဖြစ်ပါတယ်။ အစိုးရမှကုန်ကျငွေတစ်ဝက် ပြည်သူလူထုမှ တစ်ဝက်ကျခံမည့်အစီအစဉ်ရှိသဖြင့် ပြည်သူလူထုမှ ကျပ်သိန်းပေါင်း ၁၈၀၀ ကျခံရမည့်သဘောဖြစ်ပါတယ်။ သို့သော်လည်း ၁၅-၈-၂၀၁၁ ရက်နေ့ လူထုနှင့်တွေ့ဆုံပွဲတွင် ပြည်သူလူထုက ကျပ်သိန်း ၈၀၀ ခန့်လောက်သာ ထည့်ဝင်နိုင်မည်ဖြစ်ကြောင်းပြောကြားကြပါတယ်။ ကျေးလက်ဒေသခံ ဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို ဖော်ဆောင်ရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးမှာ အလွန်အရေးကြီးသလို လိုအပ်ချက်အရာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသော ယခုလိုအချိန်အခါတွင် ကျေးရွာပြည်သူလူထုများမှာ ကျိုင်းတောင်းမဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိလိမ့်မည်ဟုမျှော်လင့်ယုံကြည်လျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးလိုသည်မှာ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့နယ်ခွဲရှိ မိုင်းနန်းစံပြကျေးရွာ၌ လျှပ်စစ်မီးသွယ်တန်းရရှိနိုင်မှုအခြေအနေကို မည်သို့ရှိသည်ကိုသိရှိလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဘထီး၊ ရမ်းဗြဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘထီး(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘထီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းဟာ ရခိုင်ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်မှထွက်

ရှိတဲ့သဘာဝဓာတ်ငွေ့များဖြင့် ကျောက်ဖြူ ရမ်းဗြဲမြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်အစီအစဉ်ရှိ၊ မရှိဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ၂၇-၉-၂၀၁၁ ခုနှစ်နေ့တွင် ပြုလုပ်သော ကျောက်ဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်က မေးမြန်းထားပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားထားပြီးဖြစ်သည့်အတွက် ဤမေးခွန်းနှင့် သဘောတူညီနေပါ၍ ကျွန်တော့်မေးခွန်းအား မေးမြန်းခြင်းမပြုတော့ပါဘဲနဲ့ ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ လေးစားပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီးဒွေ့ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးယော်ဒီးဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပူတာအိုမြို့နယ် လျှပ်စစ်မီးရရှိ ရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ရပ်ကိုမေးမြန်းသွားပါမယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အစိုးရ အနေနဲ့ နေ့မအား၊ ညမနား အစွမ်းကုန်ကြိုးပမ်းအကောင် အထည်ဖော်လျက်ရှိပါသဖြင့်များစွာ ဝမ်းသာအားရလျက်ရှိပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာဖို့ရာ တောင်ပေါ် မြေပြန့်တစ်ပြေးညီ တိုးတက်စေရန်လိုအပ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်လိုအပ် သလိုလျှပ်စစ်စွမ်းအင် လုံလောက်စွာရရှိရေးမှာလည်း အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ လျှပ်စစ် စွမ်းအင်လုံလောက်စွာရရှိမှသာ ခေတ်နဲ့အညီပညာရေး၊ ကျန်းမာရေး၊ စီပွားရေးနဲ့ စက်မှုကုန်ထုတ် လုပ်မှုများတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မား လာနိုင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ပူတာအိုခရိုင်သည် ရေအားလျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်သည့် သဘာဝမြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပါတယ်။ ဤကဲ့သို့ ခြေခံကောင်းများရှိသော်လည်း ယနေ့ထက်ထိ လျှပ်စစ်မီး လုံလောက်စွာရရှိမှုမရှိပါ။ ၁၉၈၇ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည့် နမ္မတူချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် သက်တမ်းအားဖြင့် ၂၄ နှစ်ခန့်ရှိပြီး စက်ရုံအမျိုးအစား မှာလည်း ဂတ်ပလာ ရေအားတာပိုင်စနစ်ဖြင့် တည်ဆောက်ထား၍ရရှိသည့်ဓာတ်အားမှာ ၂၀၀ KV ၊ အနည်းဆုံး ၁၄၀ KV သာထွက်ရှိပါတယ်။ ရှေးကျသည့်စနစ်ဖြင့် တည်ဆောက်ထားတဲ့စက်ရုံဖြစ်ပါ သောကြောင့် မကြာခဏပျက်လေ့ရှိပါတယ်။ စက်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိလာပါက အစားထိုးပစ္စည်း ရရှိရန်အင်မတန်ခက်ခဲမှုရှိပါတယ်။ ယခုဓာတ်အားပေးနေမှု အခြေအနေမှာ အခြေချစစ်ဗျူဟာ

အမှတ် ၄၆ တပ်ရင်း၊ GE တပ်နဲ့ ဌာနဆိုင်ရာရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ လေဆိပ်ဆောက်အအုံများ တို့ကိုသာပေးလျက်ရှိပြီး ပြည်သူများအနေဖြင့် လျှပ်စစ်မီးလုံးဝမရရှိပါ။ ပူတာအိုမြို့သည် ခရိုင်မြို့ဖြစ်ပြီးမြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ ခုနဲ့ဖွဲ့စည်း တည်ဆောက်ထားတဲ့မြို့ဖြစ်ပါတယ်။ မြို့ပေါ်တွင် အထက်တန်းကျောင်းနှစ်ကျောင်း၊ နည်းပညာအထက်တန်းကျောင်းတစ်ကျောင်း၊ နတလ အစီအစဉ်ဖြင့် ဖွင့်လှစ်ထားတဲ့ အထက်တန်းကျောင်းတစ်ကျောင်းနှင့် အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းကျောင်း ၁၀ ကျောင်းရှိပါတယ်။ ပညာသင်ယူလျက်ရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများသည် အချိန်နှင့်တစ်ပြေးညီ ကျောင်းစာများရေးရန် ဖတ်ရန်လိုအပ်ပါတယ်။ မိဘပြည်သူများအနေနဲ့အားလပ်တဲ့အချိန်မှာ နိုင်ငံတော်အစိုးရရဲ့ တိုင်းပြည်တိုးတက်ရေး ဆောင်ရွက်နေမှုသတင်းများ၊ ခေတ်နဲ့အညီ ပြောင်းလဲနေတဲ့အခြေအနေများ၊ နိုင်ငံတကာသတင်းများ ကြည့်ရှုနိုင်ရန် လျှပ်စစ်မီးရရှိရန်အင်မတန်လိုအပ်ပါတယ်။ လျှပ်စစ်မီးမရရှိပါက ပညာရေးအတွေးအခေါ် အမြော်အမြင်ဗဟုသုတနှင့်လူမှုဖွံ့ဖြိုးမှုများစွာ နိမ့်ကျလျက်ရှိနေကြအုံးမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပူတာအိုမြို့ လျှပ်စစ်မီးလုံလောက်စွာရရှိနိုင်ရန် နိုင်ငံတော်အစိုးရမှ အသေးစားရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလိုပါတယ်။ အကယ်၍ တည်ဆောက်ပေးမည်ဆိုပါက လက်ရှိစက်ရုံ၏အထက် တစ်မိုင်ခန့်တွင် ယခင်တိုင်းထွာထားသည့် နေရာကောင်းတစ်နေရာရှိပါတယ်။ အဲဒီနေရာမှာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ဆောင်ရွက်ပေးနိုင်ပါက လျှပ်စစ်ဓာတ်အားသာမက ပူတာအိုလွင်ပြင်တစ်ခုလုံး စိုက်ပျိုးရေရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ အသေးစားစက်ရုံ တည်ဆောက်ပေးမည်ဆိုပါက ကုန်ကျစရိတ်သက်သာမည်ဖြစ်သည့်အပြင် လုပ်ငန်းပြီးစီးမှု မြန်ဆန်နိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ထို့ကြောင့် ပူတာအိုမြို့ လျှပ်စစ်မီးရရှိရေး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ မဆောင်ရွက်ပေးနိုင်ပါက မည်သည့်အကြောင်းကြောင့် မဆောင်ရွက်ပေးနိုင်ကြောင်း မေးမြန်းလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော် ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူများမှ အကူအညီတောင်းခံလာတဲ့ လျှပ်စစ်မီးနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါရပ်ကွက်သုံးခု

ယနေ့တိုင် လျှပ်စစ်မီးမရရှိသေးပါ။ (၁) အမှတ် ၄ ရပ်ကွက်၊ ၁၉၉၅ ခုနှစ်မှာ ရပ်ကွက်အဖြစ်စတင် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီးတော့ အိမ်ခြေ ၁၆၅ လုံး ၊လူဦးရေ ၁၂၀၀ ခန့်နေထိုင်ပါတယ်။ (၂) အမှတ် ၁၅ ရပ်ကွက်၊ ၂၀၀၈ ခုနှစ်မှာ အင်းစိန်မြို့နယ်၊ သံမဏိစက်ရုံဝန်းကနေ ပြောင်းရွှေ့လာရခြင်းဖြစ်ပြီး အိမ်ခြေပေါင်း ၄၂၄ လုံး၊ လူဦးရေ ၅၂၀၀ ခန့်နေထိုင်ပါတယ်။ (၃) အမှတ် ၂၀ ရပ်ကွက်၊ ၁၉၉၅ ခုနှစ် မှာရပ်ကွက်သစ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အိမ်ခြေ ၁၁၃၈ လုံး လူဦးရေ ၅၂၀၀ ခန့်နေထိုင်ပါတယ်။ အထက်ပါ ရပ်ကွက်သုံးခု လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ပါရန်နှင့် မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်ပါမည်ကို ပြန်ကြားပေးဖို့တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီး ဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ မေးမြန်းထားတဲ့ မေးခွန်းကိုစတင်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေနဲ့ ထုတ်လုပ်ထားတဲ့ လျှပ်စစ်ဓာတ်အားအပေါ်မူတည်ပြီးတော့ ဒေသအလိုက် လျှပ်စစ်ဓာတ်အားကို တိုးချဲ့ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာရှိတဲ့ ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ စတင်လည်ပတ် ထုတ်လုပ်ပေးတဲ့အချိန်ကစပြီးတော့ ဒေသဖွံ့ဖြိုးရေးအသုံးပြု နိုင်ရန်အတွက် ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ပို့လွှတ်နိုင်ရေး ရွှေလီ-မံဆန်-ရွှေစာရံ ၂၃၀ KV မဟာ ဓာတ်အားလိုင်း ၁၈၀ မိုင်၊ မံဆန်-ရွှေစာရံပင်မဓာတ်အားခွဲရုံတို့ကို ၂၀၀၈ ခုနှစ်မှာတည်ဆောက်ပြီး ဓာတ်အားပို့လွှတ်ခဲ့ပါတယ်။ မံဆန်ပင်မဓာတ်အားခွဲရုံကို ဓာတ်အားပို့လွှတ်ပြီးတဲ့နောက်မှာ မံဆန်-လားရှိုး၊ မံဆန်-သီပေါဓာတ်အားလိုင်းများနဲ့ လားရှိုးမြို့နယ်နဲ့ သီပေါမြို့ပတ်ဝန်းကျင်ကို နိုင်ငံတော် ဓာတ်အားစနစ်မှ စတင်ဆောင်ရွက်ဖြန့်ဖြူးပေးပြီးလည်းဖြစ်ပါတယ်။ ယခုအခါ လားရှိုး-မိုင်းရယ်-တန့်ယန်း ၆၆ KV ဓာတ်အားလိုင်း ၇၉ မိုင်ကိုဆောက်လုပ်လျက်ရှိပါတယ်။ သို့သော် နယ်မြေဒေသ လုံခြုံရေးအပေါ် မူတည်ဆောင်ရွက်ရသဖြင့် စွမ်းအားရှိသလောက် အလျင်အမြန်ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိပါတယ်။ ယခု ရပ်ဆိုင်းနေသည်မှာလည်း မိမိတို့သဘောဖြင့် ရပ်ဆိုင်းထား ခြင်းမဟုတ်ဘဲ နယ်မြေလုံခြုံရေးအခြေအနေအရသာ ခေတ္တရပ်ဆိုင်းနေခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာန

အနေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရန်ပုံငွေသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်တဲ့နည်းတူ စီမံကိန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက် နေပြီဖြစ်ပါတယ်။ မိမိတို့ နယ်မြေဒေသဖွံ့ဖြိုးဖို့အတွက် ဒေသရှိပြည်သူများအပါအဝင် တိုင်းရင်းသား ပြည်သူအားလုံးမှလည်း လိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးပါက နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဖြစ်လာနိုင်မှာဖြစ်ကြောင်း ပထမဦးစွာဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုမေးတဲ့ မေးခွန်းကိုဖြေကြားမှာဖြစ်ပါတယ်။ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေ နဲ့လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်မှုပေါ်မူတည်ပြီးတော့ ဒေသအလိုက် လျှပ်စစ်ဓာတ်အားများတိုးချဲ့ ဖြန့်ဖြူးဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာဆိုရင်လည်း ဒေသအတွင်းမှာ တပ်ဆင်မဂ္ဂါဝပ် ၅၄ ရှိတဲ့ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို အခက်အခဲများစွာကို ကျော်လွှား ပြီးတော့ ၂၀၀၈ ခုနှစ်မှာ တည်ဆောက်ပေးပြီးဖြစ်ပါတယ်။ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားကို ကျိုင်းတောင်း-နမ့်ဆန် ဓာတ်အားလိုင်း ၇၃.၈ မိုင်နဲ့ နမ့်ဆန်မှာ ဓာတ်အားခွဲရုံ ကြီးတွေတည်ဆောက်ပေးပြီးဖြစ်ပါတယ်။ ဓာတ်အားလိုင်းများကို ၂၀၀၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ လည်းကောင်း၊ ဓာတ်အားခွဲရုံကို ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာလည်းကောင်း ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားများ ပံပိုးလျက်ရှိပါတယ်။ ကျိုင်းတောင်းရေအားလျှပ်စစ်မှ ထုတ်လုပ်တဲ့ဓာတ်အား ကိုနမ့်ဆန်ကနေပြီးတစ်ဆင့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်း များ၊ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ရေး ဆောင်ရွက်အကောင်အထည်ဖော်ခဲ့ပါတယ်။ နမ့်ဆန် ဓာတ်အားခွဲရုံကို ဗဟိုပြုပြီးတော့ နမ့်ဆန်-ကလော၊ နမ့်ဆန်-မိုးနဲ-လင်းခေဓာတ်အားလိုင်းနဲ့ ဓာတ်အား ခွဲရုံများကို ၂၀၀၈ ခုနှစ်တွင်တည်ဆောက်ပေးခဲ့ပါတယ်။ ဒါ့အပြင် နမ့်ဆန်၊ ခိုလန် ဓါတ်အားလိုင်းနဲ့ ခိုလန်မှာဓါတ်အားခွဲရုံကို ၂၀၁၀ မှာ တည်ဆောက်ပြီးဖြစ်ပါတယ်။ ဓာတ်အားရောက်ရှိပြီးဖြစ်တဲ့ ခိုလန် ၆၆ ဓာတ်အားလိုင်းမှတစ်ဆင့် ခိုလန်၊ ကွန်ဟိန်း ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၃ မိုင်တည်ဆောက်ပြီး ကွန်ဟိန်းမှာ ၆၆/၁၁/၅ MPA ရဲ့ ဓာတ်အားခွဲကိုတည်ဆောက်ပြီး ကွန်ဟိန်းမြို့နယ်အား မဟာဓာတ် အားလိုင်းမှ ဓာတ်အားစနစ်မှ ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်းဆက်လက်ပြီး တင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကျေးသီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွမ်ဆိုင်မိုင်းရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းဒေသ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ပတ်သက်ပြီး ဒေါ်နန်းဝါနုရဲ့ မေးခွန်းနဲ့ တစ်ဆက်တည်းဖြစ်ပါတယ်။ နမ့်ဆန်မှာရောက်ရှိနေတဲ့ဓာတ်အားကို ကျွန်တော့်တို့အနေနဲ့ ဆက်လက်

ပြီးတော့နမ့်ဆန်- ခိုလန်-ဝမ်ဆေး- မိုင်းတောင် ၄၂ မိုင်၊ ခိုလန်- ဝမ်ဆေး ၂၀ မိုင်အပိုင်းမှာ ဝမ်ဆေးမှာ ကျွန်တော်တို့ ဓာတ်အားခွဲရုံတည်ဆောက်ပြီးတော့ ဝမ်ဆေးမြို့ကို ဓာတ်အားပေးပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ မိုင်းတောင် ၆၆ ကေဗွီဓာတ်အားလိုင်း ၂၂ မိုင်တည်ဆောက်လျက်ရှိပါတယ်။ ဓာတ်အားလိုင်း တည်ဆောက်တာမှာပြီးရန် ၅ မိုင်ကျန်ပါတယ်။ အဲဒီ ၅ မိုင်ကလည်း ကျွန်တော်တို့ လုံခြုံရေးအခြေအနေအရ ဆက်လက်မဆောင်ရွက်နိုင်ဘဲနဲ့ ရပ်တန့်နေတာဖြစ်ပါတယ်။ ဒီဟာ မကြာမီကာလအတွင်းမှာ အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ မိုင်းတောင်မှာ ကျွန်တော်တို့ ဓာတ်အားခွဲရုံ တည်ဆောက်ပြီးလို့ရှိရင် မိုင်းတောင်နဲ့ပတ်ဝန်းကျင်ကို လည်းဓာတ်အားတွေပေးသွားနိုင်မှာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ဓာတ်အားဖြန့်ဖြူးပေးရာမှာ အဓိကဓာတ်အားဖြန့်ဖြူးပေးရေးလိုင်းများကိုသာ ဦးစားပေးတည်ဆောက်ပြီးတော့ ဓာတ်အားစနစ်မှ ဓာတ်အားရယူသုံးစွဲလိုသောဒေသများ၊ ကျေးရွာများ၊ ပုဂ္ဂလိကများအနေနဲ့ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လိုပါက ဝန်ကြီးဌာနအနေနဲ့ သတ်မှတ်ထားသောစည်းကမ်းချက်များနဲ့ အညီခွင့်ပြုပေးလျက်ရှိပါတယ်။ ယခုမီးလင်းရေးကော်မတီမှတင်ပြချက်မှာ သက်ဆိုင်ရာ ဒေသအာဏာပိုင်များရဲ့ ဆောင်ရွက်မှုသာဖြစ်ပါတယ်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ တင်ပြလာပါက ခွင့်ပြုပေးမှာဖြစ်ပြီး နည်းပညာပိုင်းဆိုင်ရာလည်းကူညီပေးသွားမှာဖြစ်ပါတယ်။ မိုင်းတောင်၊ ကျေးသီးဓာတ်အားလိုင်း ဆက်သွယ်ပေးပါကမိုင်းနန်းကျေးရွာသည်လည်း ဓာတ်အားရရှိတဲ့နယ်မြေထဲမှာ ပါဝင်သွားမှာဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ပူတာအိုမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ရဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လက်ရှိပူတာအိုမြို့မှာ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကနေပြီးတော့ နမ့်ထွမ်ချောင်းရေအားလျှပ်စစ်စက်ရုံကို (၁၀၀)ကီလိုဝပ် စက်နှစ်လုံး၊ ဘူးခါးကုမ္ပဏီပိုင် ၇၅ ကီလိုဝပ် စက်နှစ်လုံး၊ ဌာနပိုင် ၆၅ ကေဗွီအေမီးစက်များဖြင့် ဓာတ်အားပေးထားပါတယ်။ ပူတာအိုမှာ ရပ်ကွက် ၁၀ ခုရှိတဲ့အနက် ရပ်ကွက်ပေါင်းရှစ်ရပ်ကွက်ဟာ လက်ရှိဓာတ်အားလိုင်းများ တည်ဆောက်ထားရှိမှုနဲ့ ဓာတ်အားထုတ်လုပ်မှုအပေါ် မူတည်ပြီး အချိန်ပိုင်းအလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နမ့်ထွမ်ချောင်း ရေအားလျှပ်စစ်စက်ရုံမှ ၁၀၀ ကီလိုဝပ်စက်နှစ်လုံး တပ်ဆင်အား ၂၀၀ ကီလိုဝပ်တပ်ဆင်ပြီး နံနက် ၆ နာရီမှ ၁၁ နာရီတစ်ကြိမ်၊ ည ၅ နာရီမှ ၁၁ နာရီတစ်ကြိမ် တစ်ရက် ၁၁ နာရီဓာတ်အားထုတ်လုပ်ပေးပြီးတော့ မီးသုံးစွဲသူ ၈၅၃ ဦးကို ဓာတ်အားပေးထားပါတယ်။ ဓာတ်သုံးစွဲမှုများတဲ့ညနေ ၆ နာရီမှ ၁၀ နာရီအထိ ၄ နာရီ ရေအားလျှပ်စစ်အကူနဲ့ ၆၅ ကေဗွီအေ ဒီဇယ်စက်နဲ့ပေါင်းပြီး ပူတာအိုမြို့ကို ဓာတ်အားပေးထားပါတယ်။ ဘူးခါးကုမ္ပဏီရဲ့ ၇၅ ကီလိုဝပ် ရေအားလျှပ်စစ် (၂)လုံးဖြင့်

ဒုတ္တန်ရပ်ကွက်မှ မီးသုံးစွဲသူ ၁၃၅ ဦးကိုလည်း ဓာတ်အားပေးထားတာတွေ့ရပါတယ်။ ပူတာအိုမြို့ပေါ် မှာရှိတဲ့ရပ်ကွက်မှာ လျှပ်စစ်ဓာတ်အားကောင်းစွာ အသုံးပြုနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်အတွင်း System Improvement လုပ်ငန်းများအနေနဲ့ ဗို့အားကျဆင်းနေတဲ့ ပန်းလိုင်နဲ့ဟိုခို ရပ်ကွက်မှာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနဲ့ ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ လုံးစွတ် ရပ်ကွက်၊ လေယာဉ်ကွင်းရပ်ကွက်မှာ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနဲ့ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနဲ့ ၃၀၀ ကေဗွီအေ မီးစက်အသစ်တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကိုလာ မည့်ဘတ်ဂျက်မှာ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဘူးခါးကုမ္ပဏီရဲ့ ရေအားလျှပ်စစ် ၇၅ ကီလိုဝပ်ဟာလည်း ပိုလျှံတဲ့ဓာတ်အားကို လေယာဉ်ကွင်းရပ်ကွက်နဲ့ လုံးစွတ် ရပ်ကွက်များကို ပေးနိုင်အောင်လည်း ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

လက်ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေတဲ့ နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံအထက် တစ်မိုင် အကွာမှာ ပူတာအိုမြို့မှ ၁၀ မိုင်ခန့်အကွာမှာ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလအတွင်း လယ်ယာ စိုက်ပျိုးရေးနဲ့ဆည်မြောင်းဝန်ကြီးဌာနက ရေလျှောင်တမံနဲ့ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောတိုင်းတာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ မြေပြင် စူးစမ်းလေ့လာမှုများ ဆောင်ရွက်ပြီးဖြစ်သော်လည်း ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုနဲ့ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာမှု တို့ကိုဆောင်ရွက်ဆဲဖြစ်ကြောင်း သိရှိရပါတယ်။ စူးစမ်းလေ့မှုများရရှိတဲ့ အချက်အလက်များကို အခြေခံ၍ ဖြစ်မြောက်နိုင်စွမ်းရှိပါက နိုင်ငံတော်သို့ ရန်ပုံငွေတင်ပြတောင်းခံသွားပြီး ဦးစားပေး အလိုက်လုပ်ငန်းများ ဆောင်ရွက်သွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ ရေလှောင်တမံနဲ့ အသေးစား ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်လာပါက ပူတာအိုမြို့တွင် လျှပ်စစ် ဓာတ်အားပိုမိုဖြန့်ဖြူးပေးလာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ရရှိသည့်ဘဏ္ဍာငွေ ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ဆောင်ရွက်သင့်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ပြောကြားရင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါ တယ်။ ရွှေပြည်သာမြို့မှာ ရပ်ကွက် ၄ ရပ်ကွက်ဟာ ဧရိယာအကျယ်အဝန်း ၁၀၁၁.၃၃ ဧကရှိပြီးတော့ ၁၉၉၅ ခုနှစ်မှာ ရပ်ကွက်အဖြစ် ဖွဲ့စည်းခဲ့ကြောင်းသိရှိရပါတယ်။ လက်ရှိတွင် အိမ်ခြေ ၁၆၀ ခန့်နှင့် လူဦးရေ ၁၁၀၀ ကျော်ခန့်ရှိပြီးတော့ လူနေထိုင်ခြင်းမရှိတဲ့ မြေကွက်လွတ် ၂၀၀၀ ခန့်ရှိကြောင်းသိရပါ တယ်။ ရပ်ကွက်လူနေထိုင်မှုမှာ သိပ်သည်းမှုမရှိဘဲ ကျိုးတို့ကျဲတဲနေထိုင်တဲ့အတွက် တစ်ရပ်ကွက်လုံး

ကို ၄၀၀ ဗို့လိုင်းဓာတ်အားလိုင်းများ ဆွဲထားရန်ခက်ခဲပါတယ်။ သို့သော် အဆိုပါအမှတ် (၄) ရပ်ကွက်အတွင်း လူနေအနည်းငယ် သိပ်သည်းမှုရှိသောနေရာအား အမှတ်(၃)ရပ်ကွက် နွယ်သာကီလမ်းနှင့် အာဇာနည်ပတ်လမ်းထောင့်ကနေပြီး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့ ၃၀၀ ကေဗွီအေ ထရန်စဖော်မာမှ ဓာတ်အားဖြန့်ဖြူးထားတဲ့ ၄၀၀ ဗို့လိုင်းမှတစ်ဆင့် ဓာတ်အားသတ်မှတ်ပြီး ဓာတ်အားများကို အိမ်ခြေများကို ဓာတ်အားပေးထားပါတယ်။ အမှတ်(၄)ရပ်ကွက်အတွင်း လူနေသိပ်သည်းမှုမရှိဘဲ ပြန့်ကျဲစွာနေထိုင်နေတဲ့အတွက် ကျယ်ပြန့်စွာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကုန်ကျစရိတ်အလွန်များမှာဖြစ်တဲ့အတွက် လောလောဆယ်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လာမည့်နှစ်မှာ ဘဏ္ဍာရေးနှစ်မှာ စီစဉ်လျာထားပြီးဖြစ်ပါတယ်။ တိုးချဲ့အမှတ် (၁၅) ရပ်ကွက်ဟာ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ အင်းစိန်မြို့နယ်၊ သံမဏိစက်ရုံဝင်းမှ ပြောင်းရွှေ့နေရာချထားပေးတဲ့ အိမ်ခြေ ၁၂၄ လုံးနဲ့လူဦးရေ ၅၂၀၀ နေထိုင်လျက်ရှိတယ်။ ရပ်ကွက်အတွက် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထား တောင်းခံသွားပေးမှာဖြစ်ပါတယ်။ အမှတ် (၂၀) ရပ်ကွက်ကိုတော့ ၁၉၉၅ ခုနှစ်က ရပ်ကွက်ဖွဲ့စည်း၍ အိမ်ခြေ ၁၁၃၈ အိမ်၊ အိမ်ထောင်စုဦးရေ ၁၃၂၈ ဦး၊ လူဦးရေ ၅၁၄၇ ခန့် နေထိုင်လျက်ရှိကြောင်း သိရပါတယ်။ ယင်းတို့အနက် အလွယ်တကူ လျှပ်စစ်ဓာတ်အားပေးနိုင်တဲ့ အိမ်ထောင်စုဦးရေ ၁၂၆ စု ကိုတော့ အမှတ်(၁၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းနဲ့ ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီပိုင် ၅၀၀ ကေဗွီအေ ထရန် စဖော်မာရဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်းများမှတစ်ဆင့် အိမ်သုံးမီတာများချထားပေးပြီး ဓာတ်အားဖြန့်ဖြူး ပေးလျက်ရှိပါတယ်။ ကျန်အိမ်ထောင်စုများ ဓာတ်အားရရှိရေးအတွက်ကိုတော့ လိုအပ်တဲ့ထရန်စဖော်မာ ဓာတ်အားလိုင်းနဲ့ ဆက်စပ်ပစ္စည်းများကို ရပ်ကွက်နေပြည်သူများမှ ကိုယ့်အားကိုယ်ကိုး ပူးပေါင်းကျခံသွားရန် ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ဌာနမှ နည်းပညာအကူအညီပေးခြင်းနဲ့ ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်းပြောကြားရင်းနဲ့ ကျွန်တော့်ရဲ့ ဖြေကြားချက်များကို နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။ မိုက်တွေကောင်းအောင်နာရီဝက်အတွင်းမှာ ပြင်လိုက်စမ်းပါနော်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် မေးမြန်းဖို့ ဖြစ်ပါတယ်။ အသံသိပ်မကောင်းတဲ့အတွက် နည်းနည်းလေး မိုက်နဲ့ကပ်ပြီးတော့ပြောပေးပါ။

**ဦးသာစိန်(ကျောက်တော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များကို လေးစားဂါရဝပြုရင်း မင်္ဂလာပါဟု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကပ္ပတိန်သာစိန်(ခ)ဦးသာစိန် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ဓညဝတီခေတ် နန်းမြို့ရိုးတူးဖော်မှုနဲ့ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း မမေးခင် မေးခွန်းနဲ့ပတ်သက်တဲ့ ရခိုင်တိုင်းရင်းသားများရဲ့ သမိုင်းအကျဉ်းချုပ်နဲ့ ဓညဝတီခေတ်အကြောင်းကို အနည်းငယ်အကျဉ်းချုပ်၍ တင်ပြခွင့်ပြုစေလိုပါတယ်။ ဒါမှလည်း မေးခွန်းရဲ့မေးရတဲ့ အကြောင်းရင်း အနက်အဓိပ္ပါယ် ပြည့်စုံမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀၀ ကျော်လောက်က အိန္ဒိယနိုင်ငံမှာ မွန်ဂိုနဲ့အာရီယံမျိုးနွယ်တို့ဟာ အားပြိုင်နေရာယူပြီးတော့ ယဉ်ကျေးမှုထွန်းကားနေခဲ့ပါတယ်။ အဲဒီအချိန် ရခိုင်ပြည်မှာ မူရင်းတိုင်းရင်းသားများရှိနေသော်လည်း ယဉ်ကျေးမှုမထွန်းကားသေးဘဲ ခေတ်အဆင့်ဆင့်လောက်သာ ရှိနေပါတယ်။ ကျောက်ခေတ်အဆင့်သာသာရှိနေပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ လောက်က အိန္ဒိယမှ အာရီယံအနွယ်ဝင် အဖ္ဖုနဘုရင်ဟာ သားတော်ဓမ္မသေနကို နန်းအပ်ပြီးတော့ တရားအားထုတ်ဖို့ တောထဲကို နန်းစွန့်ပြီးတော့ ထွက်လာခဲ့ပါတယ်။ အဲဒီအခါမှာ ယခု ကစ္စပနဒီမြစ် (ခ) ရခိုင်အခေါ် ကုလားတန်မြစ်ဖျား ပလက်ဝမြို့နားမှာရောက်လာပြီး အရိပ်ကောင်းတဲ့ ညောင်ပင်အောက်မှာတရားထိုင်ပါတယ်။ ဘာလို့ဆိုတော့ အဲဒီနားမှာ သက်လူမျိုးလို့ခေါ်တဲ့ ရခိုင်အုပ်စုတစ်စုရှိနေလို့ပါပဲ။ အဲဒီမှာ အစာရေစာလည်းရမယ်။ ရေလည်းရမယ်။ အရိပ်အာဝါသလည်းရမှာ ဖြစ်လို့ဖြစ်ပါတယ်။ အဲဒီမှာ သက်လူမျိုးခေါင်းဆောင်ရဲ့သမီး ဣန္ဒမာယုမင်းသမီးဟာ လူလတ်ပိုင်းအရွယ်ရှိ ရသေ့ကြီးကို အစာရေစာထောက်ပံ့ရင်းနဲ့ ရသေ့ကြီးနဲ့မေတ္တာမျှသွားကြပါတယ်။ ရသေ့ကြီးလည်းလူဝတ်လဲပြီး လယ်သမားအဖြစ်လုပ်ကိုင်စားသောက်ရင်း သားငယ်တစ်ယောက်ထွန်းကားခဲ့ပါတယ်။ သူ့ကိုတော့ မာလာယုမင်းသားလို့ခေါ်ကြပါတယ်။ မာလာယုမင်းသားဟာ သန်မာထွားကြိုင်းပြီးအဖေဘုရင်ဟောင်းသင်ပေးတဲ့လေးအတတ်၊ မြှားအတတ်၊ အဋ္ဌာရသပညာကို သင်ကြားရင်းနဲ့ကြီးပြင်းလာခဲ့ပါတယ်။ အဲဒီအချိန်

မှာလူအများကို သတ်စားတဲ့ ဘီလူးအုပ်စုတစ်စုဟာ ပြဟ္မဒီယာမြို့ကိုအုပ်ချုပ်တဲ့ ဘုရင်ကိုသတ်စား လိုက်ကြပါတယ်။ ရွာသားတွေက ကြောက်လန့်ပြီးတော့ မာလာယုမင်းသားကို အကူအညီတောင်းကြ ပါတယ်။ မာလာယုမင်းသားဟာ တောထဲကို ထွက်သွားပြီးတော့ ဘီလူးကိုလိုက်ရှာပါတယ်။ တောထဲ ကထွက်လာတဲ့ ငစ္ဆဒါန်ဘီလူးကြီးက လူသားစားရပြီဆိုပြီးတော့ မာလာယုမင်းသားကို သစ်ကိုင်းနဲ့ ရိုက်သတ်မယ့်အလုပ်မှာ မာလာယုမင်းသားက လေးနဲ့ပစ်ပြီးတော့ ဘီးလူးရန်ကိုနှိမ်နှင်းလိုက်ပါတယ်။ ဘီလူးကျဆုံးပြီးနောက် နေရာသစ်ရှာပြီးတော့ ပထမ ဓညဝတီခေတ်မင်းဆက်ကို စတင်ပြီးတော့ အုပ်ချုပ်ပါတယ်။ အဲဒီအချိန်ကစပြီးတော့ ရခိုင်အုပ်ချုပ်မှုယဥ်ကျေးမှုဟာ ရင့်ကျက်လာခဲ့ပါတယ်။ ဒါကြောင့် ရခိုင်အစ မာလာယုမင်းကလို့ဆိုကြပါတယ်။ ရခိုင်ကို ARAKASH လို့ခေါ်ကြပါတယ်။ အာရိယံအမျိုးအနွယ်ဖြစ်ပါတယ်။ ဗြိတိသျှတို့က ARAKASH ကို ARAKAN လို့ရေးကြပါတယ်။ တဖန် ARAKASH ကနေပြီးတော့ RAKASH ရခိုင်ဆိုပြီးတော့ ဖြစ်လာတယ်လို့ယူဆပါတယ်။ ဓညဝတီဆိုတဲ့ စကားအဓိပ္ပါယ်ကလည်း ဆန်ရေစပါး ပေါများခြင်း၊ သီးနှံပေါများခြင်း၊ ပြည့်စုံခြင်းလို့အဓိပ္ပါယ်ရပါ တယ်။ အဲဒီကအစ ပထမ ဓညဝတီခေတ်မင်းဆက်ဟာ မင်းဆက်ပေါင်း ၅၇ ဆက်၊ နှစ်ပေါင်း ၁၈၁၈နှစ် ထိကြာခဲ့ပါတယ်။ ဒါဟာ ပထမအကြိမ်၊ ဓညဝတီခေတ်အကြောင်းပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယခေတ်မင်း၌ ဒုတိယ ဓညဝတီခေတ် မင်းငယ်ပျော်လှစည်သူဟာ အမတ်တွေပုန်ကန်လို့ ကွယ်လွန်သွားပါတယ်။ အမတ် တွေကလည်း အဆင့်ဆင့်ပုန်ကန်ရင်း သေဆုံးသွားပါတယ်။ ကျန်ရစ်တဲ့ မိဖုရားစောစစ်ဟာ သမီး နှစ်ယောက်နဲ့အတူ ကန်သုံးဆင့်မြို့လို့ခေါ်တဲ့ တနေ့က ပလက်ဝမြို့နယ်ကိုယ်စားလှယ် ဦးပိုက်လင်း ၂၆ ရက်နေ့က တင်ပြခဲ့တဲ့ နီလာပန်းတောင်း ကျောက်ပန်းတောင်းမြို့မှာနေခဲ့ပါတယ်။ နောက်တော့ တကောင်းကလာတဲ့ စစ်ရှုံးပြီးတော့ထွက်လာတဲ့ ကံရာဇာကြီးမင်းသားကို နန်းအပ်ပြီးတော့ ဒုတိယ ဓညဝတီခေတ်ကို တည်ထောင်ခဲ့ကြပါတယ်။ ကံရာဇာကြီးမင်းကစ စန္ဒသူရိယမင်း၏ ခမည်းတော် သီရိရာဇာမင်းအထိ မင်းဆက်ပေါင်း ၂၈ ဆက်၊ နှစ်ပေါင်း ၉၂၉ ခုနှစ်ထိ ကြာခဲ့ပါတယ်။ ဒါဟာ ဒုတိယ ဓညဝတီခေတ်အကြောင်းပါ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယဓညဝတီခေတ်ကိုတော့ သီရိရာဇာမင်း၏သားတော် စန္ဒသူရိယမင်း တည်ထောင်ခဲ့ပါတယ်။ စန္ဒသူရိယ ဆိုတာက လနဲ့နေလို့ အဓိပ္ပါယ်ရပါတယ်။ စန္ဒသူရိယမင်းဟာ အခု ဓညဝတီမြို့ပေါ်နေတဲ့ မဟာမြတ်မုနိရှိရာနေရာတစ်ဝိုက် မှာနန်းတော်တည်ခဲ့ပါတယ်။ ထို စန္ဒသူရိယမင်းဖိတ်ကြားချက်အရ သက္ကရာဇ် ၁၂၃ ခု၊ ဘီစီ ၅၅၄ ခုနှစ်မှာ မြတ်စွာဘုရားသက်တော် ၅၅ နှစ်၊ ဝါတော် ၂၀ ရချိန်မှာ မဇ္ဈိမဒေသမှရခိုင်သို့ ကြွလာခဲ့ပါ

တယ်။ ဘုရားရှင်နဲ့ စန္ဒသူရိယမင်းဟာ ဘဝပေါင်းများစွာ တစ်ယောက်ကိုတစ်ယောက် လေးစားမှု လေးစားမိတ်ဆွေဖြစ်ကြောင်း ဖြစ်ခဲ့ကြတာလို့လည်းဆိုပါတယ်။ ရဟန္တာ ၅၀၀ ဖြင့် ကောင်းကင်ပေါ်က ကြွလာပြီး ကျောက်တော်မြို့အရှေ့ဘက် ကစ္စပနဒီမြစ်ကမ်းမှာရှိတဲ့ ကျောက်တော်တောင်မှာ ခဏနား ပြီးတော့ ဓညဝတီမြို့ကိုရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ရခိုင်တိုင်းရင်းသားတို့ရဲ့ ဘာသာရဲ့ယဉ်ကျေး မှုဟာအထွဋ်အထိပ်ကိုရောက်ခဲ့ပါတယ်။ မဟာမြတ်မုနိရုပ်ပွားတော်ကိုလည်း မြတ်စွာဘုရား၏ခွင့်ပြု ချက်ဖြင့်ထုလုပ်ခဲ့ပါတယ်။ အဲဒီနေရာဟာ ယခုလက်ရှိ မဟာမြတ်မုနိဘုရား တည်ရှိရာကုန်းတော်ဖြစ် ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဓညဝတီခေတ်ပြီးတော့ ရခိုင် ယဉ်ကျေးမှုထွန်းကားခဲ့ရာ ကုန်စည်ကူးသန်း အရှေ့တောင်အာရှတွင်ထင်ရှားခဲ့ရာ ဝေသာလီခေတ်ကို ရောက်ပါတယ်။ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးသွန်းလုပ်ပြီးတော့ နိုင်ငံရပ်ခြားများနဲ့ ကုန်သွယ်မှုပြုလုပ်ခဲ့ပါတယ်။ အဲဒီခေတ်မှာ ရခိုင်ပြည်ဟာ အင်္ဂလန်နိုင်ငံမှာ ထင်ရှားတဲ့ ကျူဒါမင်းဆက်၊ အိန္ဒိယမှာထင်ရှားတဲ့ မဂို မင်းဆက်၊ ထိုင်းနိုင်ငံမှာထင်ရှားတဲ့ အာယုဒယမင်းဆက်တို့နဲ့ ခေတ်ပြိုင်လို့ဆိုပါတယ်။ ထို့နောက် လေးမြို့ခေတ်၊ မြောက်ဦးခေတ် အဆက်ဆက်ကို တည်ထောင်ခဲ့ကြပါတယ်။ နောက်ဆုံး မြောက်ဦး ခေတ်ကို အုပ်ချုပ်သူကတော့ မြန်သတိုးအောင် (ခေါ်) မဟာသမ္မတရာဇာမင်း ဖြစ်ပါတယ်။ အဲဒီမင်း လက်ထက် မုန်တိုင်းဒဏ်၊ ငလျင်ဒဏ်ခံပြီးတော့ ရခိုင်တိုင်းရင်းသားတို့ အကြီးအကျယ်အင်အားချိနဲ့ခဲ့ ကြပါတယ်။ ပြည်မအမရပူရစစ်တပ်က လာတိုက်တဲ့အခါမှာ အလွယ်တကူ နိုင်သွားပါတယ်။ မဟာ သမ္မတရာဇာမင်းကို ၁၇၈၅ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ဖမ်းသွားကြပါတယ်။ ရခိုင်မင်းဆက်နိဂုံး ချုပ်သွားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တော့ အင်္ဂလိပ်ခေတ်၊ လွတ်လပ်ရေးခေတ်၊ဖဆပလခေတ်၊ နိုင်ငံရေးခေတ်အဆက်ဆက်ကို ဖြတ်သန်းလာခဲ့တာ အခုအချိန်ထိ ဆိုတာကို ကိုယ်စားလှယ်တော်များအသိဖြစ်ပါတယ်။ အဲဒီလို နှစ်ပေါင်းများစွာက တည်ထောင်ခဲ့တဲ့ ဓညဝတီခေတ်မြို့ဟာ ယခုအချိန်မှာတော့ လက်ရှိဘုရားကုန်းတော်ကနေပြီး ကျန်အဆောက်အဦ တွေဟာမြေကြီးထဲမှာ နစ်မြုပ်ပျောက်ကွယ်နေတာကို ဝမ်းနည်းစွာတွေ့မြင်ခဲ့ရပါတယ်။ ရခိုင် တိုင်းရင်းသားများအတွက်သာမက ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ယဉ်ကျေးမှုတစ်ရပ်အနေနှင့် ရပ်တည်ခဲ့တဲ့ နေရာဟောင်းလည်းဖြစ်ပါတယ်။ အခု မြတ်စွာဘုရားရှင်တည်ရှိရာ ကုန်းတော်၏ တောင်ဘက်မှာ ကိုက် ၃၀၀ ခန့် ရှည်လျားတဲ့ မြို့ရိုးကြီးတစ်ခုပေါ်နေတာကို အခုထိတွေ့မြင်နေရဆဲရှိ ပါတယ်။ မတူးဖော်ဘဲထားရင် တိမ်ကောပျက်စီးသွားနိုင်ပါတယ်။ ဘုရင့်ခေတ်ကို တမ်းတလို့မဟုတ်ဘဲ

ယဉ်ကျေးမှုတစ်ရပ်ကို ထိန်းသိမ်းတဲ့အနေနဲ့ အဲဒီမြို့ရိုးကိုတူးဖော်မယ်ဆိုရင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နဲ့ဆိုင်တဲ့ အဆောက်အဦများ၊ ပစ္စည်းများကို တွေ့မြင်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အဲဒီ ရခိုင်မြို့တော်နဲ့ပတ်သက်လို့ အသေးစိတ်ကိုတော့ ဆရာဦးထွန်းရွှေခိုင်ရေးတဲ့ ရှေးဟောင်းရခိုင် မြို့တော်ကဆိုတဲ့ စာအုပ်မှာ လေ့လာနိုင်ကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့အတွက် ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ နိုင်ငံတော်ယဉ်ကျေးမှုဌာနအနေဖြင့် ဓညဝတီခေတ်၊ နန်းမြို့ရိုးကိုတူးဖော်ပေးရန် အစီအစဉ်ရှိပါသလား။ ယခုအစီအစဉ်မရှိလျှင်လည်း နောင်တွင် ယဉ်ကျေးမှုထိန်းသိမ်းရေးကဏ္ဍတွင် မှတ်တမ်းတင်ထားရှိပါမည်လားဆိုသည့် မေးခွန်းမေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူး တင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ယနေ့ကြွရောက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဲဆန္ဒ နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ယဉ်ကျေးမှုတက္ကသိုလ်နဲ့ဆက်စပ်တဲ့ မေးခွန်းတစ်ခု၊ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲနဲ့ ဆက်စပ်တဲ့ မေးခွန်းတစ်ခု၊ ယဉ်ကျေးမှုကဇာတ်ဌာနခွဲနဲ့ဆက်စပ်တဲ့ မေးခွန်းတစ်ခု ပေါင်းသုံးခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်မှောက်ကာလတွင် တိုးတက်ဖြစ်ပေါ်နေတဲ့ ခေတ်မီသတင်းနဲ့ ဆက်သွယ်ရေးနည်းပညာများကိုအသုံးပြုပြီး တိုင်းတစ်ပါးယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်လျက် ရှိရာတိုင်းတစ်ပါးအတွေးအခေါ်များ၊ တိုင်းတစ်ပါးယဉ်ကျေးမှုများ သိမ်းသွင်းမှုများကို ကျွန်တော်တို့ မျိုးချစ်စိတ်ဓာတ်ဖြင့်လည်းကောင်း၊ ကျွန်တော်တို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ကိုယ်ခံအားဖြင့် လည်းကောင်း ကာကွယ်ကြရမည်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာစုနှစ်ပေါင်းများစွာ ဖြတ်သန်းလာခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ကြည့်လျှင် ခန့်ညားထည်ဝါမှု၊ လှပသိမ်မွေ့မှု၊ နိုင်ငံ့ဂုဏ်ရည်နဲ့ အမျိုးသားရေးစိတ်ဓာတ် ကြီးမားမှု စတဲ့ပုံရိပ်များထင်ဟပ်နေသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာဆန်သော အမျိုးသားရေးလက္ခဏာတို့ကို ထင်ရှားစွာတွေ့ရှိရမည်ဖြစ်ပါတယ်။ သို့ဖြစ်လေရာ တန်ဖိုးကြီးမားတဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများ ရေရှည်တည်တံ့ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံအဖြစ် ကမ္ဘာ့

အလယ်တွင် ဂုဏ်သိက္ခာမြင့်မားထည်ဝါစွာ ရပ်တည်နိုင်ရေးအတွက် မြန်မာတို့၏ အနုပညာ အမွေအနှစ်များ မတိမ်ကောမပျောက်ပျက်စေရန် ထိန်းသိမ်းသွားကြရမယ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ရိုးရာအဆို၊ အက၊ အတီးများကို အခြေခံပညာကျောင်းများမှာ သင်ကြားပေးနေတာလည်း တွေ့ရှိရပါတယ်။ ဒါပေမယ်လို့ စာသင်ခန်းအကန့်အသတ်ကြောင့် အောင်မြင်မှုနည်းနေတာကိုလည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယဉ်ကျေးမှုတက္ကသိုလ်သို့ တက်ရောက်သင်ကြားရာမှာလည်း အခြေခံပညာအထက်တန်းအောင်မှ တက်ရောက်သင်ကြားနိုင်မည် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယဉ်ကျေးမှုတက္ကသိုလ်သို့မရောက်ရှိမီ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ပြင်ပဝါသနာရှင်ကလေးများအတွက် ပန်တျာမူ ဒါမှမဟုတ် ကျွန်တော်တို့ တစ်နည်းအားဖြင့် နိုင်ငံတော်မူ အစရှိတဲ့ အဆို၊ အက၊ အတီးများကို ယခင် ပန်တျာ ကျောင်းများနည်းတူ အချိန်ပိုင်းညနေသင်တန်းများဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို ကျင်းပလာခဲ့တာ ၁၈ ကြိမ်ရှိခဲ့ပါပြီ။ အဲဒီ ၁၈ ကြိမ်မှာ ကျွန်တော်တို့နောက်ပိုင်း ၁၀ ကြိမ်နောက်ပိုင်းမှာ မြန်မာ့ဇာတ်သဘင်၊ မြန်မာ့ပြဇာတ်၊ နောက်တစ်ခါ မြန်မာ့ရိုးရာ စာဟော၊ စာပြောများကိုလည်း ထည့်သွင်းယှဉ်ပြိုင်တာကိုလည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့လူနေမှုစရိုက်နဲ့ သင့်တော်တဲ့ နောက်တစ်ခု ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများ အင်မတန်မှနှစ်သက်ကြတဲ့ အငြိမ့်တို့၊ ဇာတ်တို့ဟာ ယခုအခါမှာ အကြောင်းအမျိုးမျိုး ကြောင့်အနည်းငယ်တိမ်ကောနေတာတွေ့ရပါတယ်။ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများအနေနဲ့လည်း ယခု ထည့်သွင်းကျင်းပနေတာတွေ့ရပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်လာမယ့် ၁၉ ကြိမ် မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမှာ ဇာတ်သဘင်များယှဉ်ပြိုင်စေသကဲ့သို့ မျိုးဆက်သစ် အငြိမ့်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ ခုနှစ်က ယဉ်ကျေးမှုကဇာတ်ဌာနခွဲမှ မြန်မာ့ဂန္ထဝင်ဇာတ်ကြီးများ ဖြစ်ကြတဲ့ အလင်္ကာကျော်စွာရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်ဖွားတော်မူခန်း၊ မင်းသားကြီးရွှေကြီးညိုနဲ့ မင်းသမီးပဲခူးမြတို့ရဲ့ သဒ္ဓါသုမနဇာတ်တော်ကြီးများကို ရန်ကုန်နဲ့မန္တလေးမြို့များမှာရှိတဲ့ မြို့သူမြို့သား များကို ယဉ်ကျေးမှုပြဇာတ်ဌာနခွဲမှ ကပြဖျော်ဖြေရာ အလွန်နှစ်သက်ဝမ်းသာစွာအားပေးကြသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် အခြားဂန္ထဝင်ဇာတ်တော်များနည်းတူ အခြားဂန္ထဝင်ဇာတ်တော်များ ကိုလည်းယဉ်ကျေးမှုပြဇာတ်ဌာနမှ ပြန်လည်ဖော်ထုတ်ကပြရန် အစီအစဉ် ရှိ၊ မရှိနဲ့ အဆင့်မီတဲ့ဇာတ်ရုံ

များရှိတဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်မြို့တော်ကြီးများသို့ လှည့်လည်ဖျော်ဖြေရန် အစီအစဉ် ရှိ၊ မရှိကို သိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပြီးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဖြစ်ပါတယ်ရှင်။ ပထမဦးစွာ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာစိန်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအနှံ့အပြားမှာရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ တူးဖော်သုတေသနပြုခြင်းများအား နိုင်ငံတော်အဆင့် မူဝါဒများချမှတ်ပြီး နှစ်ရှည်နှင့်နှစ်စဉ်စီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းတဲ့အခါမှာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းသတ်မှတ်ချက်များ၊ သတိပေးတားမြစ်ချက်များထုတ်ပြန်ပြီး ပြည်သူလူထုကိုအသိပညာပေးပြီးထိန်းသိမ်းစောင့်ရှောက်ရေး၊ မူလရှေးမူလက်ရာမပျက်စေရေးတို့ကို ဂရုပြုပြီးတော့ အဆောက်အအုံပိုင်းပြုပြင်ထိန်းသိမ်းခြင်းနှင့် အနုလက်ရာများဖြစ်တဲ့ နံရံဆေးရေးပန်ချီများ၊ အင်္ဂတေပန်းတော့များ၊ ကျောက်ပန်းတမော့များ၊ စဌ့်ကွင်း၊ စဌ့်ချပ်များ၊ သစ်သားပန်းပုလက်ရာများစတဲ့ ယဉ်းကျေးမှုအမွေအနှစ်များကိုလည်း အရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ ပြုပြင်ထိန်းသိမ်းတဲ့အခါမှာ ပြည်တွင်းပြည်ပမှာ ရှေးဟောင်းအဆောက်အအုံနှင့်အနုလက်ရာများ ပြုပြင်ထိန်းသိမ်းရေး၊ ခေတ်မီပညာရပ်များကို စနစ်တကျလေ့လာသင်ကြားခဲ့တဲ့ဌာနမှ ပညာရှင်များ Non - Profit Organization များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများရှိ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးပညာရှင်များနှင့်ပူးပေါင်းပြီး အကြံဉာဏ်များကိုရယူကာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ခေတ်ကာလ အရတန်ဖိုးမြင့်မားခြင်း၊ သမိုင်းဆိုင်ရာ အထောက်အထားများအရအရေးပါခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ အဆင့်အတန်းမြင့်မားခြင်း၊ ဗိသုကာနှင့်အနုပညာလက်ရာများ ထူးခြားကောင်းမွန်ခြင်းဆိုတဲ့ အချက်များအပေါ်မှာ စိစစ်အခြေပြုပြီးတော့ ဦးစားပေးအဆင့်များသတ်မှတ်ကာ နိုင်ငံတော်ရန်ပုံငွေလျာထားတောင်းခံပြီး ပြုပြင်ထိန်းသိမ်းမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ ထို့သို့သောမှုများနှင့်အညီ ဓညဝတီမြို့ဟောင်း တူးဖော်ထိန်းသိမ်းမှုကိုလည်း ဌာနမှစနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်

ရာဇဝင်များမှာ ဖော်ပြထားတဲ့အတိုင်း ဒုတိယ ညေဝတီရှိတယ်ဆိုတဲ့ နီလာပန်းတောင်း၊ ကျောက် ပန်းတောင်းဆိုတဲ့မြို့များမှာ ကျွန်မတို့ ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်များက မြောက်ဦးရှေးဟောင်း သုတေသနဌာနခွဲမှ နှစ်ကြိမ်တိုင်ကွင်းဆင်းလေ့လာ ရှာဖွေခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့်လို့ ခိုင်လုံတဲ့ အထောက်အထားများကို မတွေ့ရှိခဲ့ရသေးပါဘူး။ ဒါကြောင့်မို့လို့ ဆက်လက်ပြီးတော့ တတိယ ညေဝတီမြို့ဟောင်းတည်ရှိတဲ့ မဟာမြတ်မုနိဘုရားပတ်ဝန်းကျင်ကို ကောင်းကင်ဓာတ်ပုံ၊ ဂြိုလ်တု ဓာတ်ပုံတို့မှ အသေးစိတ်လေ့လာခဲ့သလို ၂၀၀၂ ခုနှစ်နဲ့ ၂၀၀၃ ခုနှစ်များမှာ မြေပြင်ပေါ်မှာကွင်းဆင်း လေ့လာခြင်းကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဘီစီ ၅၈၀ မှာ စန္ဒသူရိယမင်း တည်ထောင်ခဲ့တဲ့ တတိယညေဝတီမြို့ဟောင်းဟာ ကျောက်တော်မြို့နယ်မှာရှိတဲ့ မဟာမြတ်မုနိဘုရားကြီးအား ဗဟိုပြုပြီး မဝိုင်းတဝိုင်းမြို့ရိုးကျုံးများရှိကြောင်း လေ့လာတွေ့ရှိခဲ့သဖြင့် မြောက်ဦးရှေးဟောင်းသုတေသနဌာန ခွဲက ညေဝတီမြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းကို ၂၇-၇-၂၀၀၃ ခုနှစ်မှ ၂၉-၂-၂၀၀၄ခုနှစ် အထိ နန်းမြို့ရိုးဝင်ပေါက် နန်းတော်ရာအပါအဝင် တူးဖော်မှုကုန်းလေးကုန်း၊ မြို့ဝင်ပေါက်များ၊ အပြင် မြို့ရိုးနှင့်အတွင်း မြို့ရိုးနေရာများ၊ မြို့ထောင့်များအတွင်း နန်းတော်မာရဘင်အုတ်ရိုးတန်းများ အပါအဝင် စုစုပေါင်း ၁၃ နေရာကိုစမ်းသပ်တူးဖော် သုတေသနပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ညေဝတီမြို့ဟောင်းဟာ မြို့ရိုးသုံးထပ်ရှိကြောင်း။ မြို့ရိုးသုံးထပ်လုံးကို အုတ်ဖြင့်တည်ဆောက်ထား ကြောင်းတွေ့ရှိခဲ့ရပါတယ်။ တူးဖော်သုတေသနပြုခဲ့သော ညေဝတီမြို့ဟောင်းအရှေ့ဘက် နန်းမြို့ရိုး ဝင်ပေါက်ကို ဌာနမှ တူးဖော်ပြီးစီးသည့် ၂၀၀၄ ခုနှစ်ကပင် မူလပုံသဏ္ဍာန်မပျက် ထိန်းသိမ်းရေး ဆောင်ရွက်ခဲ့ပြီးတော့ ဆိုင်းဘုတ်စိုက်ထူခြင်းကိုလည်း စနစ်တကျဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နှစ်စဉ် လည်းထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ညေဝတီမြို့ဟောင်းရဲ့ အလယ်ခန့် မှာတည်ရှိတဲ့ မဟာမြတ်မုနိဘုရားပုရဝုဏ်အတွင်းမှာလည်း ပြတိုက်တစ်ခုကို ဖွင့်လှစ်ပြီးတော့ပြသ ထားပြီးဖြစ်ပါတယ်ရှင်။ ညေဝတီမြို့ဟောင်းကို ဆက်လက်တူးဖော်သုတေသနလုပ်ရန်နှင့် ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်လည်း အစီအစဉ်များရှိပါတယ်။ ညေဝတီမြို့ ဟောင်းဟာ နိုင်ငံတော်က ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းလျက်ရှိတဲ့ နယ်မြေဒေသ ၃၇ ခုတွင်မပါဝင်သေးသဖြင့် ညေဝတီမြို့ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်ဒေသ အဖြစ်သတ်မှတ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိပါတယ်ရှင်။ အဲလိုသတ်မှတ်ပြီးနောက်မှာ နိုင်ငံတော် မှ ကာကွယ်ထိန်းသိမ်းတဲ့ အဆင့်သုံးဆင့်အနက် သင့်မြတ်တဲ့အဆင့်ဖြင့် လိုအပ်သလို ခွဲခြားသတ်မှတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ညေဝတီမြို့ဟောင်းအပြင် ဝေသာလီမြို့ဟောင်းနှင့် အခြားအလားတူ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သင့်သော ရှေးဟောင်းနေရာများကိုလည်း ယဉ်ကျေးမှုအမွေအနှစ်

ဒေသများအဖြစ် သတ်မှတ်ပြီးတော့ နိုင်ငံတော်မှ တစ်ဆင့်ပြီးတစ်ဆင့် ကာကွယ်ထိန်းသိမ်းသွားရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင့်။ ကျွန်မအနေနဲ့ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၏မေးခွန်းကို တစ်ပေါင်းတည်း ဖြေကြားသွားမှာဖြစ်ပါတယ်ရှင်။ ပထမမေးခွန်းအတွက် ဖြေကြားရမယ်ဆိုရင် ပန်တျာကျောင်းများနှင့် ပန်းချီ၊ ပန်းပုကျောင်းများကို ကျွန်မတို့ဝန်ကြီးဌာနမှ ၁၉၅၂ ခုနှစ်၊ ၁၉၅၃ ခုနှစ်များမှာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အလားတူ ဒီမြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မျိုးဆက်သစ်များအတွင်း ဖြန့်ဝေပေးနိုင်ရေး အတွက်ယဉ်ကျေးမှုတက္ကသိုလ်များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွင့်လှစ်ခဲ့ပြီးတော့ အမျိုးသား အဆင့်အထိသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်မှစပြီးတော့လည်းပဲ ဒီပန်တျာကျောင်းများနှင့် ပန်းချီ၊ ပန်းပုကျောင်းများကို အနုပညာအထက်တန်းကျောင်းများဟု ပြင်ဆင်ခေါ်ဝေါ်ခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်မှာ အဆိုပါကျောင်းများမှာ ညနေပိုင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါတယ်။ နေ့သင်တန်းနှင့်ညနေပိုင်း သင်တန်းများသည် သင်ရိုးညွှန်းတမ်း အတူတူဖြစ်သော်လည်း သင်ကြား ချိန်ကွာခြားမှုကြောင့်မို့လို့ ညနေပိုင်းသင်တန်းသားများ၏ သင်ယူတတ်မြောက်မှုနှင့် အနုပညာအရည် အသွေးပြည့်ဝမှု၊ ကွာခြားမှုရှိတယ်ဆိုတာကို ဆန်းစစ်တွေ့ရှိရခြင်း၊ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် အဆို၊ အက၊အတီးပညာနှင့်ပန်းချီပညာသင်ကြားပေးတဲ့ ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်လာခြင်း၊ တက်ရောက် သင်ကြားလိုသူ သင်တန်းသားနည်းပါးလာခြင်းတို့ကြောင့် ၁၉၈၇ ခုနှစ်မှစတင်ပြီး ညနေပိုင်းသင်တန်း များကို ရပ်ဆိုင်းခဲ့ပါတယ်ရှင်။ သို့သော်လည်း ညနေပိုင်းသင်တန်းများအစား ၂၀၁၉ ခုနှစ်၊ မတ်လမှ စတင်ပြီးတော့ အနုပညာအထက်တန်းကျောင်းများ၌ နွေရာသီသင်တန်းများကိုဖွင့်လှစ်ပေးခဲ့ပြီးတော့ ပန်းချီ၊ အက၊ အဆိုနှင့်အတီးသင်တန်းတို့ကို စနစ်တကျသင်ကြားပေးခဲ့ပါတယ်။ နွေရာသီသင်တန်း နှစ်စဉ်တက်ရောက်နေသူများကို အခြေခံအဆင့်၊ တန်းမြင့်အဆင့်၊ သင်ရိုးကုန်အဆင့်စတဲ့ သင်ရိုးအဆင့် များအလိုက် သင်ကြားပေးလျက်ရှိပါတယ်ရှင့်။ သင်တန်းပြီးတဲ့အခါမှာလည်း သင်တန်းဆင်းလက်မှတ် များကို ချီးမြှင့်ပြီးတော့ အသိအမှတ်ပြုပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ အနုပညာဘာသာရပ်များအား လေ့လာ ဆည်းပူးလိုသူများအတွက် အနုပညာအထက်တန်းကျောင်းများ၌ ညနေပိုင်းသင်တန်းအစား နွေရာသီသင်တန်းများ ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ညနေပိုင်းသင်တန်းများ ဖွင့်လှစ်ရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းဖြေကြားအပ်ပါတယ်ရှင်။ (ဩဘာသံများ)

ကျွန်မဆက်လက်ပြီးတော့ ဦးအောင်ဆန်း၏ ဒုတိယမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အဆင့်မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ပြီးတော့ ကျင်းပခဲ့ပါတယ်။ ပြိုင်ပွဲစတင်ချိန်က အဆိုနဲ့ပတ်သက်ပြီးတော့ မဟာဂီတ၊ အက၊ အရေးအတီး၊ အတီးနဲ့ပတ်သက်ရင် စောင်း၊ ပတ္တလား၊ နှဲ၊ ဆိုင်းဝိုင်းတို့ကို ယှဉ်ပြိုင်စေခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်၊ ဒုတိယ အကြိမ်ပြိုင်ပွဲမှာတော့ တိုးချဲ့ပြီးတော့ယှဉ်ပြိုင်လာတဲ့ ဘာသာရပ်တွေရှိပါတယ်။ အဆိုဘာသာရပ်မှာ ဆိုရင်မဟာဂီတ၊ ဓမ္မတေး၊ ကာလပေါ်၊ အကဘာသာ၊ အရေး၊ အတီး၊ အတီးမှာဆိုလည်းပဲစောင်း၊ ပတ္တလား၊ ဆိုင်းဝိုင်း၊ နှဲ၊ စန္ဒရား၊တယော၊ ဆိုင်းဝိုင်းအဖွဲ့လိုက်၊ အိုးစည်၊ ဒိုးပတ် ပြိုင်ပွဲများကို တိုးချဲ့ပြီး တော့ပါဝင်ယှဉ်ပြိုင်စေခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်တွင် ရုပ်သေးကြိုးဆွဲပြိုင်ပွဲနှင့် ဇာတ်တော်ကြီးပြိုင်ပွဲ များကိုပါထည့်သွင်းပြီးတော့ကျင်းပပေးခဲ့ပါတယ်။ ၁၉၉၈ ခုနှစ်မှာ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲကို တိုးချဲ့ကျင်းပပေးခဲ့ပါတယ်။ ထိုမှ အတီးပြိုင်ပွဲ၊ အတီးဘာသာရပ်တွေလည်း တူရိယာ ၁၂ မျိုးအထိ တိုးချဲ့ယှဉ်ပြိုင်စေခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ ၁၅ ကြိမ်မြောက်ပြိုင်ပွဲဖြစ်ပါတယ်။ ဒီပြိုင်ကစတင်ပြီး တော့ ရှားပါးပျောက်ကွယ်စပြုလာတဲ့ ကွက်စိပ်ပြိုင်ပွဲကိုပါထည့်သွင်းပြီးတော့ ကျင်းပပေးခဲ့ပါတယ်။ ပြဇာတ်ကောင်းများထွက်ပေါ်လာရေးကို ရည်ရွယ်ပြီးတော့လည်း ပြဇာတ်ပြိုင်ပွဲကိုပါကျင်းပပေးခဲ့ပါ တယ်ရှင်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲများတိုးချဲ့ကျင်းပရာတွင် သဘာရင့်၊ ဝါရင့် ပညာရှင်ကြီးများ၏ အကြံအား၊ ဉာဏ်အားကို ရယူကာဆောင်ရွက်ခြင်းဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုစစ်စစ်ဖြစ်ခြင်း၊ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းတို့ဖြင့် အကျိုး ရလဒ်ကောင်းများစွာ ရရှိခြင်းစတဲ့ အချက်များကို ထည့်သွင်းစဉ်းစားခြင်း ဖြစ်ပါတယ်ရှင်။ ဒါကြောင့် မို့လို့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် မြန်မာ့ရိုးရာအနုပညာရပ်များအား နှစ်အလိုက် တိုးချဲ့ထည့်သွင်းယှဉ်ပြိုင်စေလျက်ရှိပါသဖြင့် နောင်နှစ်များတွင် အခြေအနေပေးလျှင်ပေးသလို အငြိမ့် ဘာသာရပ်သာမက အခြားသောအနုပညာဘာသာရပ်များကိုလည်း ထည့်သွင်းကျင်းပပေးသွားမှာဖြစ် ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင့်။(ဩဘာသံများ)

ဆက်လက်ပြီးတော့ ဦးအောင်ဆန်း၏တတိယမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ယဉ်ကျေးမှုဝန်ကြီးဌာနသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာ ရပ်များဖြစ်တဲ့ အဆိုပညာ၊ အက၊ အရေး၊ အတီး၊ ဇာတ်သဘင်၊ ပြဇာတ်၊ ယိမ်း၊ အငြိမ့် ၊ ဇာတ်တော်ကြီး များ၊ တိုင်းရင်းသားရိုးရာအက နှင့် ဂီတများကို စဉ်ဆက်မပြတ်ဖော်ထုတ်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွား ရေးအတွက်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဖျော်ဖြေရင်းမြှင့်တင်၊ မြှင့်တင်ရင်းထိန်းသိမ်း၊ ထိန်းသိမ်း

ရင်းဖျော်ဖြေရေးလုပ်ငန်းများကို ပြည်တွင်းသာမက ပြည်ပသို့ပါ ထိုးဖောက်နေရာယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့သို့ဆောင်ရွက်လျက်ရှိရာတွင် မြန်မာ့သဘင်လောကဌ် နေတစ်ဆူ လတစ်ဆူ ပမာထင်ရှားခဲ့ကြတဲ့ အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်၊ ရွှေကျီးညို - ပဲခူးမြ၊ ဦးအောင်မောင်း - ပဲခူးမြတို့၏ ဇာတ်ထုတ်၊ ဇာတ်လမ်းများကို စဉ်ဆက်မပြတ်ဖော်ထုတ်လေ့ကျင့်လျက်ရှိပြီး၊ အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်းနှင့် ရွှေကျီးညို - ပဲခူးမြတို့၏ သဒ္ဓါသုမနဇာတ်တော်ကြီးများကို ၂၀၁၀ ခုနှစ်၊ နှစ်ကုန်ပိုင်းနှင့် ၂၀၁၁ ခုနှစ်၊ နှစ်ဆန်းပိုင်းတို့တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများပြည်သူများသို့ ကပြဖျော်ဖြေခဲ့ပါတယ်။ ထို့ပြင် အလင်္ကာကျော်စွာဦးရွှေမန်းတင်မောင်၏ မဟာဗုဒ္ဓဝင်တောထွက်ခန်း၊ လေးတော်တင်ခန်း၊ လက်ဝဲသုန္ဒရဇာတ်တော်ကြီးများနှင့် မောင်မှူးပြဇာတ်တို့ကိုလည်းကောင်း၊ အငြိမ့်ပွဲများ၊ ပဒေသာကပွဲများနှင့် အခြားဖျော်ဖြေရေးများကိုလည်းကောင်း ဖော်ထုတ်ပြီးစီစဉ်ထားရှိခြင်းဖြစ်ပါတယ်ရှင်။ ဒါကြောင့်မို့လို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆက်သွယ်ညှိနှိုင်းကမ်းလှမ်းလာမည်ဆိုလျှင် နေရာဒေသပေါ်မူတည်၍လည်းကောင်း၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်ပေါ်တည်၍လည်းကောင်း ထိုက်သင့်သည့်နှုန်းထားများဖြင့် လှည့်လည်တင်ဆက်ဖျော်ဖြေမယ့် အစီအစဉ်များရှိပါကြောင်းဖြေကြားအပ်ပါတယ်ရှင်။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်လဲ့လဲ့ဝင်းဆွေ၊ တာမွေမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်လဲ့လဲ့ဝင်းဆွေ (တာမွေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ကျန်းမာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်း၊တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမယ့်မေးခွန်းကတော့ ဗွီဒီယိုခိုးကူးခွေများနှင့် ပတ်သက်သော ရုပ်မြင်သံကြား နဲ့ ဗွီဒီယိုဥပဒေအကြောင်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ်ကျွန်မဘဝနဲ့ယှဉ်ပြီး တင်ပြလိုပါတယ်။ ကျွန်မရဲ့ဖခင်ကြီးကတော့ ရုပ်ရှင်မင်းသားကြီးတစ်ဦးဖြစ်ပြီး မြန်မာ့အသံမှာ ခေတ်ပြားရ အဆိုတော်ကြီး တစ်ဦးလည်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ဖခင်ကြီးရဲ့ ရုပ်ရှင်ရိုက်ကွင်းအပေါ်မှာ ကြီးပြင်းလာခဲ့ရတဲ့အတွက် အနုပညာရှင်များစွာရဲ့ ရင်တွင်းဖြစ်ခံစားမှုများကို နားလည်မိခဲ့ပါတယ်။ ထို့အပြင် ကျွန်မရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ တာမွေမြို့နယ်ဟာလည်း အနုပညာရှင် များစွာနေထိုင်တဲ့နေရာဖြစ်ပြီး ၎င်းတို့ဟာ ကျွန်မရဲ့ မဲဆန္ဒရှင်များလည်းဖြစ်ပါတယ်။

၎င်းတို့ရဲ့ခံစားချက်များကို လွှတ်တော်ထဲအထိရောက်အောင် ကျွန်မကိုပို့ဆောင်ပေးခဲ့ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့ရုပ်ရှင်၊ ဗီဒီယို၊ အနုပညာရှင်များ၊ တေးသံရှင်များသည် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ လမ်းတံတားကြီးများဖွင့်ပွဲတွေ၊ နေ့ထူးနေ့မြတ်ကြီးတွေမှာဂုဏ်ပြုဇာတ်လမ်းများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်တဲ့ တေးသီချင်းများ များစွာတို့ကို အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝနဲ့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ အနုပညာရှင်လုပ်ငန်းများမှာလည်း ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ၊ တေးသံသွင်းထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းရှင်များနဲ့ အနုပညာရှင်များဟာ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဆက်စပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါတယ်။ အနုပညာလုပ်ငန်းမှာ ရိုက်ကူး၊ ထုတ်လုပ်၊ တည်းဖြတ်၊ ကူးယူ၊ ဖြန့်ချိ၊ ငှားရမ်း၊ ပြသလုပ်ငန်းခွဲများမှာ လုပ်ငန်းရှင်အင်အား ၇၀၀၀၀ ခန့် ပါရှိပါတယ်။ အနုပညာရှင်များသည် သရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရုံ၊ ဝတ္ထု၊ ဇာတ်ညွှန်းပညာရှင်များနဲ့ ကင်မရာမင်းများ၊ စက်အဖွဲ့များ၊ တည်းဖြတ်အဖွဲ့များ စသည်ဖြင့် အတတ်ပညာရှင်များကလည်း လူ ၁၀၀၀၀ ခန့် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့ အနုပညာရှင်များ၊ အတတ်ပညာရှင် များကို မှီခို စားသောက်နေထိုင်ကြတဲ့ ၎င်းတို့ရဲ့ မိသားစုဝင်များကို မြန်မာနိုင်ငံမှာ ခန့်မှန်းခြေစုစုပေါင်း ကြည့်မယ်ဆိုရင် လူဦးရေ ၄၀၀၀၀၀ ခန့်ရှိပါတယ်ရှင်။ ဒါ့ကြောင့် အနုပညာလုပ်ငန်းကို မီးခိုးမထွက်သော စက်ရုံကြီးတစ်ခုလို့တင်စား ပြောဆိုလို့လည်း ရနိုင်ပါတယ်ရှင်။ ဗွီဒီယို ကားတစ်ကားထုတ်လုပ်တဲ့နေရာမှာ ငွေကြေးများစွာရင်းနှီးမြှုပ်နှံပြီး ထုတ်လုပ်ရပါတယ်။ သက်ဆိုင်ရာ ဖြန့်ချိသူမှတစ်ဆင့် တစ်ပြည်လုံးသို့ ရုံကြည့်၊ အိမ်ကြည့်အဆင့်ဆင့်ကို ရောက်ရှိသွားပါတယ်။ တစ်ချိန်တည်းမှာပဲ မသမာသူ ဝိသမလောဘသားများက ခိုးကူးခွေများကို မြန်မာ့ဗီဒီယိုကားများတိုးတက်မှုနဲ့ အတူတစ်ပါတည်း လုပ်ကိုင်လာခဲ့ကြပါတယ်။ ယခုအခါ ခိုးကူးခွေထုတ်လုပ်သူများမှာ ငွေကြေးအရ အမြတ်အစွန်းများစွာရှိပြီး ဈေးကွက်မှာ တရားမဝင်ပဲ အခိုင်အမာရပ်တည်နေကြပြီဖြစ်ပါတယ်။ ခိုးကူးခွေ ထုတ်လုပ်မှုလုပ်ငန်းမှာ အကျိုးအမြတ်များစွာရရှိပြီး တရားဝင် ငွေကြေးရင်းနှီးမြှုပ်နှံခဲ့တဲ့သူတွေမှာ စိုက်ထုတ်အားထားတဲ့ အရင်းအနှီးတွေပြန်မရရှိတော့ဘဲနဲ့ အချို့မှာ မိမိတို့ရဲ့လုပ်ငန်းများကို ပိတ်သိမ်းသွားရသူများလည်းများစွာရှိနေပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံဗီဒီယို အခြေခံအဖွဲ့ဗဟိုနဲ့ ခိုးကူးခွေကိစ္စများကို အရေးယူဆောင်ရွက်မှုများစွာရှိတာကိုလည်း ကျွန်မအနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ သို့သော်ငြားလည်း ဖမ်းဆီးတဲ့နေရာမှာ ခက်ခဲမှုများရှိပြီး ထိရောက်မှုနည်းပါးနေတယ်ဆိုတာ ထပ်မံတွေ့ရှိရပါတယ်။ ဒါ့ကြောင့် တာဝန်ရှိသောဝန်ကြီးဌာနများမှ ဟန်ချက်ညီညီနဲ့ ဆောင်ရွက်ပေးနိုင်ရန် အကြံပြုဆွေးနွေးမေးမြန်း တင်ပြရခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ခိုးကူးခွေများဆိုတာဖြစ်လာသဖြင့် အဓိကနစ်နာသူကတော့ နံပါတ်တစ် အနုပညာရှင်များဖြစ်ပါတယ်။ အနုပညာရှင်များ မြင့်မားသောသရုပ်ဆောင် ကျား/မဟာ မြန်မာနိုင်ငံမှာ ၁၀ ဦးထက်မပိုနိုင်ပါဘူး။ ထိုအခါ ကျန်အနုပညာရှင်၊ အတတ်ပညာရှင်များနှင့် ၎င်းတို့ကို မှီခိုစားသောက်နေရတဲ့ မိသားစုဝင်များရဲ့ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးတို့ဟာ ခိုးကူးခွေများကြောင့်ထိခိုက်နစ်နာလာရပါတယ်။ နောက်တစ်ဦးကတော့ ဇာတ်ကားပိုင်ရှင်များနဲ့ ဖြန့်ချိသူများရဲ့ နစ်နာမှုများဖြစ်ပါတယ်။ နောက်ထပ် နစ်နာသူများကတော့ အပန်းဖြေကြည့်ရှုနေကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူများပဲဖြစ်ပါတယ်ရှင်။ ထုတ်လုပ်သူများဟာ ခိုးကူးခွေများကြောင့် အမြတ်အစွန်းရသင့်သလောက်မရရှိတဲ့အတွက် စရိတ်များလျှော့ချလာရတဲ့အတွက် အရည်အသွေးကျဆင်းလာတဲ့ဇာတ်ကားများကိုပါ ပြည်သူက ကြည့်ရှုနေရပါတော့တယ်။ ဒါ့အပြင် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေးအတွက်နိုင်ငံတော်မှာနစ်နာရပြီး နောက်ဆုံးမှာတော့ အနုပညာရှင် သရုပ်ဆောင်များရဲ့ သရုပ်ဆောင်ခဈေးနှုန်းများဟာ တစ်ဖြည်းဖြည်းလျော့နည်းလာရခြင်းပဲ ဖြစ်ပါတယ်။ ခိုးကူးခွေများ နဲ့ပတ်သက်ပြီး တရားမဝင်ပြဋ္ဌာန်းချက်မှာ ဆင်ဆာမဲ့အခွေ ထုတ်လုပ်ဖြန့်ချိတဲ့နေရာမှာ ဒဏ်ငွေတစ်သိန်း သို့မဟုတ် ထောင်ဒဏ်သုံးနှစ်ဟု ၁၉၉၆ ခုနှစ်၊ ဇူလိုင်လက မြန်မာ့ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ သို့သော်ငြားလည်း ယနေ့အချိန်မှာ ဗီဒီယိုထုတ်လုပ်မှုစရိတ်မှာ လွန်ခဲ့ တဲ့ ၁၅ နှစ်ကထက် အဆပေါင်းများစွာ မြင့်တက်နေတာဖြစ်ပါတယ်။ ထို့အပြင် ခိုးကူးသောဝိသမ လောဘသားတို့မှာ ဥပဒေအရဖမ်းဆီးခံရလျှင် ၎င်းတို့ရရှိတဲ့ အမြတ်အစွန်းများက များပြားလှပြီး ဒဏ်ငွေဆောင်ရတာက တစ်သိန်းပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဝမ်းမြောက်ဝမ်းသာနဲ့ပဲ အဲဒီ တစ်သိန်းကို ပေးဆောင်ကြပြီး အနုပညာရှင်များအပေါ်မှာ အညွန့်ခူးစားကြီးပွားလျက်ရှိတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်တဲ့ နေရာမှာလည်း အနုပညာရှင်များရဲ့ ထူးခြားပြောင်မြောက်လှတဲ့ အခန်းကဏ္ဍများစွာ ပါဝင်ပါတယ်။ ၎င်းတို့ရဲ့ စားဝတ်နေရေးဖွံ့ဖြိုး တိုးတက်စေရန်အတွက်လည်းကောင်း၊ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်စေရန်အတွက်လည်းကောင်း ရည်စူးပြီး အခုလိုမေးခွန်းကို ကျွန်မအနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် တရားမဝင် ဗီဒီယိုခွေများခိုးယူပြီး ဖြန့်ချိနေသူများအား တည်ဆဲဥပဒေနှင့်အရေးယူသည့်အခါတွင် တစ်ကြိမ်သာဒဏ်ငွေ တစ်သိန်းသတ်မှတ်ပြီး၊ နှစ်ကြိမ်အထက် အကြိမ်ကြိမ်ဖမ်းဆီးမိပါက ၎င်းအား ဒီထက်ပြင်းထန်သော ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်ဖြင့် မည်သို့ဆောင်ရွက်နိုင်မည်ကို သိလိုပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနပြောကြားဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ဒုတိယဝန်ကြီး၊ပြန်ကြားရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေရဲ့ မေးမြန်းချက်အပေါ်မှာ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပု စတဲ့အနုပညာအမွေအနှစ်များ၊ ဘာသာရေး၊ လူမှုရေးစတဲ့အမျိုးသားယဉ်ကျေးမှုထုံးဓလေ့အစဉ်အလာကောင်းများ အလွန်ကြွယ်ဝတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ အဲဒီအနုပညာအမွေအနှစ် ယဉ်ကျေးမှုနဲ့ ထုံးတမ်းဓလေ့ အစဉ်အလာကောင်းများဟာ မြန်မာလူမျိုးတို့ရဲ့ ထင်ရှားခမ်းနားတဲ့ ကိုယ်ပိုင်စရိုက်လက္ခဏာများအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်အောင် အထောက်အကူပြုလျက်ရှိပါတယ်။ ယနေ့ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတစတဲ့ အနုပညာထုတ်လုပ်မှုများဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို အခြေခံပြီး မြန်မာပြည်သူများအနေနဲ့ အနုပညာရသများ မွေ့လျော်ခံစားနိုင်အောင် ဖျော်ဖြေမှုပေးလျက်ရှိပါတယ်။ ဒါ့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း မိမိတို့လူမျိုးရဲ့ ခမ်းနားထည်ဝါခဲ့တဲ့ ရိုးရာယဉ်ကျေးမှုထုံးဓလေ့အစဉ်အလာများ ပျောက်ကွယ်မေးမှိန်မသွားရအောင် အရိုးပေါ်အရွက်မဖုံးပဲ ဆက်လက်ရှင်သန်နိုင်အောင်ရည်ရွယ်ပြီး လက်ရှိရုပ်ရှင်ဗီဒီယိုကားများ ထုတ်လုပ်မှုအပေါ် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရာမှာ မြန်မာ့ယဉ်ကျေးမှုကို အခြေခံပြီး တည်ထွင်မှု၊ ဆန်းစစ်မှု၊ ဖန်တီးမှုများနဲ့ပေါင်းစပ်ကာ အဆင့်မီတဲ့ ဖျော်ဖြေတင်ဆက်မှုများဖြစ်လာအောင် ရုပ်ရှင်၊ ဗီဒီယိုလောကသားများပေါ် အားပေးကူညီလျက်ရှိပါတယ်။ တစ်ဖက်က အားပေးကူညီနေသလို အခြားတစ်ဖက်ကလည်း ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့အညီ ကြပ်မတ်ထိန်းသိမ်းခြင်း၊ ပညာပေးအရေးယူခြင်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ကြပ်မတ်ထိန်းသိမ်းမှုအပိုင်းမှာ အပိုင်းနှစ်ပိုင်းခွဲပြီး စနစ်တကျထိန်းသိမ်းကြပ်မတ်လျက်ရှိပါတယ်။ ပထမပိုင်းကတော့ အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်များ မှေးမှိန်ပျောက်ပျက်မသွားရအောင် ထိန်းသိမ်းပေးခြင်းဖြစ်ပြီး၊ ဒုတိယပိုင်းကတော့ တိုင်းတစ်ပါးသရုပ်ပျက် ယဉ်ကျေးမှုများထိုးဖောက်ဝင်ရောက်မလာအောင် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနဲ့အညီ ကြပ်မတ်ထိန်းသိမ်းခြင်းပဲဖြစ်ပါတယ်။ ယခုအခါမှာ ရုပ်ရှင်၊ ဗီဒီယို၊ ဂီတ ထုတ်လုပ်သူများအနေနဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ထိပါးစေတဲ့ ရိုက်ကူးထုတ်လုပ်ပြသမှုများရှိနေသလို အချို့သော စီးပွားရေးသမားများကလည်း

သူတစ်ပါးရိုက်ကူးထုတ်လုပ်ထားတာတွေကို တရားမဝင်ခိုးကူးရောင်းချခြင်း၊ ပြည်ပမှ တရားမဝင် ဆင်ဆာမဲ့အခွေများ၊ ညစ်ညမ်းအခွေများကို တင်သွင်း၍ တရားမဝင်ဖြန့်ချိခြင်းများ ဆောင်ရွက်လျက် ရှိတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီလို စည်းကမ်းဖောက်ဖျက်မှုများကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ပုဂ္ဂိုလ်များ၊ ဒေသအုပ်ချုပ်ရေးအာဏာပိုင် များနှင့် ပူးပေါင်းဖွဲ့စည်းထားတဲ့ ဗွီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တို့က တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကြပ်မတ်ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် အဲဒီလို ထိန်းသိမ်းအရေးယူ ဆောင်ရွက်ရာမှာ ပြစ်မှုကျူးလွန်တိုင်း ကျူးလွန်သူ ပြည်သူကို ဖမ်းဆီးထောင်ချ ပါက ၎င်းတို့အနေဖြင့် ထောင်ကျပြီး ကြီးမားတဲ့နစ်နာမှုများမဖြစ်ရအောင် ဖမ်းဆီးကြပ်မတ်တဲ့အဖွဲ့ အနေနဲ့ သာမန်ကျူးလွန်သူများကို ထုတ်ပြန်ထားတဲ့အမိန့်နဲ့ ညွှန်ကြားချက်များနဲ့အညီ သတိပေးခြင်း၊ ငွေဒဏ်သတ်မှတ်ခြင်းများဖြင့် သက်ညှာစွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကျူးလွန်တဲ့ပြစ်မှု ကြီးမားသူတွေကိုတော့ တရားရုံးပို့ပြီး သက်ဆိုင်ရာဥပဒေများနှင့်အညီ တရားစွဲဆို ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီလို တရားစွဲဆိုရာမှာ ရုပ်မြင်သံကြားနဲ့ ဗွီဒီယိုဥပဒေပါဥပဒေပုဒ်မ ၃၂၊ ၃၃ တို့နှင့် တရားစွဲဆိုအရေးယူလျက်ရှိပါတယ်။ ရုပ်မြင်သံကြားနဲ့ ဗွီဒီယိုဥပဒေကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့မှာ ဥပဒေအမှတ် ၈/၉၆ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး အဲဒီဥပဒေပါ ဥပဒေပုဒ်မ ၃၂၊ ၃၃ တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀/- အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်အရေးယူနိုင်ကြောင်း ဖော်ပြပါရှိပါတယ်။ သို့သော် တစ်နိုင်ငံလုံးမှာဖြစ်ပွားခဲ့တဲ့ တရားမဝင်ခိုးကူးခွေများ ထုတ်လုပ်ဖြန့်ချိရောင်းချမှုများကို ဖမ်းဆီး အရေးယူခဲ့တဲ့ဖြစ်စဉ်များကို သုံးသပ်ကြည့်ပါက ရုပ်မြင်သံကြားနဲ့ဗွီဒီယို ဥပဒေပုဒ်မ ၃၂၊ ၃၃ ပါ ထောင်ဒဏ် ၃ နှစ်သည် ကျူးလွန်မှုများကိုတားဆီးရာမှာ လုံလောက်တဲ့ပြစ်ဒဏ်ဖြစ်သော်လည်း ငွေဒဏ်ကျပ် ၁၀၀၀၀၀/-မှာမူ ယခုခေတ်ကာလအရ ကျူးလွန်မှုများကို တားဆီးရန်လုံလောက်သော ဒဏ်ငွေမဟုတ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီလို စိစစ်တွေ့ရှိမှုများအရ ၁၉၉၆ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ရုပ်မြင်သံကြားနဲ့ဗွီဒီယိုဥပဒေပါပြစ်မှု၊ ပြစ်ဒဏ်များအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေပုဒ်မ များအပါအဝင် ဥပဒေပုဒ်မ ၁၄ ခုကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်အစားထိုးခြင်း၊ ဖြုတ်ပယ်ခြင်းများကို ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ညှိနှိုင်းပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ အဆိုပါ ပြင်ဆင်မှုများအနက် ထောင်ဒဏ် ၃ နှစ်ကို မူလအတိုင်းမပြောင်းလဲဘဲ ငွေဒဏ်ကို မူလကျပ် ၁၀၀၀၀၀/- မှ ကျပ် ၅၀၀၀၀၀/-အထိ တိုးမြှင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်လိုက်ခြင်း အားဖြင့် ထောင်ဒဏ် ၃ နှစ်နှင့် ငွေဒဏ် ကျပ် ၅၀၀၀၀၀/-ဟာ ကျူးလွန်မှုများကို တားဆီးရန်အတွက်

လုံလောက်သော ပြစ်ဒဏ်များ ဖြစ်လာမှာဖြစ်ပါတယ်။ ယခုအခါမှာ ဖြည့်စွက်ပြင်ဆင်ထားတဲ့ ရုပ်မြင်သံကြားနဲ့ ဗွီဒီယိုဥပဒေကို ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီမှအတည်ပြုပြီး ဖြစ်တဲ့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပြင်ဆင်အတည်ပြုပေးရန် စက်တင်ဘာလ ၆ ရက်နေ့မှာ ဆက်လက်ပေးပို့ထားပြီးဖြစ်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြင်ဆင်အတည်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပြီး ပြည်ထောင်စုလွှတ်တော်ရဲ့အတည်ပြုချက် ရယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ ဖြစ်ပါတယ်။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ C class နဲ့ အောက်ကျောက်စိမ်းကျောက်မျက်များကို မြစ်ကြီးနားမြို့တွင် ဥပဒေနှင့်အညီ ဈေးကွက်သတ်မှတ်၍ ရောင်းချခွင့်ပြုနိုင်ခြင်း ရှိမရှိနှင့် စပ်လျဉ်းပြီး မေးမြန်းတင်ပြလိုပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာထွက်ရှိတဲ့ ကျောက်စိမ်းအပါအဝင် ကျောက်မျက်ရတနာများကို ပြပွဲများကျင်းပ၍ ရောင်းချပေးခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ယခင်က နိုင်ငံခြားသားများကိုသာ နိုင်ငံခြားငွေနှင့် ရောင်းချပေးခဲ့ရာမှ ၁၉၉၇ ခုနှစ်၊ ၃၄ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲကစတင်ပြီး နိုင်ငံသားများကို ဝယ်ယူခွင့်ပြုခဲ့တဲ့အတွက် ကျောက်စိမ်းနဲ့ ကျောက်မျက်ရတနာရောင်းချမှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ဒါ့အပြင် ကျောက်မျက်ရတနာပြပွဲများကို ရန်ကုန်မြို့၊ အင်းယားကန်ဟိုတယ်၊ မြန်မာ့ကျောက်မျက်ရတနာခန်းမနဲ့ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ခင်းကျင်းပြသရောင်းချခဲ့ရာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလမှစတင်ပြီး နေပြည်တော်မဏိရတနာ ကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသရောင်းချပေးခဲ့မှုကိုလည်း အထူးကျေနပ်အားရမိပါတယ်။ အလားတူ နိုင်ငံတော်ကကြီးမှူးကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲများရှိသကဲ့သို့ မန္တလေးမြို့၌လည်း မဟာအောင်မြေကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းတစ်ခု ဖွင့်လှစ်ရောင်းချနေတာကို လေ့လာသိရှိရပါတယ်။ အဆိုပါ ကျောက်စိမ်းဟာ ကျွန်တော်တို့ ကချင်ပြည်နယ်မှ အဓိကထွက်ရှိရာဒေသဖြစ်တဲ့အတွက် မိမိတို့ဒေသမှာလည်း ပြည်နယ်နှင့် ဒေသခံပြည်သူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ပွင့်လန်းလာစေဖို့ C class နဲ့ အောက်ကျောက်စိမ်း

ကျောက်မျက်များကို မြစ်ကြီးနားမြို့တွင် ဥပဒေနဲ့အညီ ဈေးကွက်သတ်မှတ်၍ ရောင်းချခွင့်ပြုပေးနိုင်ခြင်း ရှိ၊ မရှိကိုသိလိုတဲ့အတွက် မေးမြန်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊ သတ္တုတွင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပြောကြားရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်ဖြေကြား ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ကျောက်စိမ်းကျောက်မျက်ဈေးကွက်ကို အခြားတစ်ဖက်နိုင်ငံများသို့ ရောက်ရှိသွားခြင်းမျိုးမရှိစေရေးအတွက် မြန်မာနိုင်ငံရဲ့မြို့တော် နေပြည်တော်မှာ ကျောက်မျက်ရတနာရောင်းချပွဲများကို နှစ်စဉ် စနစ်တကျပြုလုပ်လျက်ရှိပါတယ်။ ဒီလိုလုပ်တဲ့အတွက် ကျောက်စိမ်း၊ ကျောက်မျက်ဈေးကွက်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံ နေပြည်တော်မှာ ဈေးကွက်ခိုင်မာစွာ ဖြစ်ထွန်းနေလျက်ရှိပြီးတော့မှ ဆက်လက်ခိုင်မာဖြစ်ထွန်းနေဖို့အတွက်လည်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုရှိဖို့အတွက် လိုအပ်တဲ့ဥပဒေများကို ပြင်ဆင်ဆောင်ရွက်ထားပြီးတော့မှ ဆက်လက်ပြီးတော့မှ စနစ်တကျ ဆောင်ရွက်နေလျက်ရှိပါတယ်။ နေပြည်တော်မှာ နိုင်ငံတကာအဆင့်မီ ကျောက်စိမ်းကျောက်မျက်အရောင်းပြပွဲများကို တစ်နှစ်လျှင် သုံးကြိမ်ကျင်းပပြုလုပ်လျက်ရှိပါတယ်။ ဒီအထဲမှာ အသားကျောက် C နဲ့ D အမျိုးအစားကျောက်စိမ်းများကိုလည်း နေပြည်တော်မှာ မြန်မာကျပ်ငွေဖြင့် တစ်ကြိမ်ကျင်းပရောင်းချ ပေးခဲ့ပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် နောင်မှာလည်း ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များကို နိုင်ငံခြားငွေဖြင့် ရောင်းချပေးနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ဖားကန့်ရတနာမြေက ထွက်တဲ့ကျောက်စိမ်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ရတနာနယ်မြေမှာပဲ တွင်းဝခွန်ပေးဆောင်ပြီးတဲ့အခါမှာ နယ်စပ်ဒေသတွေမှအပ မြန်မာနိုင်ငံအနှံ့အပြားကို သွားရောက်လွတ်လပ်စွာ ဥပဒေနဲ့အညီရောင်းချနိုင်ခွင့်ရှိပါတယ်။ ဒီလိုရှိတဲ့အတွက်လည်း ဒီလို ကျောက်စိမ်းကျောက်မျက်များကို လက်ရှိအနေအထားမှာ ပြည်တွင်းမှာရှိတဲ့ အချို့သောမြို့ကြီးများမှာလည်းရောင်းချလျက်ရှိတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ နေပြည်တော်မှာကျင်းပပြုလုပ်တဲ့ ပြပွဲတွေမှာလည်း လာရောက်တင်ပြရောင်းချလိုပါက ရောင်းချနိုင်တဲ့အခွင့်အရေးလည်းရှိပါတယ်။ သို့သော် နိုင်ငံတော်နဲ့ အကျိုးတူဆောင်ရွက်လျက်ရှိတဲ့ ကုမ္ပဏီများကမူ

ဒီကုမ္ပဏီများရဲ့ လုပ်ကွက်မှာ ထွက်ရှိတဲ့ကျောက်စိမ်းများကိုတော့ တွင်းဝခွန်ပေးဆောင်ပြီးနောက် နေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ နိုင်ငံတကာအဆင့်ပြပွဲများမှာသာ တင်ပြရောင်းချရတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီးဖြစ်တဲ့ ကျောက်စိမ်းကျောက်မျက်ဈေးကွက်အခြေအနေနှင့် နိုင်ငံတကာအဆင့် ကျောက်စိမ်းကျောက်မျက်ရောင်းချပွဲတို့ကို ကျောက်စိမ်းတူးဖော်တဲ့လုပ်ငန်းရှင်များ၊ ဒေသခံလုပ်ငန်းရှင်များ၊ ကျောက်စိမ်းလုပ်ငန်းကို ရောင်းဝယ်လုပ်ကိုင်နေသူများအားလုံးက နှစ်ခြိုက်သဘောကျပြီး ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အသိပဲဖြစ်ပါတယ်။ ဒါပေမယ့် ဒီလို တရားဝင်လုပ်ကိုင် ဆောင်ရွက်ခွင့်တွေ ပေးထားသော်လည်းပဲ အချို့သောဒေသတွေမှာတရားမဝင်လမ်းကြောင်းများမှတစ်ဆင့် တစ်ဖက်နိုင်ငံများကို တရားမဝင်သွားရောက်ရောင်းချမှုများရှိဆဲပဲဖြစ်ပါတယ်။ ဒါကိုလည်း ဥပဒေနဲ့အညီ တားဆီးလျက်ရှိပါတယ်။ ဒီလိုကိစ္စနဲ့ပတ်သက်ပြီးတော့ မေးခွန်းရှင် ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ အသိပဲဖြစ်မယ်ထင်ပါတယ်။ လက်ရှိအခြေအနေမှာလည်း ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်မှာ ကျောက်စိမ်းကျောက်မျက်များ တန်ဖိုးမြှင့်ထုတ်လုပ်ထားတဲ့ လက်ဝတ်ရတနာများကို လွတ်လပ်စွာနဲ့ အဆင်ပြေစွာရောင်းချလျက်ရှိနေပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့ မေးခွန်းမှာပါတဲ့ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရောင်းဝယ်ရေးစခန်းဆိုတာ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက တရားဝင်ဖွင့်လှစ်ထားတဲ့၊ သတ်မှတ်ပေးထားတဲ့ စခန်းမဟုတ်ပါဘူး။ ဒေသခံများကသတ်မှတ်ပြီး ဆောင်ရွက်ထားတဲ့လုပ်ငန်းသာဖြစ်ပါတယ်။ တရားဝင်အရောင်းပြပွဲများလည်း ပြုလုပ်ခြင်းမရှိပါဘူး။ ဒေသခံလုပ်ငန်းရှင်များသည် မိမိတို့ရဲ့ဆန္ဒအလျောက် စုစည်းပြီးတော့မှ ဆောင်ရွက်ထားတဲ့ လုပ်ငန်းများသာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ ဒါ့အပြင် ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားမှာလည်း ကျောက်စိမ်းကျောက်မျက်အရောင်းဆိုင်တွေဟာ မြို့တော်ရဲ့ နေရာအနှံ့အပြားမှာ ရှိနေပြီးတော့မှ စီးပွားဖြစ်ရောင်းဝယ်မှုများ ပြုလုပ်နေကြပါတယ်။ ဒီရောင်းဝယ်မှု ပြုလုပ်တဲ့နေရာတွေမှာ ဒေသခံပြည်သူများကသာမက တခြားသောဒေသမှလာရောက်ရောင်းဝယ်တဲ့ပြည်သူများနဲ့ပါ ပူးပေါင်းပြီးတော့မှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီးတော့မှ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းနေတယ်ဆိုတာလည်း တင်ပြလိုပါတယ်။ C class နဲ့အောက် ကျောက်စိမ်းကျောက်မျက်များကို မြစ်ကြီးနားမြို့မှာ ဥပဒေနဲ့အညီ ဈေးကွက်သတ်မှတ်ပြီး ရောင်းချခွင့်ပြုရေးဆိုတဲ့အဓိပ္ပာယ်တော့ ကျွန်တော်တို့ သိပ်ရှင်းလင်းမှုမရှိပါ။ သို့သော် ဒီအဓိပ္ပာယ်ကို ကျောက်စိမ်းအရောင်းပြပွဲ ပြုလုပ်လိုခြင်းဆိုတဲ့ အဓိပ္ပာယ်ဆိုလိုရင်တော့ လက်ရှိအခြေအနေမှာ လျော်ကန်သင့်မြတ်မှုမရှိသေးသော အချိန်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ မြန်မာ့ကျောက်စိမ်း

ကျောက်မျက်ဈေးကွက်ကို တစ်ဖက်နိုင်ငံများသို့ ရောက်ရှိမသွားနိုင်ရေးအတွက် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ရဲ့မြို့တော် နေပြည်တော်မှာပဲ ကမ္ဘာ့အဆင့်မီ ကျောက်စိမ်း ကျောက်မျက်ဈေးကွက် ဖြစ်ထွန်းလျက်ရှိနေခြင်းကို ပိုမိုခိုင်မာအောင် ပိုမိုကျယ်ပြန့်စွာ ဖြစ်ထွန်းအောင် လုပ်ဆောင်သွားမှာဖြစ်ပြီးတော့မှ ဒါတင်သာမက တန်ဖိုးမြင့်လက်ဝတ်ရတနာများ၊ ရုပ်ထုရုပ်ထွင်း ပန်းချီပန်းပုများ ထုတ်လုပ်ရောင်းချနိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းပြီးဆုံးပါပြီ။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို တစ်နာရီခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၃း၄၀ နာရီခန့်တွင် ပြန်လည်စတင်ပါမယ်။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို တစ်နာရီခန့် ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်းအစီအစဉ် ဆက်လက် ဆောင်ရွက်ပါ့မယ်။ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာအား အဆိုတစ်ရပ်တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်အားလုံးကို အထူးလေးစားပါကြောင်း တင်ပြအပ်ပါတယ်။ ဒီနေ့ တင်ပြမယ့်အဆိုဟာ နိုင်ငံတော် နှင့်နိုင်ငံသားများရဲ့ အကျိုးနဲ့လည်း စပ်လျဉ်းသက်ဆိုင်ပါတယ်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနဲ့လည်း စပ်လျဉ်းတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများရဲ့ အကျိုးဖြစ်နိုင်မယ်လို့ ယုံကြည်လို့ ယခုတင်ပြတဲ့အဆိုကို တင်သွင်းခြင်းဖြစ်ပါ တယ်။ အဆိုကို ပိုမိုသဘောပေါက်စေရန် ပါဝင်သော အချက်အလက်များကျန်သွားခြင်းတို့ မရှိစေရန် အတွက် ပြည့်ပြည့်စုံစုံတင်ပြလိုသဖြင့် အဆိုကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစား စွာခွင့်ပန်ကြားအပ်ပါတယ်။

မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးသည့်နောက် တာဝန်ယူခဲ့သည့်အစိုးရအသီးသီးသည် ၎င်းတို့ တာဝန်ယူသည့် အချိန်ကာလအတွင်း နိုင်ငံတော်နှင့် ဆီလျော်၍ ကျင့်သုံးရန် အကောင်းဆုံးဖြစ်မည်ဟု ယူဆသော နိုင်ငံတော်အရအသုံး ဘတ်ဂျက်စနစ်ကို ရွေးချယ်ကျင့်သုံးခဲ့ကြပါတယ်။ ခေတ်အသီးသီး တွင်ကျင့်သုံးခဲ့သည့် ဘတ်ဂျက်စနစ်တို့၏ အခြေခံကွာခြားမှုများကို ကြည့်ရှုပါက အမျိုးအစားနှစ်ရပ် တွေ့ရှိနိုင်ပါသည်။ ပထမအမျိုးအစားမှာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းအားလုံး၏ ဘတ်ဂျက်ကို နိုင်ငံတော်အစိုးရမှ လုံးဝတာဝန်ယူခြင်းနှင့် ဒုတိယအမျိုးအစားမှာ အစိုးရ၏ဘတ်ဂျက်တွင် သတ်မှတ် ထားသော နိုင်ငံတော်အဖွဲ့အစည်းများ၏ ဘတ်ဂျက်ကိုသာကျခံပြီး အချို့သော ဌာနအဖွဲ့အစည်းများ ၏အသုံးစရိတ်ကို နိုင်ငံတော်မှ ကျခံခြင်းမပြုဘဲ ၎င်းတို့၏ဝင်ငွေပေါ်တွင် ရပ်တည်၍ နိုင်ငံတော်မှ သတ်မှတ်ထားသောမူဘောင်ဖြင့် ဆောင်ရွက်စေပြီး ၎င်းအဖွဲ့အစည်းများမှပင် ကျခံစေခြင်းဟူ၍ နှစ်မျိုးနှစ်စားတွေ့ရှိနိုင်ပါသည်။ ပထမစနစ်တွင် နိုင်ငံတော်အစိုးရဌာနများ (အချို့ဌာနများတွင် ဥပဒေ ဖြင့်သီးခြားပြဋ္ဌာန်းထားသည့် ကိစ္စရပ်မှတစ်ပါး) ဝင်ငွေအားလုံးကို နိုင်ငံတော်သို့ ပေးသွင်းစေလျက် ဌာနအသီးသီး၏ အသုံးစရိတ်ကို နိုင်ငံတော်ဘတ်ဂျက်မှ ခွဲဝေသတ်မှတ်ပေးထားသည့်အတိုင်း နိုင်ငံတော်မှ ထုတ်ယူသုံးစွဲခွင့်ပြုပြီး လိုအပ်ငွေကို နိုင်ငံတော်မှ စိုက်ထုတ်ပေးရသော စနစ်ဖြစ်ပါတယ်။ ယင်းစနစ်၏ အဓိကအားနည်းချက်မှာ ဌာနများသည် လုပ်ငန်းများပြီးစီးရန် ရရှိသောဘတ်ဂျက်ကို အားလုံးသုံးစွဲကြသည်ကိုတွေ့ရှိရပြီး ၎င်းဌာနအတွက် သတ်မှတ်ထားသော ဝင်ငွေရရှိရေးအပိုင်းတွင် များစွာအလေးထားမှုမရှိသည်ကို တွေ့ရှိရပါသည်။ သို့ပါ၍ ဌာန၏ မူလခန့်မှန်းဝင်ငွေထက် လျော့နည်းမှုများ ပေါ်ပေါက်လာစေပါသည်။ ထို့အပြင် ဌာနဝင်ငွေကို တိုးမြှင့်ရရှိအောင် ကြိုးပမ်း အားထုတ်မှုနှင့် အားထုတ်လိုစိတ်များ ရှင်သန်မှုကို မှေးမှိန်စေပါသည်။ အကျိုးဆက်အနေဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေ တစ်နှစ်ထက်တစ်နှစ် များပြားလာစေပြီး နိုင်ငံတော်တွင် ဘဏ္ဍာငွေ လိုအပ်မှုဝန်ထုပ်ဝန်ပိုးကို ပိုမိုကြီးမားလာစေပါသည်။ ငွေကြေးဖောင်းပွမှုကိုဖြစ်ပေါ်စေပြီး ငွေတန်ဖိုး ကျဆင်းမှုကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင် စီးပွားရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများ၏ နိုင်ငံတော်အတွင်း ပြည်သူများအကျိုးရှိစေမည့် တိုးချဲ့လုပ်ကိုင်လိုသောလုပ်ငန်းများသည် ဘတ်ဂျက် ကန့်သတ်မှုကြောင့် ရန်ပုံငွေမလုံလောက်သဖြင့် လုပ်ငန်းသစ်များ၊ တိုးချဲ့လုပ်ငန်းများ ဆောင်ရွက်နိုင်မှု မရှိခြင်း၊ နောင်လာမည့်ဘဏ္ဍာရေးနှစ်များသို့ လုပ်ငန်းများရွှေ့ဆိုင်းရခြင်း စသည်တို့ကြောင့် တိုးတက် ဖွံ့ဖြိုးမှုလုပ်ငန်းများကို နှောင့်နှေးစေပါသည်။

ဒုတိယစနစ်မှာ အစိုးရသည် ဘတ်ဂျက်ရေးဆွဲရာတွင် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၊ ဌာနများ ၏ဘတ်ဂျက်ကိုသာ အစိုးရဘတ်ဂျက်တွင်သာ ထည့်သွင်းရေးဆွဲပြီး စီးပွားရေးအဖွဲ့အစည်းများ၏

ဘတ်ဂျက်လိုအပ်ချက်ကို အစိုးရဘတ်ဂျက်တွင် ထည့်သွင်းခြင်းမပြုဘဲ ၎င်းတို့၏ ဝင်ငွေအပေါ် တွင် ရပ်တည်ဆောင်ရွက်စေသည့်စနစ်ဖြင့် ရေးဆွဲသော ဘတ်ဂျက်စနစ်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အစိုးရတွင် ဘတ်ဂျက်လိုငွေသက်သာစေပြီး ငွေကြေးဖောင်းပွမှုကိုလည်း အတန်အသင့်ထိန်းထားနိုင်မည်ဖြစ်ပါသည်။ တစ်ဖက်မှလည်း စီးပွားရေးအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်ဘတ်ဂျက် ကန့်သတ်မှုဘောင်မှ လွတ်ကင်းသွားပြီး ယခင်က ဘတ်ဂျက်ကန့်သတ်မှုကြောင့် ဖော်ဆောင်၍မရသော ပြည်သူ့အကျိုးဖြစ်ထွန်းစေသည့် လုပ်ငန်းများကို ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် တိုးချဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်ငွေရှိပါက နိုင်ငံတော်၏ ဘဏ်များမှသတ်မှတ်သော အတိုးနှုန်းဖြင့် ချေးယူ၍လည်းကောင်း၊ နိုင်ငံတော်မှချမှတ်ထားသော မူဘောင်အတွင်း အခြားအဖွဲ့အစည်းများမှ ချေးငွေ၊ ထောက်ပံ့ငွေရယူ၍လည်းကောင်း လိုအပ်သောအရင်းအနှီး Capital များရယူကာလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများကိုလည်း လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ရမည်ဖြစ်ပြီး စီးပွားရေးအဖွဲ့အစည်းများမှလည်း လုပ်ငန်းကို မြတ်စွန်းအောင် တာဝန်ယူရမည်ဖြစ်ပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းများမှ နိုင်ငံတော်၏ ဥပဒေအရ သတ်မှတ်ထားသောအခွန်များကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများမှ လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း အဆိုပါ စီးပွားရေးအဖွဲ့အစည်းများမှ ဥပဒေသတ်မှတ်ချက်အတိုင်း ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် အိမ်နီးနားချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၊ ပြည်သူများလိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများ Services များကို တိုးချဲ့ဖြည့်ဆည်းလာနိုင်မှုပုံစံကို ကြည့်ရှုပါက ပထမအဆင့်တွင် နိုင်ငံပိုင်လုပ်ငန်းများကို နိုင်ငံတော်၏ဘတ်ဂျက်ဖြင့် ၁၀၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ပြီး၊ ၎င်းမှနိုင်ငံပိုင်ဘုတ်၊ ကော်ပိုရေးရှင်း၊ နိုင်ငံပိုင်ကုမ္ပဏီ၊ နိုင်ငံမှ အစုရှယ်ယာအများစုကုမ္ပဏီ၊ နိုင်ငံမှရှယ်ယာအများဆုံး ရယူထားသည့် အများပိုင်ကုမ္ပဏီ (Public Company) စသည်ဖြင့် အဆင့်ဆင့်ပြောင်းလဲမှု ဆောင်ရွက်မှုဖြစ်စဉ်ကို တွေ့ရပါသည်။ မူလက နိုင်ငံတော်ဘတ်ဂျက်တွင် သုံးငွေ၊ ဝင်ငွေအားလုံးကို နိုင်ငံတော်မှ တာဝန်ယူပေးရာမှ သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းများသည် မိမိဝင်ငွေပေါ်တွင် မိမိရပ်တည်၍ ဆောင်ရွက်စေခြင်းဖြင့် အစိုးရဘတ်ဂျက်မှကျခံခြင်း မပြုတော့သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ လက်ရှိနိုင်ငံတော်မှ ကျင့်သုံးနေသည့်စနစ်သည် ပထမအမျိုးအစားအခြေခံဖြင့် ဆောင်ရွက်နေသည့်ဘတ်ဂျက်စနစ်ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များတွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတော်၏ ဘတ်ဂျက်

အခြေအနေကိုကြည့်ပါက ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၄၀ ခန့်၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၇၀၀ ခန့်၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၉၀၀ ခန့်၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၆၈၀ ခန့်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၁၅၀၀ ခန့်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၂၆၀၀ ခန့် နှစ်စဉ်လိုငွေ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးအပိုင်းတွင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်အခြေအနေကိုလေ့လာကြည့်ပါက ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် လိုငွေဘီလီယံကျပ် ၂၃၀ ခန့်၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၃၁၀ ခန့်၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ်ဘီလီယံ ၄၃၀ ခန့်၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၅၀၀ ခန့်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၅၄၀ ခန့်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် လိုငွေကျပ် ဘီလီယံ ၅၃၀ ခန့် နှစ်စဉ်ဆက်တိုက် လိုငွေဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ နိုင်ငံတော်၏ ဘတ်ဂျက်တွင် အဓိကကျသော အဖွဲ့အစည်းနှစ်မျိုးနှစ်စားဖြစ်သည့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများနှင့် စီပွားရေးအဖွဲ့အစည်းများ၏ဝင်ငွေနှင့် အသုံးစရိတ်များက အဓိကပါဝင်လျက်ရှိပါသည်။ စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ ဘတ်ဂျက်တွင် ၎င်းအဖွဲ့အစည်းများရဲ့ လုပ်ငန်းသဘာဝအရလိုငွေဖြစ်ပေါ်လျက်ရှိပါသည်။ စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းသဘာဝအရ ပိုငွေဖြစ်ပေါ်ရမည်ဖြစ်သော်လည်း နိုင်ငံတော်တွင် စီးပွားရေးအဖွဲ့အစည်း စုစုပေါင်း၏ ဝင်ငွေနှင့် အသုံးစရိတ်တွင် နှစ်စဉ်လိုငွေ ဖြစ်ပေါ်နေပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အချို့ဌာနများအနေဖြင့် ဝင်ငွေရရှိမှုပိုင်းတွင် အလေးထားဆောင်ရွက်မှုမရှိခြင်း၊ ကုန်ထုတ်လုပ်မှုအပိုင်းတွင် ထုတ်လုပ်မှုစွမ်းဆောင်ရည်တိုးမြှင့်မှုမရှိခြင်း၊ ဈေးကွက်ဝင်ကုန်စည်များနှင့် စားသုံးသူကြိုက်နှစ်သက်သည့်ကုန်စည်များကို အဓိကထား၍ ထုတ်လုပ်မှုမရှိခြင်းနှင့် အရောင်းထိုင်းကုန်ပစ္စည်းများ လက်ကျန်များပြားစေကာမူ ထုတ်လုပ်မှုပုံစံပြောင်းလဲမှုမရှိဘဲ ဆက်တိုက်ထုတ်လုပ်ခြင်း၊ ဈေးကွက်စီးပွားရေးစနစ်မဆန်မှုများ စသည့်အကြောင်းများကြောင့် ဝင်ငွေရရှိမှုတွင် လျော့နည်းခဲ့ပြီး၊ လိုငွေများကိုနိုင်ငံတော်မှတာဝန်ယူ၍ စရိတ်ကျခံဆောင်ရွက်နေမှုများပြားနေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ လိုငွေကို ဖြည့်တင်းပေးရခြင်းအပြင် စီးပွားရေးအဖွဲ့အစည်းများ၏ လိုငွေကိုပါ စီမံဖြည့်တင်းနေရသဖြင့် နိုင်ငံတော်အစိုးရတွင် ဘတ်ဂျက်လိုအပ်ငွေကို ပိုမိုကြီးမားစေပါသည်။ တစ်ဖက်တွင်လည်း စီးပွားရေးအဖွဲ့အစည်းများ၏ တိုးချဲ့ ရင်းနှီးမြှုပ်နှံမှုများကို လုံလောက်အောင်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတား

တစ်ရပ်ဖြစ်စေပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများတွင် ယင်းတို့၏ဝင်ငွေနှင့် လုပ်ငန်းလည်ပတ်ရေး၊ လုပ်ငန်းလည်ပတ်မှုနှင့် တိုးချဲ့ရန်အတွက် ဝင်ငွေမလုံလောက်ပါက အစိုးရမှ ငွေထုတ်ချေးရေး၊ ထုတ်ချေးသည့်ငွေပြန်လည်ပေးဆပ်မှုကို စနစ်တကျ သတ်မှတ်ရေးရရှိလာသည့် ဝင်ငွေမှ ရာခိုင်နှုန်းတစ်ခုသတ်မှတ်၍ နိုင်ငံတော်သို့ ပေးသွင်းရေး၊ စီးပွားရေးအဖွဲ့အစည်းများတွင် ဆွဲဆောင်မှုစနစ် Incentive ကျင့်သုံး၍ ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည် တိုးတက်အောင်ဆောင်ရွက်ရေး၊ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များ ဖန်တီးပေးရေး အစရှိသည်တို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုအပ်ပါသည်။ စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာငွေလိုအပ်ချက်ကို နိုင်ငံတော်အစိုးရမှ တာဝန်မယူရပါက နိုင်ငံတော်အနေဖြင့် ဘတ်ဂျက် ရေးဆွဲရာတွင် စီမံခန့်ခွဲရေးအဖွဲ့အစည်းများ၏ လိုအပ်ငွေကိုသာ အဓိကဖြည့်ဆည်းပေးရန်လိုအပ် မည်ဖြစ်၍ ရန်ပုံငွေလိုအပ်မှု ဝန်ထုတ်ဝန်ပိုးကို လျော့နည်းသွားစေမည် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီးမှ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေးတွင်လည်း စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေစနစ် ပီပီပြင်ပြင်ပေါ်ပေါက်လာရေး၊ နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားလာရေးအတွက် အရှိန်မြင့်ဆောင်ရွက် သွားရေးနှင့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာအခွန်အကောက်ဆိုင်ရာ မူဝါဒများကိုလည်း လိုအပ်သလို ပြင်ဆင်ချမှတ် ကျင့်သုံးဆောင်ရွက်သွားရေးတို့ကို လည်းမိန့်ကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများအတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကျခံသုံးစွဲနေမှု များနှင့်ပတ်သက်၍ မူဝါဒပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် ဝန်ကြီးဌာနများအတွက် ကိုယ်ပိုင်ဝင်ငွေနှင့် ရပ်တည်၍ ဈေးကွက် စီးပွားရေးအခြေခံဖြင့် ပီပီပြင်ပြင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်များ ဖန်တီးပေးခြင်းဖြင့် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်လိုငွေပြမှုများ လျော့နည်းသွားနိုင်မည်ဖြစ်ပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည့်အပြင် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ပိုမို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုအချိန်အခါတွင် ဘတ်ဂျက်လိုငွေများ များပြားနေခြင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ထုတ်ကုန်လုပ်ငန်း များတွင် အရည်အသွေးပိုမိုကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ခြင်း၊ လုပ်ငန်းများတွင် ဝန်ထမ်းများ၏ အားထုတ်မှုကာယ၊ ဉာဏစွမ်းအားများ တိုးတက်ရရှိလာစေရန် အခြေအနေများ ဖန်တီးပေးခြင်း၊ ဈေးကွက်မှလိုအပ်သော ကုန်ပစ္စည်းများထုတ်လုပ်ရန် လိုအပ်ခြင်း၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်နေခြင်းများရှိနေသဖြင့်

ယခုလက်ရှိ ဘတ်ဂျက်စနစ်မှ အထက်တွင်ဖော်ပြထားသော ဒုတိယဘတ်ဂျက်စနစ်သို့ ပြောင်းလဲကျင့်သုံးပါက နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးပိုမိုဖြစ်ထွန်းမည်ဖြစ်ပါသည်။ ဤသို့ပြောင်းလဲဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ဘတ်ဂျက်စနစ်သာမက စီးပွားရေးဌာနများကို ကိုယ်ပိုင်ဆုံးဖြတ်လုပ်ကိုင်ခွင့်ပေးရမည့်ကိစ္စရပ်များ၊ စီးပွားရေးအဖွဲ့အစည်းများမှ မြတ်စွန်းအောင်တာဝန်ယူရမည့်ကိစ္စရပ်များ၊ အစိုးရမှမူဘောင်ဖြင့် ပြန်လည်ထိန်းကျောင်းပေးရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိလာပါသည်။

နိုင်ငံတော်တွင် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အဓိကပြောင်းလဲမှုတစ်ရပ်ဖြစ်ပေါ်လာနိုင်သဖြင့် ချွတ်ချော်မှုများမဖြစ်ပေါ်စေရန်လည်း အလွန်အရေးကြီးပါသည်။ စနစ်ပြောင်းရာတွင်ချောမွေ့အောင်မြင်စွာ ပြောင်းလဲသွားနိုင်ရေးအတွက် စီးပွားရေးဌာနအားလုံးကို တစ်ပြိုင်တည်းစနစ်ပြောင်းလဲခြင်းမပြုဘဲ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်များ သတ်မှတ်၍ အဆင့်ဆင့်ချောမွေ့စွာ ပြောင်းလဲဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ ယခုတင်ပြသည့်အတိုင်းပြောင်းလဲကျင့်သုံးရာတွင် မချွတ်မချော်အတိမ်းအစောင်းမရှိ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက်ယခုအဆိုပြုချက်ကို ပြည်သူ့လွှတ်တော်မှဖွဲ့စည်းထားသည့် သင့်လျော်ရာ ကော်မတီတစ်ရပ်ရပ်သို့တာဝန်ပေးလေ့လာစေပြီး ကော်မတီ၏လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ပြည်သူ့လွှတ်တော်သို့အစီရင်ခံတင်ပြစေ၍ လွှတ်တော်တွင် ဆွေးနွေးပြုပြင်အတည်ပြုချက်ရယူပြီးမှ နိုင်ငံတော်တွင်လက်ခံကျင့်သုံးသင့်ပါသည်။ သို့ပါ၍ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ နိုင်ငံပိုင်ကုမ္ပဏီများပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီးလိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျတ်စနစ်ကောင်း တစ်ခုဖြစ်ထွန်းလာမည့် နည်းလမ်းများအားလွှတ်တော်သို့ တင်ပြရေးအဆိုကို တင်သွင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးမြင့်(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ညောင်လေးပင်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်ဖြစ်ပါတယ်။ ဦးစိုးသာ၏အဆိုကို ဖတ်ကြားတင်ပြထောက်ခံခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဘတ်ဂျက်ကိုကြည့်ရင် လွန်ခဲ့တဲ့ငါးနှစ်သာမကအနှစ် ၂၀ ကျော်လိုငွေပြနေခဲ့တာကိုတွေ့ရှိရပါမယ် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများရဲ့စုစုပေါင်းဘတ်ဂျက်မှာလည်းပဲ အနှစ် ၂၀ကျော် ဝင်ငွေထက်သုံးငွေကများပြီးလိုငွေပြနေကြောင်းတွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဘတ်ဂျက်လိုငွေ အမြဲပြနေတာဟာ နိုင်ငံတစ်နိုင်ငံရဲ့

စီးပွားရေးပိုင်းမှာ ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ဘတ်ဂျက်လိုငွေများနေရင် Inflation ကိုပိုမို မြင့်မားစေမှာဖြစ်ပါတယ်။ Inflation ပိုမိုဖြစ်လာရင်လည်း ပြည်သူများရဲ့အကျိုးကို ထိခိုက်စေပါတယ်။ ဒါကြောင့် ဘတ်ဂျက်လိုငွေလျော့သွားအောင် ဆောင်ရွက်ဖို့ လိုအပ်လျက်ရှိတာကို တွေ့ရှိရပါမယ်။ တစ်ချိန်တည်းမှာပဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ အများပြည်သူများအတွက် လိုအပ်တဲ့စီမံကိန်းများ ဆောင်ရွက်နိုင်အောင်လည်း ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၃-၈-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်မှာတင်ပြသွားတဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအမှတ် ၁/၂၀၁၁ မှာလည်းပဲ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ပြည်နယ်များရဲ့အရအသုံးငွေစာရင်းမှာ အားလုံးလိုငွေပြနေတာကို တွေ့ရပါတယ်။ ယခု ၂၀၁၁-၂၀၁၂ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ ပြည်နယ်များရဲ့ အရအသုံးအခြေအနေမှာ ရငွေ ၅၇၈၁.၇ ဘီလီယမ်၊ သုံးငွေ ၇၉၈၃.၁ ဘီလီယမ်နဲ့ လိုငွေ ၂၂၀၁.၄ ဘီလီယမ်ဖြစ်ပေါ်နေကြောင်းတွေ့ ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာသုံးသပ်ချက် မှာလည်း နှစ်ကာလကြာရှည်စွာ လိုငွေပြနေခြင်းမျိုးမဖြစ်ရေးအတွက် ဂရုပြုဆောင်ရွက်ရမည်ဖြစ် သည်ကိုလည်း သုံးသပ်ဖော်ပြထားတာတွေ့ရှိခဲ့ရပါတယ်။ ဘတ်ဂျက်လိုငွေပြမှု လျော့နည်းသက်သာ စေရန်အဓိကအချက်တစ်ခုမှာ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ အရှုံးမပေါ်ဘဲ မြတ်စွန်းမှုရှိရန် ဆောင်ရွက်နိုင်ရပါမယ်။ နိုင်ငံတော်မှာအရှုံးပြနေတဲ့ စီးပွားရေးအဖွဲ့အစည်းများကို မြတ်စွန်းလာ အောင်ပြုပြင်ပြောင်းလဲလုပ်ဆောင်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသာတင်သွင်းတဲ့ အဆိုဖြစ်သော နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုး တက်ရန်အတွက် လက်ရှိအခြေအနေနှင့်ကိုက်ညီသော နိုင်ငံပိုင်လုပ်ငန်းများ၊ နိုင်ငံပိုင်ကုမ္ပဏီများ ပေါ်ထွန်းရန် လေ့လာဆန်းစစ်မှုများပြုလုပ်ပြီး လိုက်လျောညီထွေရှိသော နိုင်ငံတော်ဘတ်ဂျက်စနစ် ကောင်းတစ်ခု ဖြစ်ထွန်းလာမည့်နည်းလမ်းများ လွှတ်တော်သို့တင်ပြရေးအဆိုသည် ဆောင်ရွက်သင့် သည့်ကိစ္စရပ်တစ်ခု တစ်ရှူး ကောင်းတစ်ခုဖြစ်သဖြင့် အဆိုပါအဆိုကို ဆက်လက်ဆွေးနွေးရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့တော့ မင်္ဂလာရှိတဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ သဝဏ်လွှာ၊ မင်္ဂလာရှိတဲ့ နိုင်ငံတော်အတွက် စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူပြုမယ့်အဆိုတစ်ခု ကျွန်တော်တို့ လွှတ်တော်က ရရှိလိုက်ပြီလို့ပြောရမှာဖြစ်ပါတယ်။ မနေ့ကတော့ ငွေရေးကြေးရေးဆိုင်ရာ Monetary Policy နဲ့ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ဒေါ်တင်နွယ်ဦး တင်ပြခဲ့

တယ်။ ဒီနေ့ကျတော့ ဦးစိုးသာက fiscal Policy ပြောလို့ရတဲ့ ဘဏ္ဍာရေးဆိုင်ရာနဲ့ပတ်သက်တဲ့ ပေါ်လစီကောင်းတစ်ခုဖြစ်ဖို့အတွက် တင်ပြတယ်လို့ အဓိပ္ပယ်မှတ်ယူရမှာဖြစ်ပါတယ်။ ဒီဟာလည်း နိုင်ငံတစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အင်မတန်မှလိုအပ်တဲ့ Policy များပဲဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာအတွေ့အကြုံ ပညာရှင်မဟုတ်သော်လည်း အတွေ့အကြုံရှိတဲ့ ပုဂ္ဂိုလ်များ များစွာရှိပါတယ်။ ပညာရှင်တွေလည်းပါဝင်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုများလည်း များစွာပါဝင်တဲ့ လွှတ်တော်ဖြစ်တဲ့အတွက် မိမိတို့လွှတ်တော်မှာ ဒီလိုအတွေ့အကြုံရှိတဲ့ပညာရှင်များ နှင့်ဖွဲ့စည်းထားတဲ့အတွက် နိုင်ငံအတွက်၊ နိုင်ငံသားများအတွက် ကောင်းကျိုးချမ်းသာဖြစ်ဖို့ဆိုတဲ့ စေတနာတွေရှိပြီးသားဖြစ်လို့ ဒီလိုသာ ကျွန်တော်တို့က စေတနာထားပြီးတော့ ဆောင်ရွက်မယ်ဆိုလို့ ရှိရင် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမယ်လို့ပဲ ယုံကြည်ရဲရဲတင်းတင်းပြောရမှာ ဖြစ်ပါတယ်။ တစ်ခါ လွှတ်တော်ဆိုတဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ကို နိုင်ငံတော်အစိုးရကသာ တင်သွင်းရမည့် ဥပဒေကြမ်းသုံးခုရှိပါတယ်။ ကျန်တဲ့ ဥပဒေကြမ်းတွေကတော့ ပြည်ထောင်စုအဆင့်က တင်သွင်းနိုင်တယ်။ လွှတ်တော်ကိုယ်စားလှယ်များကလည်း တင်သွင်းနိုင်တယ်။ သို့ရာတွင် နိုင်ငံတော် အစိုးရကသာ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်သော ဥပဒေကြမ်းသုံးမျိုးကတော့ လွှတ်တော် ကိုယ်စားလှယ်များသိတဲ့အတိုင်းပဲ နံပါတ် (၁) နိုင်ငံတော်စီမံကိန်းများနဲ့သက်ဆိုင်တဲ့ဥပဒေကြမ်း (၂) ကတော့ ရသုံးမှန်းခြေငွေစာရင်း ကျွန်တော်တို့နားလည်တဲ့ဘတ်ဂျက် Law၊ ဘတ်ဂျက် Bill။ နောက် တစ်ခုကတော့ အခွန် ဒီကိစ္စသုံးခုကတော့ နိုင်ငံတော်အစိုးရကသာ ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းရမယ့်ဥပဒေကြမ်းများဖြစ်ပါတယ်။ အဲလို တင်သွင်းလာတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော် ကပဲ ဒီဥပဒေတွေကို လေ့လာသုံးသပ်ဆွေးနွေးပြီးတဲ့အခါမှာ တင်လာတဲ့နိုင်ငံတော်စီမံကိန်းတွေ ခွင့်ပြု သတ်မှတ်ပေးရမယ်။ အဲဒီအတိုင်းပဲ တင်လာတဲဘတ်ဂျက်ကိုလည်း ပြည်ထောင်စုလွှတ်တော်ကပဲ သတ်မှတ်ပေးရမယ်။ အဲဒီအတိုင်းပဲ အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ပြည်ထောင်စု လွှတ်တော်ကသတ်မှတ်ပေးရမယ်။ ဒါဖြင့် ပြည်ထောင်စုလွှတ်တော်မှာ ဘယ်သူတွေပါလဲဆိုတဲ့အခါ မှာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အများစုပါပါတယ်။ အင်အားအတိအကျ အပြည့်အစုံပြောရ မယ်ဆိုရင် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ပေါင်း ၄၄၀ ကပြည်ထောင်စုလွှတ်တော်မှာ ပါဝင်ပြီးတော့ ခုနကတင်ပြလာတဲ့ဟာတွေကို ဆုံးဖြတ်ရမယ်။ ဘယ်သူနဲ့ပူးပေါင်းရမလဲ။ အမျိုးသားလွှတ်တော်က ၂၂၄ ဦးနဲ့ပူးပေါင်းပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါ တယ်။ ဒီနေ့တင်လာတဲ့အဆိုဟာလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ကော်မတီများ ဖွဲ့စည်းတဲ့နေရာမှာ စီမံကိန်း၊ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်းခဲ့ပါတယ်။ အဲဒီကော်မတီရဲ့

လုပ်ငန်းတာဝန်တွေကိုလည်း ကျွန်တော်လွှတ်တော်က သတ်မှတ်ပေးခဲ့တာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီအဆိုကိုတင်ပြတဲ့နေရာမှာ အဲဒီကော်မတီက အဓိကထား စဉ်းစားဆောင်ရွက်ရာမှာဖြစ်တာမှန်သော်လည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ခုနက အဆိုရှင်ရဲ့အဆိုကို ထောက်ခံသွားတဲ့ ဦးစိုးမြင့် အရင်တပ်မတော်သားကိုယ်စားလှယ်ဟောင်းပါ သူသည်လည်း မြန်မာ့စီးပွားရေးကော်ပိုးရေးရှင်းမှာ ဦးဆောင်ညွှန်ကြားရေးမှူးလုပ်ခဲ့တဲ့အတွက် ဘတ်ဂျက်ကိစ္စနဲ့ ပတ်သက်လို့ ကျင့်သုံးခဲ့တဲ့နေရာမှာ ဒီစနစ်ပေါ်မူတည်ပြီးတော့ အားနည်းချက်၊ အားသာချက်တွေကို သိရှိထားတဲ့ပုဂ္ဂိုလ်တွေဖြစ်တာနဲ့ လျော်ညီစွာပဲ ဒီအဆိုကို ထောက်ခံဆွေးနွေးသွားတာဖြစ်သလို တချို့ ဒီလွှတ်တော်ကိုယ်စားလှယ်တွေထဲမှာ ဘတ်ဂျက်၊ ပြောမယ်ဆိုလို့ရှိရင် ဘတ်ဂျက်နဲ့သက်ဆိုင်တဲ့ နေရာဌာနတွေမှာပါနေတဲ့အတွက် မြန်မာနိုင်ငံရဲ့ကျင့်သုံးခဲ့တဲ့ ဘတ်ဂျက်အကြောင်းနားလည်ပြီး ဖြစ်မှာဖြစ်ပါတယ်။ ဒီအဆိုမတိုင်ခင် လွန်ခဲ့သောသုံးနှစ်ခွဲခန့်က ကျွန်တော်တို့တွေ ဒါနဲ့ပတ်သက်ပြီးတော့ စဉ်းစားမိခဲ့ကြပါတယ်။ မိမိတို့ရဲ့ အိမ်နီးနားချင်းနိုင်ငံများဖြစ်တဲ့ အထူးသဖြင့်တော့ တရုတ်နိုင်ငံဟာမူလတုန်းကတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို အစိုးရကဦးစီးပြီးတော့ လုပ်ခဲ့သော်လည်းအခြေအနေပေါ်မူတည်ပြီးတော့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှသည် ခုနက Board ပြီးတဲ့အခါမှာ Coporation နောက်ဆုံးကျတဲ့အခါကျတော့ နိုင်ငံပိုင်ကုမ္ပဏီများ ပြောင်းလဲကျင့်သုံးတဲ့အခါမှာ အစိုးရအနေနဲ့ ဒီကုမ္ပဏီကို ငွေသီးခြားထုတ်ပေးစရာမလိုဘူး။ ကုမ္ပဏီက ငွေချေးမယ်။ ပြီးတဲ့အခါမှာ လုပ်ငန်းလုပ်မယ်။ မြတ်ရင်လည်းမြတ်မယ်၊ ရှုံးရင်လည်းရှုံးမယ်။ မြတ်ရင်မြတ်တဲ့အလျောက် နိုင်ငံတော်က အစိုးရပိုင်ကုမ္ပဏီမှာ တာဝန်ရှိတဲ့လူကိုချီးမြှောက်မယ်။ ရှုံးရင်လည်း ရှုံးတဲ့အလျောက် ဆိုတဲ့အနေအထားမျိုးလုပ်ခဲ့တာ ရှိတာကိုသုံးသပ်ပြီးတဲ့အခါမှာ ကျိတ်ဝိုင်းဝိုင်းပြီးတော့ ဆွေးနွေးခဲ့တာတွေရှိပါတယ်။ ဒီနေ့တော့ အဲဒီကျိတ်ဝိုင်းကတစ်ဆင့် ပြည်သူ့ကိုယ်စားလှယ်များထံကို တင်ပြနိုင်တဲ့ အခွင့်အရေးတွေ ရောက်ရှိလာပြီ။ ရောက်ရှိလာတဲ့အခါမှာ ပြည်သူ့ကိုယ်စားလှယ်များကလည်း ဒီအဆိုပေါ်မူတည်ပြီးတော့ စဉ်းစားလို့ရတယ်။ တချို့လည်း ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့မနေ့ကလည်း ကျွန်တော်တို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်တဲ့ Monetary Policy ခေါ် ငွေကြေးမူဝါဒအကြောင်းကြောင့် ဆွေးနွေးခဲ့တယ်။ ဒီနေ့ကျတဲ့အခါကျတော့ Fiscal Policy နဲ့ National Project တွေဆိုင်တဲ့ကိစ္စ၊ ပြီးတဲ့အခါမှာ ဘတ်ဂျက်ကိစ္စတွေ ဆွေးနွေးဖို့အခွင့်အရေးရတဲ့အခါမှာ ဒီအခွင့်အရေးကောင်းတွေကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက ရယူအသုံးချပြီးတဲ့အခါမှာ နိုင်ငံတော်တိုးတက်ကြီးပွားရေးအတွက် ဆက်လက်ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒါ့ကြောင့် အခုတင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ နောက်အပတ်အတွင်းမှာ ရက်သတ်မှတ်ပြီး

ဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့ ပုဂ္ဂိုလ်များဟာ လာမယ့်တနင်္လာနေ့မှာ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌထံမှာ စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ၂၈ ရက် မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက် ဖွင့်လှစ်ထားရှိရေးအဆိုနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးက အမည် စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတင်သွင်းခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအဆိုကို ထောက်ခံဆွေးနွေးရာမှာ နိုင်ငံတော်ထဲက နိုင်ငံသားတစ်ဦးအနေနဲ့ မိမိခံစားသိမြင်ခဲ့တဲ့ခံစားချက်၊ မိမိတွေ့ကြုံခဲ့တဲ့ အတွေ့အကြုံများနှင့်ယှဉ်ပြီး ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုရှင်အနေနဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် စတင်ပေါ်ပေါက်လာပုံ၊ ဖွင့်လှစ်ခဲ့တဲ့ရည်ရွယ်ချက်၊ သမိုင်းကြောင်းကစတာတွေ ကိုပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီးဖြစ်လို့ ကျွန်တော့်အနေနဲ့ မတင်ပြလိုတော့ပါဘူး။ သို့သော်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် လို့ဆိုလိုက်တာနဲ့ ပြုံးရွှင်နေတဲ့မျက်နှာ၊ အရောင်အသွေးစုံတဲ့ တိုင်းရင်းသားဝတ်စုံများနဲ့ တက်ကြွလန်းဆန်းနေတဲ့ တိုင်းရင်းသားလူငယ် မောင်မယ်များရဲ့မျက်နှာကို မြင်ယောင်လာမိပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုခံယူပွဲ များမှာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့တဲ့ တိုင်းရင်းသား၊ တိုင်းရင်းသူလေးများရဲ့ စကားသံ ဝဲဝဲနဲ့ အထစ်အငေါ့မရှိ အကြောင်းအချက်ပြည့်စုံ ခိုင်လုံစွာပြောကြားခဲ့တဲ့စကားသံနဲ့ ယာဉ်ကျေး ဖော်ရွေတဲ့ အမူအယာလေးတွေကို တီဗွီဖန်သားပြင်ကတစ်ဆင့် ယခုတိုင် မြင်ယောင်ကြားယောင်နေမိ ပါတယ်။ ဒါဟာ ကျွန်တော်တစ်ဦးတည်းရဲ့ အမြင်အကြားမျိုးမဟုတ်ဘဲ တိုင်းရင်းလူငယ်မောင်မယ်များ အပေါ် ချစ်ခင်မြတ်နိုးကြတဲ့ ကျွန်တော်တို့ပြည်သူအားလုံးရဲ့ အမြင်အကြားပဲဖြစ်လိမ့်မယ်လို့ ကျွန်တော်

ယုံကြည်နေမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဟာပြည်ထောင်စုကြီးထဲက ပြည်ထောင်စုလေးသဖွယ် နိုင်ငံအနှံ့အပြားက တိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်များကိုစုစည်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖော်ဆောင်သူများ ဖြစ်လာစေရေး၊ ဖွံ့ဖြိုးမှုအားနည်းနေသေးတဲ့ ဒေသများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများမှာ ဦးဆောင်မှုပေးနိုင်မယ့် ကျေးလက်ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ ဖြစ်ပေါ်လာစေရေး ယင်းဒေသများမှ တာဝန်ယူပညာသင်ကြားပေးနိုင်မယ့် အရည်အချင်းပြည့်ဝတဲ့ ပညာရေးဝန်ထမ်းကောင်းများ ဖြစ်လာစေရေးဆိုတဲ့ ရည်ရွယ်ချက်များနဲ့ သိပ္ပံအဆင့်မှတက္ကသိုလ်အဆင့်အထိ တိုးမြှင့်ဖွင့်လှစ်ခဲ့တာ ၁၉၆၄ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နှစ်ပေါင်း ၄၇ နှစ်တိုင်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ မတ်လအထိသင်တန်းဆင်းသွားပြီးသူစုစုပေါင်းဟာလည်း ၁၂၂၀၄ ဦးရှိခဲ့ပြီးဖြစ်ကြောင်းသိရပါတယ်။ ကျွန်တော့်အနေနဲ့လည်း စစ်ဘက်၊ နယ်ဘက်တာဝန်များ ထမ်းဆောင်ခဲ့တဲ့ကာလတစ်လျှောက် ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်း တိုင်းရင်းသားလူငယ်များနှင့် ဒေသအသီးသီး၊ အထူးသဖြင့် နယ်စပ်ဒေသများမှ တွေ့ဆုံတဲ့အခါမှာ သူတို့လေးတွေရဲ့ တက်ကြွတဲ့အားမာန်နဲ့ မမောနိုင်၊ မပန်းနိုင် နိုင်ငံ့တာဝန်များကို တစ်ဖက်တစ်လမ်းက ထမ်းရွက်နေကြတာကို တွေ့မြင်ရပြီး ဝမ်းသာပီတိ စိတ်နှင့်အတူ အားရကျေနပ်မှု ဖြစ်ခဲ့ရပါတယ်။ ကျွန်တော့်လိုပဲ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း တွေ့ထိခံစားမိခဲ့ကြလိမ့်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သူတို့လေးတွေဟာ အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးရဲ့ရင်ခွင်မှာ လေးနှစ်လုံးလုံးအခြေခံပညာမူလတန်း ဆရာအတတ်သင်တန်း၊ အခြေခံပညာအလယ်တန်း ဆရာအတတ်သင်တန်း၊ ပညာရေးဘွဲ့တစ်နှစ်သင်တန်း၊ အထူးအခြေခံပညာမူလတန်း ဆရာအတတ်သင်တန်း၊ ပညာရေးဘွဲ့လေးနှစ်သင်တန်း၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်း၊ ပညာရေးဘွဲ့ပေါင်းကူးသင်တန်း၊ မဟာဒဿနပညာရေးဘွဲ့သင်တန်း၊ မဟာပညာရေးဘွဲ့ အရည်အချင်းစစ်သင်တန်း၊ မဟာပညာရေးဘွဲ့သင်တန်းတွေမှာ အပတ်တစ်ကုတ်လေ့လာသင်ကြားခဲ့ရပါတယ်။ ဒီလို Academic ဆိုင်ရာပညာရပ်များသာမကဘဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ တိုင်းရင်းသားလူမျိုးများရဲ့ ယဉ်ကျေးမှုနဲ့ဘာသာစကားများ၊ အာကစားနှင့် ကာယပညာ၊ ဂီတပန်းချီအနုပညာ၊ စက်မှုလက်မှုအိမ်တွင်းမှုသိပ္ပံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ ပညာရပ်တွေကိုပါစုပေါင်းပြီး သင်ကြားရကြောင်းသိရှိရပါတယ်။ အထူးသဖြင့်တော့ တိုင်းရင်းသားအချင်းချင်းရဲ့ ယဉ်ကျေးမှုနဲ့ဓလေ့ထုံးစံများကို အပြန်အလှန်သင်ကြားဖလှယ်ကြခြင်းဖြင့် သူတို့လေးတွေရဲ့ရင်ထဲမှာ ပြည်ထောင်စုစိတ်ဓာတ်များ အလိုလိုပေါက်ဖွားလာစေခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း သူတို့လေးတွေကို ပြည်ထောင်စုပန်းခင်းထဲကအရောင်အသွေး

မျိုးစုံနဲ့တင့်တယ်လှပနေတဲ့ ပန်းကလေးများလို့ တင်စားခေါ်ဝေါ်ခဲ့ကြတာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီလို ရည်ရွယ်ချက်၊ ရည်မှန်းချက် မြင့်မြင့်မားမားနဲ့ တည်ထောင်ခဲ့တဲ့ ဖော်ပြပါတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၂၀၀၉ ခုနှစ်ကစပြီး သင်တန်းသားသစ်များ ခေါ်ယူခြင်းမရှိတော့ဘဲ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ စတုတ္ထနှစ်အဖြစ် သင်ကြားနေတဲ့ သင်တန်းသူ၊ သင်တန်းသားများဟာ နောက်ဆုံးအသုတ်ဖြစ်တယ်လို့ လေ့လာသိရှိလိုက်တဲ့ အချိန်မှာတော့ ကျွန်တော့်ရင်ထဲမှာ အတိုင်းမသိ ဝမ်းနည်းပက်လက်ဖြစ်ခဲ့ရပြီး တိုင်းရင်းသားလူငယ်မောင်မယ်များအတွက် မျှော်လင့်ချက်ကြီးလည်း ဆုံးရှုံးခဲ့ရသလိုခံစားခဲ့ရပါတယ်။ ဒါကြောင့်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ထားရှိသင့်ကြောင်း အဆိုရှင်ဦးလှထွန်းရဲ့အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံတင်ပြရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဖြည့်စွက်တင်ပြရရင် အဆိုရှင်ဦးလှထွန်းကိုယ်တိုင်က လည်းနာဂတိုင်းရင်းသားတစ်ဦးဖြစ်ပြီး တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အပတ်စဉ်(၄) ကျောင်းဆင်းဖြစ်ပါတယ်။ အလားတူ သင်တန်းဆင်းများအနေနဲ့ အမျိုးသားလွှတ်တော်မှာ ၁၂ ဦး၊ ပြည်သူ့လွှတ်တော်မှာ ၁၂ ဦး၊ ပေါင်း ၂၄ ဟာ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ကျွန်တော်တို့နဲ့ အတူတူပါဝင်နေတာကို ကြားသိရတဲ့အတွက်လည်း ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူဝမ်းမြောက်ကြရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ နိုင်ငံပေါင်းများစွာရှိတဲ့အနက် ၆ နိုင်ငံထက်မပိုတဲ့ နိုင်ငံ များမှာသာ ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးလို တိုင်းရင်းသားပေါင်းစုံရဲ့ ကျောင်းတော်ကြီးမျိုးရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဒီလိုရှားပါးပြီး သမိုင်းအစဉ်အလာရှိခဲ့တဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးကို ဆက်လက်ဖွင့်လှစ်ထားရှိဖို့သင့်၊ မသင့် ယနေ့ ပြည်သူ့လွှတ်တော်အတွင်းမှာရှိတဲ့ ကျွန်တော်ရဲ့ ညီအစ်ကို၊ ညီအစ်မ ကိုယ်စားလှယ်တော်ကြီးများ ကိုမေးမြန်းကြည့်မယ်ဆိုရင်လည်း ဆက်လက်ဖွင့်လှစ်ထားရှိသင့်ကြောင်း ဆန္ဒပြုကြမှာအမှန်ပဲလို့ ကျွန်တော့်အနေနဲ့ အခိုင်အမာယုံကြည်လျက်ရှိပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို ရန်ကုန်နဲ့မန္တလေးမှာ ဖွင့်လှစ်ပြီးဖြစ်တဲ့ အတွက်ကြောင့် လည်းကောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ပညာရေးတက္ကသိုလ်ကောလိပ်များဖွင့်လှစ် ပေးထားပြီးဖြစ်တဲ့အတွက်ကြောင့်လည်ကောင်း ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်ကို ရပ်ဆိုင်းပိတ်သိမ်းဖို့မသင့်ဘူးလို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာထင်မြင်ယူဆမိပါတယ်။ ဘာကြောင့်လို့လဲဆိုတော့ ဖော်ပြပါတက္ကသိုလ်၊ ကောလိပ်များနဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး များဖွံ့ဖြိုးရေးတက္ကသိုလ်တို့ဟာ ရည်ရွယ်ချက်နဲ့ သမိုင်းကြောင်းခြင်း၊ သင်ကြားလေ့ကျင့်ပေးပုံခြင်း အသွင်သဏ္ဌာန်ရော အနှစ်သာရပါ မတူညီတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု

တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဟာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုး အသီးသီးရဲ့ ပုံရိပ်နဲ့ဂုဏ်ဒြပ်ကို စုစည်းဖော်ကျူးရန် နေရာဌာနတစ်ခုဖြစ်တဲ့အတွက် ပြည်ထောင်စု နယ်မြေတစ်ခုအဖြစ်တောင် သတ်မှတ်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် အစိုးရလက်ထက်က အကြောင်းအမျိုးမျိုးကြောင့် ပိတ်သိမ်းဖို့စီစဉ်ထားခဲ့တယ်ဆိုရင်လည်း ယခုအစိုးရကတော့ ပြည်သူက တင်မြှောက်လိုက်တဲ့ အစိုးရဖြစ်လို့ ပြည်သူလူထုရဲ့ဆန္ဒကို အလေးထားရမှာဖြစ်ပါတယ်။ လက်ရှိ ပကတိအခြေအနေမှာ ပြည်သူ့ဆန္ဒနဲ့လည်း မကိုက်ညီဘူး။ နိုင်ငံအတွက်လည်း အကျိုးမရှိဘူးဆိုရင် ယခင်ကဆုံးဖြတ်ချက်ကို ပြုပြင်နိုင်ရမှာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ခံယူမိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ပြောပြောနေကြတဲ့ ပြည်ထောင်စုစိတ်ဓာတ်ဆိုတာဟာ အလိုလိုပေါ်ပေါက် လာတာမျိုး မဟုတ်ပါဘူး။ ပေါ်ပေါက်ဖြစ်ထွန်းလာအောင် အားပေးပြုပြင်ဖန်တီးတည်ဆောက် ပေးထားတာ ဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးဟာ တိုင်းရင်းသားပြည်သူ အားလုံးရဲ့ ပြည်ထောင်စုစိတ်ဓာတ် ပုံရိပ်တစ်ခုဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ စဉ်ဆက်မပြတ် ထိန်းသိမ်းသွားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်ခံယူမိပါတယ်။ သို့ပါ၍ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတင်သွင်းခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အား ဆက်လက်ဖွင့်လှစ်ထားရှိသင့်ပါကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးအုံးရယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးရယ်(ခ) ဦးအုံးရယ်(ဖရူဆိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းဆင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုံးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုနဲ့ ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်ဟာ ပြည်သူတွေရဲ့အကျိုးကို ဝိုင်းဝန်း ပေးဆပ်ဖို့ ပြည်သူ့လွှတ်တော်မှာ ပြည်သူတွေရဲ့အရေးအရာကို ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး များအားလုံးက တညီတညွတ်တည်း ဆွေးနွေးနေကြပြီဖြစ်ပါတယ်။ အထူးသဖြင့် မိမိတို့ရဲ့ဒေသမှာ

ရှိကြတဲ့ မဲဆန္ဒရှင်ပြည်သူတွေရဲ့အကျိုး၊ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ အကျိုးကို တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်နှင့် အပြန်အလှန်တိုင်ပင်ဆွေးနွေးကြပြီး ပြည်သူများ မျှော်လင့်တောင့်တနေကြတဲ့ ဒီမိုကရေစီရဲ့ပုံရိပ်ကို ဝိုင်းဝန်းဖော်ဆောင်နေကြပြီဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြတဲ့ပြည်ထောင်စုကြီးမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီးဖြစ်ဖို့ရာ တိုင်းရင်းသားလူမျိုးအားလုံးရဲ့ စည်းလုံးညီညွတ်ရေး သည် အလွန်တရာမှအရေးကြီးလှပါတယ်။ အဲဒါတွေကိုသိထားပြီး အမြော်အမြင်ကြီးမားလှတဲ့ နိုင်ငံ့ ခေါင်းဆောင်ကြီးများက အသွင်သဏ္ဍာန်အားဖြင့် ပညာပေး၊ လေ့ကျင့်ပေးနေတဲ့ ကျောင်းဆိုပေမယ့် အနှစ်သာရအားဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့ ဦးတည်ချက်နဲ့ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှာ ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုငယ်လေးတစ်ခုဖြစ်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းတော်ကြီးကို မြန်မာ့တပ်မတော်၊ စစ်တက္ကသိုလ်နဲ့အတူ စတင်သန္ဓေတည်မွေးဖွားလာခဲ့ပါတယ်။ အဆိုပါ ဖွံ့ဖြိုးရေးကျောင်းတော်ကြီးဟာ ပြည်ထောင်စုတနံတလျားမှာရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၀၀ ကျော်တို့ရဲ့ရင်သွေးငယ် များကိုတက်ရောက်စေပြီး ညီရင်းအစ်ကိုမောင်ရင်းနှမကဲ့သို့ အေးအတူပူအမျှအတူတကွ ပညာရည် နို့သောက်စို့ကြရင်း ပြည်ထောင်စုစိတ်ဓာတ်ရရှိစေဖို့နဲ့ နောင်တစ်ချိန်မှာ မိမိတို့နေထိုင်ရာဒေသရဲ့ ခေါင်းဆောင်ကောင်း ကေဒါလောင်းလေးတွေ ဖြစ်လာစေဖို့ ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီရည်ရွယ်ချက်တွေ အောင်မြင်တယ်၊ မအောင်မြင်ဘူးဆိုတာ သက်သေ သာဓကအနေနဲ့ ၁၉၈၈ ခုနှစ်တုန်းက နိုင်ငံတော်တစ်ဝန်းလုံးမှာ သပိတ်မှန်တိုင်းထန်ပြီး လေပွေတွေ နောက်လိုက်ခဲ့လို့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေ၊ သိပ္ပံတွေပိတ်ခဲ့ရ တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဖွံ့ဖြိုးရေး သိပ္ပံဆိုတဲ့ ကျောင်းတော်ကြီးဟာ စာသင်မပျက်ဘဲ နိုင်ငံတော်ရဲ့ယန္တရားကို ပုံမှန်လည်ပတ်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ တစ်မူထူးခြားပြီး အောင်မြင်တဲ့ဖွံ့ဖြိုးရေးသိပ္ပံရဲ့ ဝိသေသလက္ခဏာဆိုတာ ဘယ်သူမှ ငြင်းနိုင်မှာမဟုတ်ပါဘူး။ ဒါ့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံဟာ ရေခံ၊ မြေခံကောင်းပြီး နိုင်ငံတော်အတွက် အရေးကြီးလှျှင် သွေးနီးအောင် ပုံဖော်ပေးနိုင်ခဲ့တဲ့ မျိုးချစ်ဂေဟာကျောင်းတော်ဖြစ်လို့ ၁၉၉၁-၁၉၉၂ ပညာသင်နှစ်မှစပြီး ဖွံ့ဖြိုးရေးသိပ္ပံကနေပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်ရယ်လို့ တိုးမြှင့်ပေးလိုက်တာ အားလုံး အသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ကျွန်တော်တို့ စစ်ကိုင်းဖွံ့ဖြိုးရေးကျောင်းဆင်း လွှတ်တော်ကိုယ်စားလှယ်တွေဟာ ပြည်သူ့ကိုယ်စားလှယ်များအဖြစ်နဲ့ သမိုင်းစာမျက်နှာသစ်တစ်ခုအပေါ်မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါပြီ။ အလားတူပဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်အခါမှာလည်းဖွံ့ဖြိုးရေးကျောင်းဆင်းတွေဟာ သက်ဆိုင်ရာနယ်ပယ်အသီးသီးကနေပြီး ညီလာခံကိုယ်စားလှယ်ကြီးများအဖြစ် တစ်တပ်တစ်အားပါဝင်ခဲ့ကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံ့သားကောင်းသမီးမွန်တွေကို အနှစ် ၄၀ ကျော်သက်တမ်းကာလဖြင့် မွေးဖွားသန့်စင်ပေးလိုက်တဲ့ ဖွံ့ဖြိုးရေးသိပ္ပံမှသည် ဖွံ့ဖြိုးရေးတက္ကသိုလ်ဟာ နိုင်ငံတော်ရဲ့လိုအပ်ချက်ကို ဘက်စုံထောင့်စုံမှဖြည့်ဆည်းပေးနိုင်တဲ့ ကျောင်းတော်ဖြစ်သည့်အတွက် ရေရှည်တည်တံ့လိမ့်မယ်လို့ အိပ်မက်ထဲကမက်ခဲ့ကြပေမယ့် မကြာသောကာလမှာ သက်တမ်းတစ်ခုပြီးဆုံးသွားလိမ့်မယ်လို့ ဝမ်းနည်းစွာ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ အခြေအနေ၊ အချိန်အခါကြောင့် စနစ်တစ်ခုကနေပြီးစနစ်တစ်ခုသို့ပြောင်းလဲခဲ့ပေမယ့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့ မျိုးချစ်မဏ္ဍိုင်ကြီးဟာမရှိမဖြစ်အမြဲလိုအပ်နေမှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ ရုပ်ပိုင်းဆိုင်ရာတိုးတက်ရုံနဲ့ တိုးတက်တယ်လို့မဆိုသာဘဲ ရုပ်ပိုင်းနဲ့စိတ်ပိုင်း တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ပါမှ တိုးတက်တယ်လို့ဆိုနိုင်မှာဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာဆိုသည်မှာလည်း မိသားစုကိုချစ်တဲ့စိတ်၊ နိုင်ငံ့မိသားစုကိုချစ်တဲ့စိတ်၊ ကမ္ဘာ့မိသားစုကိုချစ်တဲ့စိတ်ရှိနေပါမှ မိသားစုရဲ့စည်းလုံးမှု၊ နိုင်ငံမိသားစုရဲ့စည်းလုံးမှု၊ ကမ္ဘာ့မိသားစုအားလုံးရဲ့စည်းလုံးမှုကို ရရှိစေမှာဖြစ်ပါတယ်။ ဒီလို စိတ်ပိုင်းနဲ့ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေ အမြဲရှင်သန်နေဖို့ ပြည်ထောင်စုနယ်ပယ် အသီးသီးဟာဖြင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်လိုကျောင်းမျိုး အများအပြားပေါ်ထွန်းလာဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ အနှစ်သာရပြည့်ဝတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဆိုတဲ့ မဏ္ဍိုင်ကြီးလည်း ပိုမိုခိုင်မြဲပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ အမြန်လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းဆင်းတွေဟာ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံပြီး(၁) ငါတို့ရဲ့တိုင်းပြည်အစိတ်စိတ် အမွှာမွှာမဖြစ်ရအောင် ဝိုင်းဝန်းကာကွယ်တားဆီးကြမယ်ဆိုတဲ့အသိစိတ်၊ (၂) တည်ဆောက်ထားပြီးသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုရဲ့ အခြေခံအုတ်မြစ်အက်ကြောင်းရာ မထင်ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းကြမယ်ဆိုတဲ့အသိစိတ်၊ (၃)ကမ္ဘာကြီးတည်သရွေ့ အမိမြန်မာပြည်ကြီးလည်း တည်ရှိစေရမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေဟာ ဘယ်တော့မှ

ခန်းခြောက်သွားမှာမဟုတ်ပါဘူး။ တစ်နည်းဆိုရသော် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဥ်ဦးထိပ်ပန်ဆင်သွားကြမယ်ဆိုတဲ့ အသိစိတ်ဓာတ်တွေဟာ ဖွံ့ဖြိုးရေးကျောင်းဆင်းမိသားစုတွေရဲ့ ရင်ထဲမှာ အမြဲတမ်းကိန်းအောင်း ရှင်သန်နေတယ်ဆိုတာ ၁၉၇၀ ခုနှစ် ကာလအဖြစ်အပျက်က သက်သေထူနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို အမွေခံကောင်းတွေကို မျိုးဆက်သစ်တိုင်းရင်းသားလူငယ် မောင်မယ်များသို့ ဆက်ပြီး လက်ဆင့်ကမ်းနိုင်ဖို့ရန် အမိဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ အနာဂတ်အရေးဟာ ဆက်လက်ရပ်တည်ရှင်သန်နေဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ တည်ဆောက်ရေးလုပ်ငန်းများမှာ အခရာကျပြီး အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ်နဲ့ ပါဝင်လိုတဲ့ဆန္ဒ၊ အမှောင်ထုထဲက ပြည်သူ့အတွက်အလင်းရောင် တစ်ခုဖြစ်ချင်တဲ့ဆန္ဒ၊ နေရောင်အောက်ထဲက ထီးတစ်လက်မဟုတ်တာတောင် ဖက်တစ်ရွက်အဖြစ်နဲ့ မိုးပေးချင်တဲ့ဆန္ဒမွန်ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများတက္ကသိုလ်ကြီး ရေရှည်တည်တံ့နေစေဖို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တသုခနဲ့ နှစ်ဖြာသောသုခအပေါင်း ပြည့်စုံခညောင်းပါစေကြောင်း ကျွန်တော် ပဏာမဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ယခင်နေ့က ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း တင်ပြဆွေးနွေးသွားတဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးအား ဆက်လက်ဖွင့်လှစ်ရေးအဆိုကို လေးနက်တည်ကြည်စွာဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းတစ်ဦးဖြစ်ပါတယ်။ ပြည်ထောင်စုဖွား ရှမ်းတိုင်းရင်းသားလူမျိုးတစ်ယောက်လည်းဖြစ်ပါတယ်။ အပတ်စဥ် ၁၁ မှာဆင်းပြီး ၁၉၈၀ ခုနှစ်မှာ ပညာရေးဝန်ထမ်းအဖြစ်စတင်ထမ်းဆောင်ခဲ့ပြီးတော့မှ မူလတန်းပြဆရာ၊ အလယ်တန်းပြဆရာ၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ အထက်တန်းပြဆရာ၊ အထက်တန်းကျောင်းအုပ်စတဲ့ အဆင့်ဆင့်သောပညာရေးတာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရင်း နိုင်ငံတော်ရဲ့လိုအပ်ချက်အရ နိုင်ငံ့ဝန်ထမ်းဘဝကနေ

လုပ်သက်ပြည့်အငြိမ်းစားယူပြီးတော့ အခုအခြေအနေမှာ ကျွန်တော်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အနေဖြင့် မြို့နယ်ရဲ့လူထုအကျိုးကို ဖော်ဆောင်နိုင်ဖို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ် ကျောင်းဆင်းတစ်ဦး ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွံ့ဖြိုးရေး တက္ကသိုလ်တက်ရောက်တဲ့ အချိန်ကာလမှာ ကျွန်တော်တို့ရဲ့ မိဘများကလည်း တောသူတောင်သား၊ တောင်သူလယ်သမားဖြစ်တဲ့အားလျော်စွာ အဆင့်မြင့်တဲ့ ဘော်ဒါကျောင်းကြီးတွေ၊ အဆင့်မြင့်တဲ့ တက္ကသိုလ်ကြီးတွေကို ကျွန်တော်တို့ကို မပို့ရှာနိုင်ပါဘူး။ ကျွန်တော့်ဖခင်ကလည်း ကျွန်တော်လူလား မမြောက်တဲ့အချိန်မှာ ဆုံးပါးပြီးတဲ့အခါကျတော့ ကျွန်တော့်အမေ မုဆိုးမကလည်း ကျွန်တော်တို့ မောင်နှစ်မသားချင်းသုံးဦးကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ကျောင်းတစ်နည်းအားဖြင့် အသက်မွေးဝမ်းကျောင်း တစ်ခုခုကိုပို့ဆောင်ပြီးတော့မှ ပညာသင်ကြားစေခဲ့ပါတယ်။ အဲဒီလို စီးပွားရေးအခြေအနေကြောင့် ကျွန်တော်ဟာ စာရိတ္တပိုင်းရော၊ ပညာပိုင်းရော၊ စည်းကမ်းပိုင်းရော ကောင်းမွန်သေဝပ်တဲ့ဖွံ့ဖြိုးရေး ကျောင်းတော်ကြီးကို ၁၉၇၆ ခုနှစ်မှာ စတင်ပြီးတော့မှ ပညာသင်ကြားခွင့်ရပါတယ်။ မိဘများရဲ့ အခြေအနေကြောင့် ကျွန်တော်ပညာရေးကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်မှုရှိတဲ့အတွက်ကြောင့် ကျွန်တော်ဟာ အဆင့် ၁ မရသော်ငြားလည်း အဆင့် ၁၀ အတွင်းမှာ ကျွန်တော်အမြဲတမ်းဝင်နိုင်ခဲ့ပါ တယ်။ အဲဒီလိုပညာသင်ကြားရတဲ့ အခြေအနေမှာ နိုင်ငံတော်ရဲ့ ထောက်ပံ့စရိတ်တွေ၊ နိုင်ငံတော်ရဲ့ အခမဲ့ကျွေးမွေးစရိတ်တွေရရှိတဲ့အပြင် စတိုင်ပင်လို့ခေါ်တဲ့ ထောက်ပံ့ကြေးတွေလည်းအထိုက်အ လျောက်ရရှိခဲ့ပါတယ်။ အဲဒီလို ရရှိတဲ့အတွက် သာမန်တောင်သူတောင်သားဘဝရဲ့ တိုင်းရင်းသားရင် သွေးငယ်များရဲ့ ဘဝပညာရေးဟာ အလိုလိုနေရင်းနဲ့ မြှင့်တင်ပြီးတော့မှ တိုင်းရင်းသားလူမျိုးရဲ့အရေး ကိုနိုင်ငံတော်အစိုးရအဆက်ဆက်ကဂုဏ်ပြုဆောင်ရွက်ပေးနေတယ်ဆိုတဲ့ အသိအမြင်၊ ဒါပြည်ထောင် စုတစ်ဝန်းလုံးမှာ အားလုံးခံစား၊ စံစားနိုင်ကြတာကို တွေ့ရှိရပါတယ်။ အဲဒီလိုနဲ့ ကျောင်းဆင်းပြီးတဲ့ အခါကျတော့ ဒီဘွဲ့တွေ၊ ဒီဂရီတွေ ပြန်လည်ဆွတ်ခူးရရှိအောင် ကြိုးပမ်းရပါတယ်။ ၁၉၉၃ ခုနှစ်မှာ တက္ကသိုလ်အဆင့်တိုးမြှင့် လိုက်တဲ့နောက်ပိုင်း ကျွန်တော် အဲဒီတက္ကသိုလ်ကို ဘွဲ့တစ်ခုထပ်မံဆွတ်ခူး ရရှိဖို့ပြန်လည်တက်ရောက်ခွင့်ရရှိပါတယ်။ ဘွဲ့ထပ်မံဆွတ်ခူးရရှိပြီးတဲ့ တိုင်းရင်းသားတစ်ဦးအနေဖြင့် မိမိကျေးဇူးကို ကျောင်းတော်ကြီးကပေးအပ်တဲ့သမိုင်း၊ ကျောင်းတော်ကြီးအပေါ်မှာ ကတိပြုခဲ့တဲ့ ကတိအစဥ်အလာအရ နိုင်ငံ့ဝန်ထမ်းရဲ့ဂုဏ်ကို အရောင်မမှေးမှိန်အောင် ကျွန်တော် အတတ်နိုင်ဆုံး တာဝန်ထမ်းရွက်ခဲ့ပါတယ်။ အဲဒီလိုအဆင့်ဆင့်သော တာဝန်ဝတ္တရားများကျေပွန်စွာ ထမ်းရွက်တဲ့ အတွက်လည်း ကျွန်တော်သည် မူလတန်းပြဆရာကနေပြီးတော့မှ အထက်တန်းကျောင်းအုပ်ဆရာကြီး

အဖြစ် နှစ်ပေါင်း ၃၀ အတွင်း တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်တယ်လို့ ကျွန်တော့်ကိုယ် ကျွန်တော် ယုံကြည်မိပါတယ်။ ဒီအလေ့အကျင့်ကောင်းတွေရဖို့ ဆိုတာဖွံ့ဖြိုးရေးတက္ကသိုလ်က လေ့ကျင့်သင်ကြား ပေးတဲ့အပိုင်းအများကြီးပါဝင်ပါတယ်။ ကိုယ်ကာယစွမ်းအင်မြင့်မားဖို့၊ စာရိတ္တမြင့်မားဖို့၊ ပညာအရည် အသွေးကောင်းမွန်ဖို့၊ ကြိုးစားချင်ဖို့၊ ကြိုးစားချင်လာအောင်လည်း လုပ်ပေးဖို့၊ အစစအရာရာ သေဝပ်တဲ့ကျောင်းတော်ကြီးရဲ့ ကျေးဇူးဂုဏ်ကို ကျွန်တော် အမြဲတမ်းတမြေ့မြေ့နဲ့ သတိရနေမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုပဲနိုင်ငံတော်ရဲ့ လိုအပ်ချက်အရ အခု ကျွန်တော့်ရဲ့မြို့၊ ကျွန်တော့်ရဲ့မြို့နယ်အတွက်၊ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေအတွက်၊ ပြည်သူလူထုရဲ့ တောင့်တလိုအပ်ချက်အရ ကျွန်တော့်ကိုဒီလို ဂုဏ်ယူမြင့်မြတ်တဲ့နေရာမှာ ရွေးချယ်ပြီးတဲ့အခါကျတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ တာဝန်ထမ်းရွက်ခွင့်ရတယ်။ တာဝန်ထမ်းရွက်ခွင့်ရတာလည်း ကျွန်တော် အင်မတန်မှဂုဏ်ယူပါတယ်။ ကျောင်းတော်ကြီးအတွက်လည်း တာဝန်ကျေပွန်တယ်လို့ မိမိကိုယ်ကိုမိမိခံယူပါတယ်။ သို့ပေမယ့် လည်း လွန်ခဲ့တဲ့နှစ်ပေါင်း ၂ နှစ်၊ ၃ နှစ်မှာဆိုလို့ရှိရင် သင်တန်းသားများ မခေါ်ယူတော့ဘူးလို့ ဝမ်းနည်းစွာနဲ့ကြားသိရပါတယ်။ သင်တန်းသားများခေါ်ယူခြင်းမရှိတာကို လေ့လာတွေ့ရှိခြင်းအားဖြင့် ကျောင်းတော်ကြီးပိတ်တော့မယ်။ ဒါမှမဟုတ် ကောလိပ်တစ်ခုခုဖွင့်မယ်။ ဒါမှမဟုတ် တက္ကသိုလ် တစ်ခုခု အသက်မွေးဝမ်းကျောင်းတစ်ခုခု ဆောင်ရွက်တော့မယ်လို့ ကျွန်တော်တို့ ထင်မြင်သုံးသပ် မိပါတယ်။ အဲလိုပြောတဲ့အခါကျတော့လည်း တိုင်းနဲ့ပြည်နယ်အနှံ့ တိုင်းဒေသကြီးတို့ ပြည်နယ်အနှံ့မှာ တက္ကသိုလ်၊ ကောလိပ်တွေဖွင့်နေပြီပဲ။ တက္ကသိုလ်ကြီးတွေ ပေါ်လာနေပြီပဲ။ တိုင်းရင်းသားစွမ်းရည် ဒီဂရီတွေ ပေါ်လာနေပြီပဲ။ ဒီလို ကျောင်းမျိုးမလိုတော့ပါဘူးလို့ ပြောပေမယ့် ကျွန်တော့်အနေနဲ့တော့ ဒါလုံလောက်မှု မရှိတော့ဘူး။ မရှိပါဘူးလို့ တင်ပြချင်ပါတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ တိုင်းရင်းသားရဲ့အရေးကို မြှင့်တင်ပေးတဲ့ တိုင်းရင်းသားစွမ်းရည်ဒီဂရီကောလိပ်ကို တက်ချင်တဲ့ ယခုနှစ် ကျွန်တော့်ရဲ့တပည့် ၁၀ ဦးဟာ တိုင်းရင်းသားစွမ်းရည်ဒီဂရီကို ဖြေပြီးသွားပါတယ်။ ကျိုင်းတုံ ကလည်းလူတွေ့ခေါ်ပြီး အောင်မြင်အောင်ဖြေခိုင်းပါတယ်။ ဖြေပြီးတဲ့အခါကျတော့ ရန်ကုန်ကို ရောက်တယ်။ ရန်ကုန်ကို ရောက်တဲ့အခါကျတော့ ဂုဏ်ထူးရတဲ့ ကျွန်တော့်ရဲ့တပည့် တစ်ယောက်ကိုပဲ ရွေးချယ်ပြီးတဲ့အခါကျတော့ ကျန်တဲ့ကျောင်းသားတွေကို အိမ်ကိုပြန်လွှတ်လိုက်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားစွမ်းရည်ကျောင်းကို တက်ချင်ပေမယ့်လည်း တက်ခွင့်မရဘူး။ အဲဒီလို တက်ခွင့်မရတဲ့ ကျောင်းသူ ကျောင်းသားများအတွက် ဖွံ့ဖြိုးရေးတက္ကသိုလ်ကို တက်ရမယ်ဆိုလို့ရှိရင် ဘယ်လောက် ကောင်းမှာလဲ၊ ဘယ်လောက်သင့်တော်မှာလဲ။ နောက်တစ်ပိုင်းက ဆရာလိုအပ်ချက် ဖြစ်ပါတယ်။ အခု

ပညာရေးဝန်ထမ်းမှာ ဆရာမတွေများနေတယ်။ ဆရာမရှိဘူး။ ဖွံ့ဖြိုးရေးသိပ္ပံ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်က ဆရာတွေ လေ့ကျင့်မွေးထုတ်ပေးတယ်။ ကျောင်းသားတွေများတယ်။ ကျောင်းသားတွေနဲ့ အခု တက်ရောက်လာကြတဲ့ ဒီစစ်တက္ကသိုလ်က အရာရှိများတွေနဲ့ချိန်းပြီး ဘောလုံးတွေကန်ကြပါတယ်။ လေ့လာရေးသွားကြတယ်။ ကျွန်တော်တို့ကလည်း မေမြို့စစ်တက္ကသိုလ်ကိုသွားကြတယ်။ သူတို့ ကလည်း ကျွန်တော်တို့ကျောင်းတော်ကြီးကို လာလေ့လာတယ်။ ကျွန်တော်တို့ အပြန်ပြန်အလှန်လှန် ချစ်ကြည်ရင်းနှီးတဲ့ ဘောလုံးပွဲတွေကစားပါတယ်။ ကျောင်းသား ဘယ်လောက်များသလဲဆိုတာကို ကျွန်တော်တင်ပြလိုတာပါ။ အဲဒီတော့ ဆရာမများနေတဲ့ ပညာရေးဝန်ထမ်းအရေအတွက်ကိုလျှော့ချ လိုတဲ့အခါကျတော့ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းက ကျောင်းဆင်းဆရာတွေနဲ့ အားဖြည့်ပေးမယ် ဆိုလို့ရှိရင် ပညာရေးဝန်ထမ်းဟာ အထိုက်အလျောက် ပြည့်စုံသွားမယ်လို့ ကျွန်တော်သုံးသပ်ထင်မြင် မိပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းတော်ကြီးရဲ့ဂုဏ်ကို ကျွန်တော်တို့ ထပ်မံလင်းလက်တောက်ပစေ လိုပါတယ်။ ကျောင်းတော်ကြီးကိုလည်း ပြန်လည်ဖွင့်လှစ်စေလိုပါတယ်။ ဖွင့်လှစ်စေလိုတယ်ဆိုတာ ကလည်း နိုင်ငံတော်အကြီးအကဲများကစီစဉ်ပေးမှ အခုကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ် အသီးသီးက ပြည်ထောင်စုဖွားတိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများရဲ့ အင်အားပါမှ ဖွင့်လှစ် နိုင်မှာဖြစ်ပါတယ်။ အဲဒီလို အင်အားမပါဘဲနဲ့ဖွင့်လှစ်တယ်၊ လိုတယ်လို့ ကျွန်တော်က တစ်ယောက် တည်းပြောပြီးမှ ကျွန်တော့်ဘက်မှာ ဘယ်သူမှမပါဘူးဆိုရင် ဒီကျောင်းက ဖွင့်လှစ်နိုင်မှာ မဟုတ်ပါဘူး ဆိုတာကို ကျွန်တော်အလေးအနက်ယုံကြည်မိပါတယ်။ ဒါမှမဟုတ် နိုင်ငံတော်မှာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပေးတဲ့ တစ်ခုတည်းသော ကျောင်းတော်ကြီး၊ တစ်ခုတည်းသော တက္ကသိုလ်ကြီးကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ယမန်နေ့က ဦးလှထွန်း၊ ခန္တီးတင်ပြသွားတဲ့ ဖွံ့ဖြိုးရေး တက္ကသိုလ်ကျောင်းတော်ကြီး ဆက်လက်ဖွင့်လှစ်ရေးအဆိုကို ကျွန်တော် ဦးစိုင်းထွန်းစိန်၊ မိုင်းပျင်း မဲဆန္ဒနယ်က လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံခညောင်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်က ဦးလှထွန်း

ယမန်နေ့က တင်သွင်းသွားတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၁၉၈၁ ခုနှစ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ အပတ်စဉ် (၁၂) သင်တန်းဆင်းတစ်ဦးဖြစ်သလို ၁၉၉၂-၁၉၉၃ ပညာသင်နှစ် ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့သင်တန်း အပတ်စဉ် (၂) သင်တန်းဆင်းဖြစ်လို့ နှစ်ထပ်ကွမ်းကျောင်းသားဟောင်းတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီနေ့၊ ဒီအချိန်၊ ဒီနေရာမှာ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဒေသ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် ပါဝင်ဆောင်ရွက်ခွင့်ရနေခြင်းဟာ အနန္တောအနန္တငါးပါးကျေးဇူးနဲ့ ကျောင်းတော်ကပေးလိုက်တဲ့ ပညာ့ဂုဏ်ကျေးဇူးတွေကြောင့်ပဲလို့ လက်ခံယုံကြည်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးရဲ့သင်တန်းသားခေါ်ယူမှုကို ၂၀၀၉ ခုနှစ်မှာ ရပ်ဆိုင်းလိုက်ပြီးတော့ ယခုတက်ရောက်နေဆဲ သင်တန်းအပတ်စဉ်ဟာ နောက်ဆုံးနှစ်ပဲလို့ သိလိုက်ရတဲ့အချိန်မှာ ကျွန်တော်တို့ ကျောင်းဆင်းညီအစ်ကိုမောင်နှမများမှာ စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရပါတယ်။ ကျောင်းကြီး ဆက်လက်ဖွင့်လှစ်ထားရှိနိုင်ရေးအတွက် ဘယ်သူ့ကိုတင်ပြပြီး၊ ဘယ်သူ့ကို အကူအညီတောင်းရမလဲဆိုတာ ဝေခွဲစဉ်းစားမရဖြစ်ခဲ့ပါတယ်။ ဒီလိုနဲ့ ၂၀၁၀ ရွေးကောက်ပွဲပြီးလို့ နောက်ပိုင်း လွှတ်တော်အသီးသီးပေါ်လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အရွေးချယ်ခံရတဲ့ အချိန်မှာတော့ ကျွန်တော့်ကို အားကိုးတကြီးနဲ့ညီအကိုတော်များက အမှာတော်ပါးကြပါတယ်။ လွှတ်တော်အစည်းအဝေးမှာကျွန်တော်တို့ ကျောင်းဆင်းညီအစ်ကိုတွေ ဆုံကြတဲ့အခါ ဒီအဆိုကို လွှတ်တော်ကို တင်ပြပြီးတော့ ဝိုင်းဝန်းဆွေးနွေး ထောက်ခံတင်ပြပေးကြဖို့မှာလိုက်ကြပါတယ်။ တစ်ယောက်အားနဲ့ ယူသော်မရ တစ်သောင်းအားနဲ့ယူသော်ရ၏ဆိုတဲ့ စကားနဲ့အညီ နိုင်ငံတစ်ဝန်းလုံးက ၁၂၀၀၀ ကျော်ရှိတဲ့ ကျောင်းဆင်းသွေးချင်းတို့ရဲ့ ပြင်းပြတဲ့ဆန္ဒအားတွေနဲ့ လွှတ်တော်ထဲရောက်နေတဲ့ ကျွန်တော်တို ညီအစ်ကိုမောင်နှမများရဲ့ စုစည်းညီညွတ်မှုအားတွေနဲ့ဆိုရင် ဒီအဆိုဟာ အောင်မြင်မှုရနိုင်ကောင်းရဲ့ဆိုတဲ့ယုံကြည်မျှော်လင့်ချက်နဲ့ ခုလိုထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျောင်းတော်ကြီး တည်ထောင်ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်တွေထဲက အဓိကကတော့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တွေ ရှင်သန်ထက်မြက်ဖို့ အဲဒီတိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တွေကို အခြေခံပြီးတော့ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များအဖြစ် ကိုယ်ရဲ့ရပ်ရွာဒေသမှာ ဦးဆောင်ဦးရွက်ပြုနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ဒီလို စိတ်ဓာတ်တွေ၊ ဒီလိုအရည်အချင်းတွေရရှိလာအောင်

ဘယ်လိုလေ့ကျင့်ပျိုးထောင်ပေးခဲ့ပါသလဲ ဆိုတာကို ဗဟုသုတအလို့ငှာ ကျွန်တော်တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းကြီးက ယေဘူယျအားဖြင့် တိုင်းရင်းသားလူမျိုး စုပေါင်း ၈၀ နဲ့ ၁၀၀ ကြား နှစ်စဉ်တက်ရောက်ပညာသင်ယူကြပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွာကလေးလို့လည်းခေါ်ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ တစ်နေ့တာလေ့ကျင့်သင်ကြားမှု အခြေအနေကတော့ ကျွန်တော်တို့ တနင်္လာကနေ သောကြာနေ့အထိ ကျွန်တော်တို့ မနက် ၅ နာရီဆို အိပ်ယာထရပါတယ်။ ၅ နာရီခွဲမှာ ကျွန်တော်တို့ Physical Training ကိုယ်ကာယလေ့ကျင့်ခန်းတွေလုပ်ရပါတယ်။ PT ပြေးရပါတယ်။ ၄၅ မိနစ် လောက် ကျွန်တော်တို့ ကိုယ်ကာယလေ့ကျင့်ခန်းတွေ လုပ်ပြီးတော့ ၆း၁၅ နာရီလောက်မှာ ကျွန်တော်တို့ဟာ အဆောင်ကိုပြန် သန့်ရှင်းရေးတွေလုပ်၊ ရေမိုးချိုးသန့်စင်ပြီးတော့ ကျွန်တော်တို့ ၇ နာရီအချိန်လောက်မှာ ကျွန်တော်တို့ မနက်စာကိုစားသုံးရပါတယ်။ မနက် ၈ နာရီ ကနေပြီးတော့ ၁၁း၀၀ နာရီထိ ကျွန်တော်တို့ နံနက်ပိုင်းလက်တွေ့စာတွေ့သင်ခန်းစာကို သင်ကြရပြီးတော့ ၁၁း၁၅ နာရီလောက်မှာ ကျွန်တော်တို့က နေ့လယ်စာကိုသုံးဆောင်ရပါတယ်။ အဲဒီ ၁၂း၀၀ နာရီကနေ ၂ နာရီခွဲအထိကို ညနေပိုင်းစာတွေ့သင်ခန်းစာတွေ သင်ကြရပြီးတော့ နာရီဝက်ခေတ္တနားပြီး ညနေ ၃ နာရီနဲ့ ၄ နာရီအထိကို ကျွန်တော်တို့ လက်တွေ့သင်ခန်းစာများဖြစ်ကြတဲ့ အားကစားဘာသာရပ်၊ ပန်းချီ၊ ဂီတ၊ စက်မှုလက်မှု၊ အိမ်တွင်းမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တိုင်းရင်းသားအကပဒေသာများ အဖွဲ့လိုက်အလှည့်ကျ ကျွန်တော်တို့ သင်ကြားကြရပါတယ်။ ညနေ ၄ နာရီမှာတော့ ကျွန်တော်တို့ လက်တွေ့သင်တန်းကိုဖြုတ်ပြီးတော့ ၄ နာရီနဲ့ ၅ နာရီအတွင်းမှာ ကျွန်တော်တို့ဟာ ကိုယ်ပိုင်အားလပ်ချိန်ရပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်တို့နှစ်သက်ရာ အားကစားတွေဖြစ်တဲ့ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင် အစရှိသဖြင့် ကစားကြပါတယ်။ ၅ နာရီ ခေါင်းလောင်းထိုးတာနဲ့ ကျွန်တော်တို့ အဆောင်ပြန်ရေချိုး၊ ၅ နာရီခွဲမှာ ညစာသုံးဆောင်ပြီးတော့ ည ၇ နာရီကနေ ၉ နာရီအထိကို Night Study ဝင်ရပါတယ်။ သောကြာနေ့၊ စနေနေ့ အထိပေါ့။ ၉း၃၀ နာရီတာနဲ့ ကျွန်တော်တို့ အိပ်ယာဝင်ရပါတယ်။ အိပ်ယာဝင်တဲ့ အချိန်မှာ ကျွန်တော်တို့ အဆောင်အားလုံး မီးမှိတ်ပိတ်အိပ်ပဲ။ အိပ်ချင်လည်းအိပ်၊ မအိပ်ချင်လည်းအိပ်ပဲ။ စည်းကမ်းချက်အတိုင်း ကျွန်တော်တို့ စည်းကမ်းတကျနေခဲ့ရပါတယ်။ ဒါကို အသေးစိတ်တင်ပြနေခြင်းဟာကျောင်းမှာတုန်းကအချိန်ကို တန်ဖိုးရှိရှိအသုံးချတတ်အောင်၊ စည်းကမ်းတကျ နေထိုင်တတ်အောင် ကျွန်တော်တို့ကို လေ့ကျင့်သင်ကြားခဲ့ပုံတွေကို ထင်ရှားစေလိုလို့ပဲဖြစ်ပါတယ်။ ဒီလိုနဲ့ လေးနှစ်တာအတူတကွ နေထိုင်ကြရင်း နေ့စဉ်လုပ်ငန်းတွေကို စာတွေ့၊ လက်တွေ့လုပ်ကိုင်ရင်း တပ်စိတ်၊ တပ်စု၊ တပ်ခွဲ အဆောင်အလိုက် အားကစားပြိုင်ပွဲများကိုယှဉ်ပြိုင်ကြရင်း ခင်မင်ရင်းနှီး

မှုတွေတိုးပွားခဲ့ရပါတယ်။ တိုင်းရင်းသားအချင်းချင်း တစ်ဦးသဘောတစ်ဦး နားလည်ယဉ်ကျေးမှုတွေ ဖလှယ်ကြရင်းနဲ့ ကျွန်တော်တို့ကိုယ်စီရင်ထဲမှာ သွေးသားရင်းပမာ သံယောဇဉ်ဖြစ်ခဲ့ကြရပါတယ်။ တိုင်းရင်းသားသွေးစည်းညီညွတ်ရေးအတွက် တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို လေ့လာသင်ယူခွင့်ရရင်ရသလို အဆို၊ အက များကိုလည်းသင်ယူကြရပါတယ်။ အခါအားလျော်စွာ တိုင်းရင်းသားရိုးရာ ပဒေသာကပွဲများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ သရုပ်ဖော်တင်ဆက်မှုများကို ကျင်းပပြုလုပ်တဲ့အတွက်ကြောင့်လည်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဘာသာရေးအနေနဲ့လည်း ဗုဒ္ဓဘာသာ၊ ခရစ်ယာန်မခွဲခြားဘဲနဲ့ အားလုံးအတူတူ ပါဝင်ဆင်နွဲကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောင်းတော်ကြီးဟာ ကျွန်တော်တို့ ရှေ့ဆက်ခရီးနှင်ရမယ့် သားသမီးတွေအတွက် အစစအဆင်ပြေစေဖို့ မိခင်တစ်ဦးပမာ နည်းပေးလမ်းပြကာလိုအပ်သည်များဖြည့်ဆည်းပေးခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ကျောင်းတော်ကြီးဟာ ကျွန်တော်တို့ရဲ့ ဒုတိယမိခင် အမိတက္ကသိုလ်ကြီးပါပဲ။ ကျွန်တော်တို့အမိကျောင်းတော်ကြီး၊ ကျွန်တော်တို့မိခင်ကျောင်းဆောင်တော်ကြီးက မအိုသေးပါဘူး။ နုပျိုလန်းဆန်းနေဆဲပါပဲ။ ကျွန်တော်တို့အတွက် ညီငယ်၊ ညီမငယ်များ မွေးဖွားသန့်စင်ပေး နိုင်ဆဲပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်တို့ကျောင်းဆင်းအချင်းချင်းဘယ်နေရာ၊ ဘယ်ဒေသမှာပဲတွေ့တွေ့ စစ်ကိုင်းဖွံ့ဖြိုးရေးကျောင်းဆင်းပါလို့ ပြောဆိုနှုတ်ဆက်လိုက်ရင် တကယ့်ညီအစ်ကိုရင်းပမာ ပြန်တွေ့သလိုခံစားဝမ်းသာရပါတယ်။ အပတ်စဉ်ကြီးရင် အစ်ကိုကြီး၊ အစ်မကြီး၊ အပတ်စဉ်ငယ်ရင် ညီလေး၊ ညီမလေး ဒီအသုံးအနှုန်းကို လှိုက်လှိုက်လှဲလှဲ ခေါ်ပြောနှုတ်ဆက်ကြပါတယ်။ ဒါတွေကို ဘယ်ကရနိုင်ပါသလဲ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၄ ခုနှစ်က စတင်ဖွင့်လှစ်တည်ထောင်ခဲ့တဲ့ ကျွန်တော်တို့ ကျောင်းတော်ကြီးဟာ အခု ၂၀၁၁ ခုနှစ်မှာ ၄၇ နှစ် ပြည့်ခဲ့ပါပြီ။ ကျောင်းဆင်း ၁၂၀၀၀ ကျော် မွေးထုတ်ပေးခဲ့ပါတယ်။ ပညာရေးဌာနမှာ အဓိကတာဝန်ထမ်းဆောင်လျက်ရှိနေကြပြီး ဒေသလိုအပ်ချက်အရ တခြားဒေသ၊ တခြားဌာနအသီးသီးမှာ အမှုထမ်း၊ အရာထမ်းများအဖြစ် လည်းကောင်း၊ တခြားသောနိုင်ငံ့သားကောင်း သမီးမွန်များအဖြစ်လည်းကောင်း တာဝန်အသီးသီးထမ်းဆောင်နေလျက်ရှိကြပါတယ်။ ကျွန်တော်တို့ ဖာပွန်မြို့နယ်မှာလည်း ကျွန်တော်တို့ ကျောင်းဆင်းတွေဟာ ရပ်ရွာရဲ့ သာရေး၊ နာရေး၊ လူမှုရေးများတွင်သာမက၊ တခြားဒေသဖွံ့ဖြိုးရေးကိစ္စများမှာပါ ဦးဆောင်ဦးရွက်ပြုနေကြသူများဖြစ်ကြပါတယ်။ ရပ်ရွာလူထုရဲ့ အားကိုးယုံကြည် ကြည်ညိုလေးစားမှုကို ခံယူရရှိသော ရပ်မိ၊ ရပ်ဖများအဖြစ် ရပ်တည်နေထိုင်ကြပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တုန်းကတည်းကပဲ ရပ်ကွက်၊ ကျေးရွာ ကောင်စီဝင်များအဖြစ်လည်းကောင်း၊ မြို့နယ်ကောင်စီဝင်များအဖြစ်

လည်းကောင်း ပါဝင်ခဲ့ကြသလို မြို့နယ်ပါတီယူနစ် ဥက္ကဋ္ဌ အဲဒီကတစ်ဆင့် ပြည်နယ်ဒေသပါတီ ကော်မတီဝင်အထိ တာဝန်ထမ်းဆောင်ခဲ့သူ ကျွန်တော်တို့ရဲ့ ကျောင်းဆင်းအစ်ကိုကြီး တစ်ဦးလည်းရှိခဲ့ ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတချို့မှာ ပညာရေးကောလိပ်များ၊ တိုင်းရင်းသားလူငယ်စွမ်းရည်ဖွံ့ဖြိုးရေးကျောင်းများ၊ ရန်ကုန်နဲ့မန္တလေးမြို့ တို့မှာ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ ဖွင့်လှစ်ပေးထားတာမို့ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များအတွက် ပညာသင်ယူမှုအခွင့်အလမ်းများ ပိုမိုရရှိနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝမ်းသာပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ သို့ပါသော်လည်း ရေခံမြေခံကောင်းပြီး အစဉ်အလာ ကောင်းတွေနဲ့ ရပ်တည်နေတဲ့ ကျွန်တော်တို့ အမိတက္ကသိုလ်ကျောင်းတော်ကြီးကိုလည်း ဆက်လက် ဖွင့်လှစ်ထားရှိသင့်ပါတယ်။ ဥပမာ ပုံခိုင်းနှိုင်းပြောရရင်တော့ မြို့ရေပေးရေးရေပိုက်က ရေရပြီဆိုပြီး တော့အိမ်ခြံဝင်းအတွင်းက မိဘဘိုးဘွားလက်ထက်ကတည်းကရှိပြီးသား ရေတွင်းကြီးကိုဖို့ပြစ်လိုက်ဖို့ မဖြစ်ပါဘူး။ တွင်းဟောင်းရေကြည်အေးမြသည်။ ဟောင်းပေမယ့်လည်း ကောင်းနေဆဲပါပဲဆိုတဲ့ ဒေါ်ဒွဲဘူရဲ့စကားအတိုင်း အေးမြကြည်လင်သန့်ရှင်းတဲ့ရေတွေကိုပေးနေတဲ့ ဒီရေတွင်းကို သားစဉ် မြေးဆက် ဆက်လက်သုံးစွဲသွားနိုင်အောင် ကျွန်တော်တို့ ထိန်းသိမ်းထားရပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမိမြန်မာနိုင်ငံတော်ကြီးကို ပြည်ထောင်စုဥယျာဉ် ပန်းခင်းကြီးလို့ တင်စားမယ်ဆိုရင် ကျွန်တော်တို့ရဲ့ အမိတက္ကသိုလ်ကြီးဟာ ပြည်ထောင်စုဥယျာဉ် ပန်းခင်းကလေးပါပဲ။ ဒီပြည်ထောင်စုဥယျာဉ်ပန်းခင်းကလေး ထာဝစဉ်၊ ထာဝရရှင်သန် မွှေးကြိုင် လန်းဆန်းနေအောင် ကျွန်တော်တို့ ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နဲ့ အတူဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းရင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီး မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော်ရဲ့နောင်တော်ကြီး ဦးလှထွန်းတင်သွင်းသွား တဲ့အဆိုကို အလေးအနက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို ၁၅ မိနစ်ခန့်ရပ်နားပါသည်။]**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးထန်းလိန်းမင်းတပ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတင်သွင်းသွားခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ထားရှိရေးအဆိုနဲ့စပ်လျဉ်းပြီး ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှာ တော်လှန်ရေးကောင်စီအစိုးရ၊ တပ်မတော်အစိုးရဟာ တိုင်းရင်းသားလူမျိုးများအရေးနှင့် ပတ်သက်၍ တော်လှန်ရေးကောင်စီရဲ့အမြင်နှင့် ခံယူချက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့ရန်အတွက် အထောက်အပံ့ပြုနိုင်ဖို့ရန် ၁၉၆၄ ခုနှစ်၊ အောက်တိုဘာ ၂၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို စစ်ကိုင်းမြို့မှာ စတင်တည်ထောင်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၁၉၆၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာတော့ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းကို ရွာသစ်ကြီးကို ပြောင်းရွှေ့ခဲ့ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၉/၉၁ ဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးပြီး ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် University for the Development of the National Races of the Union ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်၏ ထူးခြားချက်ကတော့ သင်တန်းသားများအားလုံး တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို စာတွေ့လက်တွေ့ သင်ယူလေ့ကျင့်ခွင့်ရတဲ့အတွက် တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများမှာ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှု၊ လေးစားတန်ဖိုး

ထားမှုများရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ပိုမိုခိုင်မြဲစေပါတယ်။ ဒါ့အပြင် တက္ကသိုလ်မှာ စာပေဘာသာရပ်နှင့် ဆရာအတတ်သင်ဘာသာရပ်များအပြင် ဖွံ့ဖြိုးရေးဘာသာရပ်များဖြစ်တဲ့ အားကစားနှင့် ကာယပညာ၊ ဂီတအနုပညာ၊ စိုက်ပျိုးရေးပညာ၊ ပန်းချီအနုပညာ၊ စက်မှုလက်မှုနှင့် အိမ်တွင်းမှုသိပ္ပံပညာ၊ အထူးဖွံ့ဖြိုးရေးဘာသာရပ်များဖြစ်တဲ့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ စာရိတ္တပညာ၊ အခြေခံကွန်ပျူတာ၊ မြန်မာ့ရိုးရာအခြေခံသိုင်းပညာ၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးပညာ၊ အခြေခံကျန်းမာရေးပညာ စတဲ့ဘာသာရပ်များကို သင်ယူလေ့လာရတဲ့အတွက် လုပ်ငန်းခွင်မှာ အရည်အသွေးပြည့်ဝတဲ့ ပညာရေးဝန်ထမ်းများအဖြစ်သာမကပဲ စည်းရုံးရေးဦးဆောင်မှုစွမ်းရည်မြင့်မားတဲ့ ဒေသခံခေါင်းဆောင်များအဖြစ်လည်း ဒေသခံတိုင်းရင်းသားတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာကြိုးပမ်းဆောင်ရွက်စေနိုင်ခဲ့ပါတယ်။ပြည်ထောင်စုတိုင်းရင်းသားများဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းအောင်မြင်ပြီး နိုင်ငံတော်ရဲ့နယ်မြေအနှံ့ နယ်ပယ်အသီးသီးမှာ ယုံကြည်စိတ်ချအားထားရတဲ့ ခေါင်းဆောင်များ၊ ဦးစီးဦးဆောင်သူများအဖြစ် တာဝန်ထမ်းဆောင်နေကြသူများ ကိုလည်းတွေ့မြင်နေရပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်အတွင်းမှာပင်လျှင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်မှထူးချွန်ပြီး ဆေးတက္ကသိုလ်သို့ ဆက်လက်ပညာသင်ကြားခံရပြီး ဆေးပညာဘွဲ့ M.B.B.S ရရှိသူ ၂ ဦး၊ သူနာပြုဘွဲ့ရရှိသူ ၁ ဦး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးမဟာဘွဲ့ရရှိသူ ၁ ဦး၊ စုစုပေါင်း ၄ ဦး မွေးထုတ်ပေးနိုင်ခဲ့တဲ့အတွက် ဝေးလံခက်ခဲတဲ့ဒေသမှာ တာဝန်ထမ်းဆောင်နိုင်မယ့် ဒေသခံတိုင်းရင်းသားပညာရှင်များ ပေါ်ထွက်လာရတဲ့ အခွင့်အရေးများကိုလည်းရရှိစေနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ဖွဲ့စည်းဖြစ်တည်နေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့အရေးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မျိုး အမှန်တကယ်လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း အဆိုတင်သွင်းခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို အလေးအနက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။လေးစားပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းတင်သွင်းတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရှေ့က တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ သားကောင်းတွေဖြစ်ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက အမိတက္ကသိုလ်ကြီးကို လွမ်းတသသနဲ့ ရင်ဖွင့်သွားကြတဲ့ သံယောဇဉ်စကားတွေကိုကြားရတာ ဒီတက္ကသိုလ်ကြီးကို ကျွန်တော်မရောက်ဖူးပေမယ့်လို့ မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက်မြင်လာအောင် ပုံဖော်သွားတာကို ကျွန်တော်ပထမဦးကျူးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ စစ်ကိုင်း၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှာ သင်ကြားခဲ့တဲ့ ပုဂ္ဂိုလ်မဟုတ်ပါဘူး။ ဒါပေမယ့် ဒီတက္ကသိုလ်နဲ့စိမ်းတာတော့ မဟုတ်ဘူးခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ကျွန်တော် ၉ တန်းသင်နေတုန်းမှာပဲ ကျွန်တော့်သူငယ်ချင်းတစ်ယောက် စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ်၊ အဲဒီ စစ်ကိုင်းတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးကျောင်း အမှတ်စဉ် (၁)ကို တက်ဖို့ ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့လည်း ဒီကျောင်းဘာကျောင်းမှန်း မသိသေးပါဘူး။ သူသွားမယ်ဆိုတော့ ကဲကိုယ့်သူငယ်ချင်းတစ်ယောက် ကောင်းတဲ့နေရာကို သင်တန်းတက်ဖို့ သွားတာပဲဆိုပြီး ကျွန်တော်တို့ ဝမ်းပန်းတသာနဲ့ပဲ အားပေးဂုဏ်ပြုခဲ့ကြပါတယ်။ နောက်နှစ်နောက်နှစ်များမှာလည်း ကျွန်တော်တို့သူငယ်ချင်းတွေ တော်တော်များများပဲ ရခိုင်ပြည်နယ်က သူငယ်ချင်းတွေ တော်တော်များများပဲပြီးတော့ တိုင်းရင်းသားတွေလည်းပါပါတယ်။ သူတို့တွေဆက်ဆက်ပြီးတော့ပဲ ဒီ စစ်ကိုင်း၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံကျောင်းကိုတက်ကြပါတယ်။ အခု ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာဆိုရင် တိုင်းရင်းသားလူမျိုးတွေရှိပါတယ်။ သက်၊ မြို၊ ခမီ၊ ဒိုင်နက်စတဲ့ ဒီလို တိုင်းရင်းသားလူမျိုးတွေ တော်တော်များများရှိပါတယ်။ တောင်ပေါ်ဒေသမှာလည်းနေကြပါတယ်။ ဒီတိုင်းရင်းသားလူမျိုးထဲကလည်း စစ်ကိုင်းတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းကိုသွားပြီး

တက်ကြတာများပါတယ်။ ပြီးတော့ အဲဒီသွားတက်ကြတဲ့ တိုင်းရင်းသားလူမျိုးတွေ၊ ကျွန်တော်တို့ သူငယ်ချင်းတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေ ပြန်ရောက်လာတဲ့အခါမှာ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာကိုပြန်လာပြီးတော့ လက်ထောက်မူလတန်းပြဆရာတွေအဖြစ်နဲ့ သူတို့ကို တိုင်းရင်းသားကျေးရွာတွေက ကိုယ့်လူမျိုး၊ ကိုယ့်မိသားစု ခလေးငယ်လေးတွေကို မူလတန်းဆရာအဖြစ်နဲ့ ပညာသင်ပေးပြီးတော့နောက် ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာအကျိုးကို သူတို့ကသယ်ပိုးနေကြတာ ဒီနေ့ထိတိုင်ရှိနေပါသေးတယ်။ နောက်ပြီးတော့ သူတို့က တစ်လျှောက်လုံးမှာပဲ ဘာတွေတွေ့လဲဆိုတော့ ပါတီကောင်စီခေတ်မှာ လည်း သူတို့ဟာ ပါတီတာဝန်၊ အုပ်ချုပ်ရေးတာဝန် ဒီတာဝန်တွေသူတို့ဆက်ပြီး ထမ်းဆောင်ခဲ့ကြတာလည်း တွေ့ရပါတယ်။ ဒီနေ့ အခု ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးနဲ့ လွှတ်တော်တွေပေါ်ထွန်းလာတဲ့အခါမှာလည်း ဒီဖွံ့ဖြိုးရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ အခု လွှတ်တော်ကိုယ်စားလှယ်များအဖြစ်နဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူတွေအကျိုးကိုဆက်ပြီးတော့ သယ်ပိုးထမ်းရွက်နေကြတာကိုလည်း တွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုသွားပြီး သတိရပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝက မြန်မာစာမှာသင်ခဲ့ရတဲ့ ဆရာသိပ္ပံမောင်ဝရဲ့ ဝတ္ထုဆောင်းပါးထဲက ဆရာစောကျောင်းကို အမှတ်ရပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ တော်တော်များများသိကြမှာပါ။ ဆရာစောကျောင်းဆို အားလုံးသိကြပါတယ်။ ဆရာသိပ္ပံမောင်ဝက ဆရာစောကျောင်းက ကျောင်းသားလေးတွေကိုမြင်တော့ သူကမှတ်ချက်ချခဲ့ပါတယ်။ ဘယ်လို မှတ်ချက်ချခဲ့လဲ တစ်နေ့ ဒီကျောင်းသားလေးများထဲက နိုင်ငံတော်သမ္မတဖြစ်မလာနိုင်ဘူးလို့ မည်သူပြောနိုင်ပါအံ့နည်းတဲ့။ ဆရာစောရဲ့ ကျောင်းသားလေးတွေကိုတောင် ဆရာသိပ္ပံမောင်ဝက ဒီလိုမှတ်ချက်ချခဲ့တယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်က ပညာရေးဘွဲ့ရပုဂ္ဂိုလ်များအတွက်ဆိုရင် အဘယ်ပြောဖွယ်ရာရှိအံ့တော့မည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်ရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေး အဆိုကိုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းက သင်ကြားပို့ချပေးခဲ့သော ဘာသာရပ်အချက်အလက် အလေ့အကျင့်

ကောင်းများဟာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အထူးသက်ရောက်မှုရှိတာကို ခံစားသိရှိရပါတယ်။ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်း အချင်းချင်းတွေ့ဆုံလျှင် တကယ့်ညီအစ်ကိုမောင်ရင်းနှစ်မများကဲ့သို့ခံစားမိစေပြီး တစ်ဦးကိုတစ်ဦး အလွန်လေးစား အကြီးရဲ့စကားကို အငယ်ကအလိုလိုနားထောင်နာခံ မိလျက်သားလည်းဖြစ်ပေါ်စေပါတယ်။ မိမိတို့နေခဲ့သော ကျောင်းတော်ကြီးကို မိမိတို့နေအိမ်ကဲ့သို့ အထူးသတိရလေးစားတသတဲ့ ခံစားချက်များ ဖြစ်ပေါ်လျက်ရှိကြတာကိုလည်း တွေ့ရှိရပါတယ်။ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများရဲ့ အခြေအနေကို စိစစ်ကြည့်ပါက အမှန်တကယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စွမ်းရှိပြီး ပြုစုပျိုးထောင်ခဲ့ရတဲ့ တိုင်းပြည်အတွက်အထောက်အကူဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ကယားပြည်နယ်တစ်ခုတည်းကိုကြည့်ရင် ယနေ့ပါတီစုံဒီမိုကရေစီခေတ် လျှောက်လှမ်းရာမှာ ပြည်နယ်လွှတ်တော်မှာ ဝန်ကြီး ၄ ပါး၊ အမျိုးသားလွှတ်တော်မှာ ကိုယ်စားလှယ် ၄ ဦး၊ ပြည်သူ့လွှတ်တော်မှာ ကိုယ်စားလှယ် ၄ ဦး၊ စုစုပေါင်း ၁၂ ဦး ဦးဆောင်ပါဝင်နေကြတာကို တွေ့ရှိရပါတယ်။ ယခုလွှတ်တော်အတွင်းမှာ အခြားတိုင်းနှင့် ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆင်းများလည်း ပါဝင်လာတာကိုလည်းတွေ့ရပါတယ်။ ကျွန်တော်မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ကိုယ်စားလှယ်သည်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသိပ္ပံ ၁၉၈၂ ခုနှစ်ဆင်း သင်တန်းအပတ်စဉ် ၁၃ မှ ကျောင်းသား နံပါတ်(၈၉) ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်တမ်းနှစ် ၄၀ ကျော်ရင့်ကျက်နေပြီးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အမှန်တကယ်ဖော်ကျူးနိုင်ခဲ့တဲ့ စည်းမျဉ်းစည်းကမ်းများနဲ့ စနစ်တကျကျင့်ထုံးများရှိပြီးဖြစ်တဲ့၊ မြေနေရာအဆောက်အဦကြီးများ အသင့်ရှိပြီးဖြစ်တဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း) ကျောင်းတော်ကြီးကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရဲ့ အမြုတေပြယုဂ်အဖြစ် ခေတ်နှင့်လိုက်လျောညီထွေအဆင့်မြှင့်ပြီးဆက်လက်ဖွင့်လှစ်ထားသင့်ပါကြောင်း၊ ဆက်လက်ဖွင့်လှစ်သွားသင့်ပါကြောင်း တင်ပြရင်း ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်နန်းနွံ၊ ရှားတောမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနွံ(ရှားတောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကျန်းမာချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနွံ

ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း အဆိုတင်သွင်းသွားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကိုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီအဆိုကို ကျောင်းဆင်းကိုယ်စားလှယ်များ အပါအဝင် ကိုယ်စားလှယ်များစွာက ပြည့်ပြည့်စုံစုံနဲ့ ဆွေးနွေးသွားကြပြီးဖြစ်တဲ့အတွက်ကြောင့် ကျွန်မအနေနဲ့ အချိန်ကို ငဲ့သောအားဖြင့် အနည်းငယ်သာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ သင်တန်းဆင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများဟာ ၄ နှစ်သာ အတူနေ၊ အတူစား၊ အတူသွား၊ အတူပညာသင်ကြားခဲ့ကြတဲ့အတွက်ကြောင့် တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုရှိပြီး နှစ်ပေါင်းများစွာကြာတဲ့တိုင်အောင် ညီရင်းအစ်ကို၊ မောင်ရင်းနှမကဲ့သို့ ချစ်ခင်စည်းလုံးမှုရှိခဲ့ကြပါတယ်။ မိမိတို့ တာဝန်ကျရာဒေသရှိ ကျောင်းသားလူငယ်များကိုလည်း ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထွန်းကားအောင် ပြုစုပျိုးထောင်ပေးခြင်းဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးကို အစဥ်ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြပါတယ်ရှင်။ အဲ့ဒါအပြင် ကျွန်မတို့ဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမိန့်မှာသလိုပါပဲ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ မထားဘဲ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ပြီးတော့ လိုတဲ့ ပန်းတိုင်ကို ဦးတည်လျှောက်လှမ်းနေခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးရှင့်။ သင်တန်းဆင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေဟာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ပြည်သူလူထုအကျိုးကို ထာဝစဥ်ရှေးရှုခြင်းဖြင့် ကျရာတာဝန်ကို ဦးလည့်မသုန် ထမ်းရွက်ကြပါတယ်။ ပြည်သူလူထုအကျိုးကို ထမ်းရွက်ခဲ့တဲ့အတွက်ကြောင့်လည်း ပြည်သူများရွေးချယ်တင်မြှောက်ခဲ့လို့ ကျွန်မတို့ ယခုလို လွှတ်တော်မှာ တာဝန်ထမ်းဆောင်ခွင့်ရခဲ့ကြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးရေး တက္ကသိုလ်ဟာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသေးတဲ့ ဖွံ့ဖြိုးမှုအားယူစဖြစ်နေသေးတဲ့ ကျွန်မတို့တိုင်းရင်းသားများရဲ့ ဝေးလံခက်ခဲတဲ့ဒေသတွေအတွက် အလွန်လိုအပ်နေပါသေးတယ်။ ပညာရေးမှာလိုအပ်နေတဲ့ အရည်အချင်းပြည့်ဘွဲ့ရဆရာ၊ ဆရာမများမွေးထုတ်ပေးတဲ့အပြင် ဒေသနေ တိုင်းရင်းသားလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းကိုလည်းတိုးတက်ရရှိစေပါတယ်။ နိုင်ငံတော်ရဲ့စေတနာကြောင့် ကျွန်မတို့ တိုင်းရင်းသားလူငယ်များဟာ တိုင်းရင်းသားဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ တက်ရောက်ခွင့်ရရှိခဲ့ကြသော်လည်း အမျိုးသမီးလေးတွေမပါပါဘူး။ ဒေသအတွေ့အကြုံအရပြောရမယ်ဆိုရင် အခြေခံပညာအထက်တန်း

အောင်မြင်တဲ့ကလေးများထဲမှာ မိန်းခလေးခပ်များများဖြစ်ပါတယ်။ ကျွန်မတို့ ဒေသမှာဆိုရင် တချို့ကလေးတွေဟာ အခြေခံပညာအထက်တန်းအောင်မြင်ပြီး အခြားတက္ကသိုလ်ကိုလည်း တက်ရောက်ခွင့်မရရှိကြတဲ့အတွက်ကြောင့်မို့လို့ မိဘစီးပွားရေးအခြေအနေ မကောင်းတဲ့အတွက်ကြောင့်မို့လို့ မိဘလုပ်ငန်းဖြစ်တဲ့ ဈေးရောင်းဈေးဝယ်လုပ်ငန်း၊ လယ်ယာလုပ်ငန်းတွေမှာပဲ ပြန်လည်ကျင်လည်နေခဲ့ရပါတယ်ရှင်။ နောက်ဆုံးအနေနဲ့ ဆွေးနွေးချင်တာကတော့ အမိကျောင်းတော်ကြီးဟာ ၄၇ နှစ်တာကာလအတွင်း သင်တန်းဆင်း ၁၂၀၀၀ ကျောင်း မွေးထုတ်ပေးခဲ့ပြီဖြစ်သော်လည်း အခြေအနေအရလိုအပ်ချက်များ ရှိနေသေးကြောင်းတွေ့ရှိရပါတယ်။ ကျွန်မတို့ဟာ အမိဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့သားသမီးရင်းများပီပီ အမိကျောင်းတော်ကြီးကို ရွှေရတု၊ စိန်ရတု၊ အနှစ် ၁၀၀ မှသည် ကမ္ဘာတည်သရွေ့အရှည်တည်တံ့နိုင်ဖို့ကို မျှော်လင့်ချက်ကြီးစွာနဲ့ ဦးလှထွန်းရဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို အလေးအနက်ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဆာ၊ တန့်ယန်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း (တန့်ယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဆွေးနွေးတင်ပြချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုဆွေးနွေးသွားမှာကတော့ ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းရဲ့ ၂၉-၉-၂၀၁၁ ရက်နေ့က အဆိုတင်သွင်းထားတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ထားရှိရေး အဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဖွံ့ဖြိုးရေးတက္ကသိုလ်ရဲ့ သမိုင်းကြောင်းကို လေ့လာကြည့်ရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အဖက်ဖက်ကဖွံ့ဖြိုး တိုးတက်စေရေးအတွက် တွန်းအားတစ်ခုဆိုလျှင်လည်း မှားမယ်မဟုတ်ပါ။ တိုင်းရင်းသားပေါင်းစုံစုပေါင်းနေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသားတို့ဟာ ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာနေပြီးသောသူများရှိသလို မဖွံ့ဖြိုးမတိုးတက်သေးသော ဆင်းရဲနေသေးသောဒေသနှင့် လူမျိုးများရှိနေသေးတာကိုတွေ့ရှိနေရပါတယ်။ အဲဒီ ကွာခြားချက်နှစ်ခုရဲ့ခြားနားမှု အလွန့်အလွန် မကွာခြားစေရန်

ထိန်းညှိပေးသောအရာဟာ ပညာရေးသာအရင်းခံဖြစ်ပါတယ်လို့ တွေးမြင်ယူဆရပါတယ်။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ငယ်စဉ်က ပညာမသင်ကြားရဘဲ ကြီးပြင်းလာတဲ့သူများဟာ ပျံကျ အလုပ်၊ လက်လုပ်လက်စားစတဲ့အလုပ်များကိုသာ လုပ်ကိုင်တတ်ကြပြီး တွေးခေါ်မြော်မြင်မှုအပိုင်းမှာ အားနည်းနေမှာဖြစ်ပါတယ်။ အဲဒီလို အားနည်းမှုမျိုးရှိနေရင် ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားထု အကျိုးများကို ထမ်းရွက်ရန် စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ အဲဒီတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ တို့တာဝန် အရေးသုံးပါးကို နားလည်သဘောပေါက်မယ်မဟုတ်ပါ။ ကျွန်တော်တို့ မြို့နယ်အတွင်းကကျောင်း နေရသူတွေ၊ ပညာတတ်သူတွေ၊ အတွေးအခေါ်ရှိကြသော်လည်း ကျောင်းမနေရသူတွေ၊ ပညာမသင် ကြားရသူတွေအတွက်တော့ မျက်စိအမြင်လောက်သာ တွေးတောကြံဆတတ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တတ်အားသရွေ့ အရွယ်ရောက်လာသောကလေးများအား ကျောင်းနေစေခြင်း၊ အခြေခံပညာ မူလတန်းကျောင်းများ ဖွင့်လှစ်ခွင့်ရရန်ဆောင်ရွက်စေခြင်းစသည်များကိုလည်း အထိုက် အလျောက်စည်းရုံးဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ တန့်ယန်းမြို့နယ်ဟာ နယ်မြေကျယ်ဝန်း သလောက်နေထိုင်ကြသော လူမျိုးများလည်းစုံလင်လှပါတယ်။ ရှမ်း၊ ဗမာ၊ ကချင်၊ ဝ၊ လွယ်လ၊ ပလောင်၊ လားဟူ၊ လီဆူ၊ တရုတ် စသည့်လူမျိုးများ ရောနှောနေထိုင်လျက်ရှိကြပါတယ်။ အဲဒီလို လူမျိုးများအားလုံးရဲ့ ရင်သွေးငယ်သားသမီးများ ပညာသင်ကြားနိုင်ရေးအတွက် အစိုးရအထက်တန်း ကျောင်း နှစ်ကျောင်း၊ တွဲဖက်အထက်တန်း ကျောင်းတစ်ကျောင်း၊ အလယ်တန်း ကျောင်းနှစ်ကျောင်းနဲ့ မူလတန်းကျောင်း ၃၅ ကျောင်းခန့်ရှိတဲ့အပြင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းလေးကျောင်း၊ သာသနာပြုမယ်သီလရင် သင်တန်းကျောင်းတစ်ကျောင်းရှိပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် လက်ထက်က ပါတီဥက္ကဋ္ဌကြီးရဲ့ လမ်းညွှန်ချက်အရဖွင့်လှစ်ထားတဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကျောင်း တစ်ကျောင်းရှိပါတယ်။ အဲဒီကျောင်းဟာ ယခုနတလမှ တာဝန်ယူဖွင့်လှစ် ပေးထားပြီး ယခုတက်ရောက်သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူများမှာ အခမဲ့ပညာသင်ကြား ခွင့်ရရှိပြီး ကျောင်းအိပ်ကျောင်းစား တိုင်းရင်းသားပေါင်းစုံတို့ရဲ့ သားငယ်၊ သမီးငယ်များ ၂၀၀ ခန့် ပညာသင်ကြားလျက်ရှိနေပါတယ်။ သာသနာပြု မယ်သီလရင်ကျောင်းမှာ ကျောင်းသူများ ၂၀၀ ခန့် သီလရင်ဆရာလေးများ အဖြစ်ခံယူပြီး သူငယ်တန်းမှ အခြေခံပညာ အထက်တန်းအထိ ပညာသင်ကြား လျက်ရှိနေပါတယ်။ အဲဒီလိုရှိသည့်အတွက် ငွေကြေးမပြည့်စုံတဲ့မိဘများရဲ့ သားသမီးများဟာ အထက်တန်းပညာကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခုကို အားကိုး အားထားပြုရပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူငယ်လေ့ကျင့်ရေးကျောင်းမှာ ပညာသင်ကြား

နေကြတဲ့ ကျောင်းသူကျောင်းသားများ ရှေ့ဆက်လှမ်းရမည့်နေရာဟာ ဖွံ့ဖြိုးရေးတက္ကသိုလ်ဖြစ်မယ် လို့ယုံကြည်အားထားရပါတယ်။ အပင်ကောင်းတော့ ငှက်တစ်သောင်းနားဆိုတဲ့စကားအတိုင်း ကံအား လျော်စွာ ၁၀ တန်းစာမေးပွဲကိုအောင်မြင်လာခဲ့ရင် စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ်သို့သာ ပို့ဖို့အတွက် ရည်ရွယ်ချက်ထားရှိပြီး အဲဒီ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ် သင်ကြားပေးနိုင်ပါစေလို့လည်း ဆုတောင်းလျက်ပါ။ ကြည်လင်အေးမြသော တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ကျွန်တော်တို့ မြို့နယ်မှ တိုင်းရင်းသားရင်သွေးငယ်များ တက်ရောက် သင်ကြားနိုင်မည့် အခွင့်အလမ်းကို မျှော်လင့်တမ်းတမိပါတယ်။ အဲဒီလိုသင်ကြားခွင့်ရပါမှ ဆရာ၊ ဆရာမများ၏ ဆုံးမဩဝါဒကိုခံယူပြီး ပညာသင်ကြားခွင့်ရပါလျှင် ပြည်ထောင်စုရဲ့မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ကြွေးကြော်သံနှင့်အတူ ချစ်ကြည်ရင်းနှီးစွာနဲ့ တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်သည်းခံခြင်းနှင့်အတူ ချစ်ကြည်ရင်းနှီးစွာ စုပေါင်းနေထိုင်ခြင်း၊ စုပေါင်းပညာသင်ခြင်းစတဲ့ ပညာရေးကို လေ့လာဆည်းပူး လိုကြသော တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဘဝပျော်ရွှင်တိုးတက်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများရဲ့ ပညာရွှေအိုးသဖွယ်ဖွင့်လှစ်ပေးထားသော နိုင်ငံတော်အစိုးရအဆက်ဆက် တို့၏ကျေးဇူးဂုဏ်ကို အမြဲအောက်မေ့သတိရလျက် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ပေးပါစေလို့ဟု ဆုတောင်းရင်း ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဦးလှထွန်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဇောင်းခေါင်၊ ဆော့လော်မဲဆန္ဒနယ်ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်ဝကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇောင်းခေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးလှထွန်းတင်သွင်းတဲ့ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်း ဆက်လက်ဖွင့်လှစ်ထားရှိရေး အဆိုကို အနည်းငယ် ထောက်ခံဆွေးနွေးတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေးလံခက်ခဲတဲ့ တောင်ပေါ်ရှိ ဒေသခံကျောင်းသားများဟာ ငွေကြေးချို့တဲ့ပြီး ဆင်းရဲနွမ်းပါးတဲ့သူများဖြစ်တဲ့အတွက် အခြေခံပညာအတန်းပြီးဆုံးပါက မြို့ကြီးရှိတက္ကသိုလ်ကျောင်းများသို့ သွားရောက်သင်တန်းများတက်

ရောက်ရန်အခက်အခဲများရှိပါတယ်။ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဟာ နိုင်ငံတော်မှနေထိုင်စားသောက် စရိတ်များ ကျွေးမွေးထောက်ပံ့ပေးသည့်အတွက် ဒေသခံဆင်းရဲသားတိုင်းရင်းသားများအတွက် အထူး သင့်လျော်သော သင်တန်းကျောင်းတစ်ခုဖြစ်တာကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ်ကြီးများက ပြည့်ပြည့်စုံစုံ ဆွေးနွေးခဲ့ကြပြီးဖြစ်တဲ့ အတွက်လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသဖြစ်တဲ့ မိမိမြို့နယ်အတွင်းမှာလည်းပဲ ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ လိုအပ်နေပါသေးသဖြင့် ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှထွန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးဇောင်းခေါင်အဆိုကိုကျွန်တော်တို့ သဘောပေါက်ပါတယ်။ အများကြီး ထောက်ခံပြီးတော့ နည်းနည်းပဲပြောတာဟုတ်လား။

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးကျော်သူ(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော် ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝ ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးလှထွန်းရဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဆက်လက်ပြီး ဖွင့်လှစ်ထားရှိရေးအဆိုကို ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၈ ရက် မြောက်နေ့အစီအစဉ်မှာ တင်သွင်းသွားခဲ့ပါတယ်။ ဒီအဆိုအပေါ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးတို့ကလည်း ရှေ့ပိုင်းကအသီးသီး ထောက်ခံဆွေးနွေးခဲ့ ကြပြီးဖြစ်ပါတယ်။ ဒီအဆိုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားခွင့်ပြုပါရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးထံခွင့်ပန်အပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒီနေ့အချိန်အခါမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးမှာတည်ရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(University for the Development of the National Races of the Union) ရဲ့ ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကိုတော့ အဆိုတင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးလှထွန်းက သူ့ရဲ့အဆိုမှာ အကျဉ်းချုပ်တင်ပြသွားခဲ့သလို အဆိုကိုထောက်ခံ

ဆွေးနွေးခဲ့ကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး အချို့ကလည်း ဖြည့်စွက်ပြောကြားသွားပြီး ဖြစ်တဲ့အတွက် ဒီတက္ကသိုလ်ရဲ့နောက်ခံသမိုင်းကို ကျွန်တော့်အနေဖြင့် ထပ်မံပြီးရှင်းပြမနေတော့ပါဘူး။ ယခုကျင်းပနေတဲ့ ပြည်သူ့လွှတ်တော်မှာသာမက အမျိုးသားလွှတ်တော်မှာပါ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှာ အောင်မြင်စွာပညာသင်ကြားခဲ့ကြတဲ့ ကျောင်းဆင်း ပုဂ္ဂိုလ်များဟာ နိုင်ငံ့တာဝန်ကို အဆင့်မြင့်မားတဲ့အခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နေကြတာကို မြင်တွေ့ကြားသိရတဲ့အတွက်လည်း ကျွန်တော့်အနေနဲ့ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အလျဉ်းသင့်တုန်း တင်ပြလိုပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအနေနဲ့ တော်လှန်ရေး ကောင်စီအစိုးရလက်ထက် ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ၊ ၂၀ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့စဉ်က အဓိကရည်ရွယ်ချက်ကတော့ နယ်စပ်ဒေသနဲ့ သွားလာရေးဝေးလံခက်ခဲတဲ့ဒေသက တိုင်းရင်းသား လူငယ်တွေကို နိုင်ငံတော်ကတာဝန်ယူပြီး ပညာတတ်ဘွဲ့ရအောင် သင်ကြားလေ့ကျင့်ပေးပြီး၊ ဝေးလံ ခေါင်းပါးပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ မိမိတို့ဇာတိနေရပ်ဒေသတွေမှာ ပြန်လည်ပြီးပညာရေး ဝန်ထမ်းတာဝန်ထမ်းဆောင်စေခြင်းဖြင့် တိုင်းရင်းသားပြည်သူများအကြား ခေတ်ပညာပြန့်ပွားစေဖို့နဲ့ တစ်ဖက်တစ်လမ်းကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင် ဖို့ဖြစ်ပါတယ်။ ထိုအချိန်အခါကို ပြန်ကြည့်မယ်ဆိုလျှင် မြန်မာနိုင်ငံမှာ တက္ကသိုလ်ဆိုလို့ ရန်ကုန်နဲ့ မန္တလေးမြို့ကြီးနှစ်မြို့မှာသာရှိပြီး ကောလိပ်များအနေနဲ့လည်း မော်လမြိုင်၊ မကွေး၊ ပုသိမ်၊ မြစ်ကြီးနား၊ တောင်ကြီးနဲ့ကျောက်ဖြူမြို့တွေမှာသာ ဖွင့်လှစ်နိုင်တဲ့အတွက် တိုင်းနှင့်ပြည်နယ် အထူးသဖြင့်တော့ နယ်စပ်ဒေသတွေမှာရှိတဲ့ တိုင်းရင်းသားလူငယ်များရဲ့ ပညာသင်ယူနိုင်မှု အခွင့်အလမ်းဟာ လွန်စွာ နည်းပါးပြီး ပညာတတ်များမွေးထုတ်ဖို့အခက်အခဲရှိခဲ့ပါတယ်။ ဒါ့ကြောင့်လည်း အဲဒီကာလတုန်းက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဟာ ပြည်နယ်၊ တိုင်းများက သင်တန်းသား များကိုခေါ်ယူပြီး ပညာရေးဘွဲ့သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးပြီး နောက်ပိုင်းမှာတော့ ၁၉၉၄-၁၉၉၅ ခုနှစ် ပညာသင်နှစ်ကစပြီး မဟာပညာရေးဘွဲ့သင်တန်းအထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပါ တယ်။ အဆိုအပေါ် ထောက်ခံသွားခဲ့တဲ့သူများဟာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ရဲ့ အတိတ်သမိုင်းကြောင်းကို ပြန်ပြောင်းသတိရပြီး ဒီတက္ကသိုလ်ဆက်လက်ဖွင့်လှစ်ရေး အဆိုကို တင်သွင်းသွားခဲ့တာတွေ့ရတဲ့အတွက် သမိုင်းကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော့်ရဲ့ဖခင် ရေးသားခဲ့တဲ့ မှတ်တမ်းကောက်နုတ်ချက်ကလေးတစ်ခုကို တင်ပြခွင့်ပြုစေလိုပါတယ်။ သူရေးသားခဲ့ တာကတော့ "သမိုင်းသည်အတိတ်တွင်ရပ်တံ့၍မရ၊ ပစ္စုပ္ပန်ကိုဖြတ်သန်းသည်၊ အနာဂတ်ကိုမျှော်သည်။ အတိတ်ကို လွန်စွာမြတ်နိုးနေ၍မရ၊ လွန်ခဲ့တာတွေကို ယူကျုံးမရဖြစ်နေ၍လည်း အကျိုးမထူး၊

လုပ်စရာတွေကို ဆက်၍လုပ်ရသည်။ အတိတ်မှသင်ခန်းစာယူတန်ယူ၍ အားယူတန်ယူ၍ ခရီးဆက်ရသည်"ဟူ၍ မှတ်တမ်းလေးတစ်ခုရေးသားခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကလည်း ၂၀၁၁ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ပြောကြားခဲ့တဲ့မိန့်ခွန်းမှာ စနစ်တစ်ခု၊ ခေတ်တစ်ခုကို ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။ ပြောင်းလဲတဲ့ခေတ်စနစ်နဲ့အညီ အတွေးအခေါ်တွေ၊ လုပ်နည်းလုပ်ဟန်တွေလည်းလိုက်ပြောင်းရပါမယ်ဆိုပြီး မိန့်ကြားခဲ့တာကို အားလုံးပဲမှတ်မိကြအုံးမယ်လို့ထင်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရဘက်ကကြည့်မယ်ဆိုရင် ယခုအချိန်အခါမှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုစလုံးမှာ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်တွေရှိတဲ့အပြင် အချို့ဒေသတွေမှာလည်း ဒီဂရီကောလိပ်တွေကို နိုင်ငံတော်အစိုးရက ဖွင့်လှစ်တည်ထောင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီလိုနိုင်ငံတော်ကဘဏ္ဍာငွေကြေးများစွာ အကုန်အကျခံပြီး တက္ကသိုလ်၊ ကောလိပ်တွေကို နိုင်ငံတစ်ဝန်းလုံးဖွင့်လှစ်ပေးခဲ့ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့နယ်မြေအသီးသီးမှာ အကြားမလပ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့က တိုင်းရင်းသားလူငယ်တွေအတွက် ငွေကုန်ကြေးကျခံပြီး ဝေးလံတဲ့ဒေသတွေဆီသွားပြီး အဆင့်မြင့်ပညာရပ်တွေသင်ယူဖို့မလိုတော့ဘဲ ကိုယ့်ရပ်၊ ကိုယ့်ရွာ၊ ကိုယ့်ဒေသအတွင်းမှာပဲ မိဘဆွေမျိုးများနဲ့မခွဲမခွာ ပညာဆက်လက်သင် ကြားဆည်းပူးနိုင်စေဖို့ဆိုတဲ့ စေတနာ၊ ရည်ရွယ်ချက်ဖြစ်ပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် အထူးအလေးထား ဆောင်ရွက်နိုင်ရန်အတွက်လည်း ၁၉၉၂ ခုနှစ်၊ စက်တင်ဘာလမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဖွဲ့စည်းပေးခဲ့ပြီး ယနေ့အစိုးရသစ်လက်ထက်မှာတော့ နယ်စပ်ရေးရာဝန်ကြီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်လျက်ရှိတာ အားလုံးအသိဖြစ်ပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုအောက်မှာလည်း ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် ၂ ခုကို ရန်ကုန်မြို့နဲ့ မန္တလေးမြို့များမှာ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။ ဒီလိုဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်တွေကလည်း နယ်စပ်ဒေသမှာလိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မယ့် အဆင့်မြင့်ပညာတတ်ကျွမ်းတဲ့ အသိပညာရှင်များ မွေးထုတ်ပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းရဲ့ Ideal Standard စံချိန်၊ စံညွှန်း(၆)ရပ်ရှိတယ်လို့သိရပါတယ်။ ဒီ(၆)ရပ်အနက် တစ်ရပ်ကတော့ ပိုင်းခြားဝေဖန်ဆင်ခြင်မှုကို ယုံကြည်အားထားခြင်း၊ တစ်နည်းအားဖြင့် The belief in Rationally ဖြစ်ပါတယ်။ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို မျှော်မှန်းတည်ဆောက်ရာမှာ ပိုင်းခြားဝေဖန်ဆင်ခြင်မှုဟာ အရေးကြီးတယ်လို့

တင်ပြလိုပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ဆက်လက်ဖွင့်လှစ်ဖို့ဆိုတဲ့အဆိုနဲ့ ဒီအဆိုအပေါ် ထောက်ခံဆွေးနွေးသွားခဲ့ကြတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများရဲ့ကျိုးကြောင်းဖော်ပြချက်တို့ဟာလည်း လျော်ကန်သင့်မြတ်ကြောင်း တွေ့မြင်ရပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆက်လက် ဖွင့်လှစ်ထားရှိရေးအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့ပိုင်းခြားဝေဖန်ဆုံးဖြတ်မှုကို နာယူသွားမှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ယခုလို ရှင်းလင်းပြောကြားခွင့်ရရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးအားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းနှင့် အဆိုအပေါ်မှာထောက်ခံဆွေးနွေးသွားခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့တကွ အနယ်နယ်အရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အခုလို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးသွားတဲ့နေရာ မှာပိုင်းခြားဝေဖန်မှုကောင်းသော လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်လို့ တင်ပြပြောဆိုသွားတာ ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ပိုင်းခြားဝေဖန်မှု စွမ်းရည်အင်မတန် မြင့်မားတဲ့အတွက် ယခုအဆိုအပေါ်မှာ မျက်နှာအသွင်အပြင်များ ကြည့်လိုက်တဲ့အခါမှာ ဘယ်လို ဆုံးဖြတ်မလဲဆိုတာ ပေါ်လွင်နေပါတယ်။ သို့ရာတွင် ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်အရ ခန္တီးမဲဆန္ဒနယ်မှဦးလှထွန်းတင်သွင်းတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ဖွင့်လှစ်ထားရှိရေးအဆိုကို လွှတ်တော်ကသဘောတူအတည်ပြုကြောင်း လွှတ်တော်ရဲ့ သဘောထားခံယူပါမယ်။ ဒါကြောင့်မို့လို့ ဦးလှထွန်းတင်သွင်းတဲ့အဆိုကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ဆက်လက် ဖွင့်လှစ်ထားရှိရေးအဆိုကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]**

**ဥက္ကဋ္ဌ**။ ။သဘောမတူသူရှိပါသလားခင်ဗျား။ မရှိတဲ့အတွက် ဦးလှထွန်း တင်သွင်းတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဆက်လက် ဖွင့်လှစ်ထားရှိရေးအဆိုကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့ကလည်း သောကြာနေ့၊ သောကြာနေ့ဆိုတော့ သဘောပေါက်ကြတယ်။ သို့ရာတွင် အရေးကြီးအဆိုတစ်ရပ်တင်သွင်းလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြ

လာတာကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၃၃ အရ ကျွန်တော်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြု ထားပါတယ်။ ဒါကြောင့် အဆိုတင်သွင်းမယ့် အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေအားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားသော ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ မနက်ပိုင်းက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို နိုင်ငံတော်သမ္မတကြီးထံကပေးပို့ခဲ့တဲ့ သဝဏ်လွှာပါ အချက်များနှင့် ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော်မှ ကြိုဆိုထောက်ခံ မှတ်တမ်းတင်သင့်ကြောင်း အဆိုကို ကျွန်တော့်အနေနဲ့ တင်သွင်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးထံကပေးပို့ခဲ့တဲ့ သဝဏ်လွှာမှာပါရှိတဲ့ ပြည်ထောင်စု အစိုးရ၊ တိုင်းဒေသကြီးတွေနဲ့ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ သန့်ရှင်းတဲ့ အစိုးရဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေမှုများ၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့နဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဟန်ချက်ညီ ကြိုးပမ်းလုပ်ဆောင်နေမှုများ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကိုရှေးရှုလျက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဆောင်ရွက်နေမှုများဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လိုလားတောင့်တချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပေးပို့တဲ့ သဝဏ်လွှာမှာပါတဲ့ ဖော်ပြပါအချက်များကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့ လှိုက်လှဲစွာ ကြိုဆိုရမှာဖြစ်တယ်လို့ တင်ပြလိုပါတယ်။ အလားတူပါပဲ သဝဏ်လွှာမှာ ဖော်ပြထားတဲ့အကြောင်း အမျိုးမျိုးကြောင့် ပြည်ပသို့ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကို အမိနိုင်ငံသို့ ပြန်လာလိုသူများ ရှိမယ်ဆိုလို့ရှိရင် စနစ်တကျ စိစစ်ပြီးတော့မှ လက်ခံဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရရဲ့ သဘောထားကြီးမှုတွေကို ထင်ဟပ်တဲ့ဆောင်ရွက်မှုများ ဖြစ်ပါတယ်။ အလားတူပဲ အဆိုပါလုပ်ဆောင်မှုသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုတဲ့ ဆောင်ရွက် ချက်၊ လုပ်ဆောင်ချက်ဖြစ်သဖြင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်မှ ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုသင့်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် အကျဉ်းသားများ လွှတ်ပေးရေးကိစ္စကိုလည်းပဲ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အပ်နှင်းထားတဲ့ အခွင့်အာဏာဘောင်

အတွင်းမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဝဏ်လွှာမှာဖော်ပြထားပါတယ်။ အကျဉ်းသားများနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူ့လွှတ်တော်အတွင်းမှာလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံးရဲ့ဆန္ဒ၊ သဘောထားနဲ့လည်း တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါဖော်ပြချက် သည်ပြည်သူများရဲ့ဆန္ဒ လွှတ်တော်ရဲ့ဆန္ဒကို နိုင်ငံတော်အစိုးရက အလေးထားကြောင်း ပေါ်လွင်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားကြီးစွာ ဆောင်ရွက်မှုဖြင့် အဆိုပါဆောင်ရွက်ချက်ကိုလည်းပဲ လှိုက်လှဲစွာကြိုဆိုသင့်ပါကြောင်း ပြောကြားလိုပါတယ်။ အထူးအားဖြင့် ဖော်ပြပါသဝဏ်လွှာမှာ ဖော်ပြထားတဲ့ ပြည်သူများရဲ့ စိုးရိမ်မှုဖြစ်ပေါ်နေတဲ့ ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနဲ့ ပတ်သက်ပြီးတော့မှ မြစ်ဆုံဆည်တည်ဆောက်ခြင်းကို ဆက်လက်မပြုလုပ်စေဘဲ ရပ်ဆိုင်းထားမှာဖြစ်ကြောင်းနဲ့ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အန္တရာယ်မရှိနိုင်တဲ့ အခြားသောရေအားလျှပ်စစ်စီမံကိန်းများကိုသာ စနစ်တကျလေ့လာဆန်းစစ်ပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြထားတာကိုလည်းပဲ တွေ့ရပါတယ်။ အဆိုပါဆုံးဖြတ်ချက်ဟာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့အမြော်အမြင်ကြီးမားမှု ပြည်သူများရဲ့ဆန္ဒနဲ့ စိုးရိမ်ပူပန်မှုများကို အလေးထားဖြည့်တင်း ဆောင်ရွက်မှုဖြစ်တယ်လို့ သဘောထားခံယူပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဖော်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်သူတစ်ရပ်လုံးက ကြိုဆိုကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတဲ့အချက်ကတော့ ပြည်ထောင်စုအစိုးရအနေနဲ့ ယနေ့ ဆောင်ရွက်နေမှုများဟာ အခြေအနေအချိန်အခါနဲ့ ကိုက်ညီဆီလျော်ပြီးတော့မှ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းရင်းသားပြည်သူများရဲ့အကျိုးကို အလေးထားဆောင်ရွက်နေမှုများ ဖြစ်တယ်လို့ သုံးသပ်ရမှာ ဖြစ်တဲ့အတွက် ဖော်ပြပါဆောင်ရွက်မှုများကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်းနဲ့ နိုင်ငံတော်သမ္မတကြီးထံမှ ပေးပို့ခဲ့တဲ့သဝဏ်လွှာပါအချက်များကို လွှတ်တော်၏ ဥက္ကဋ္ဌကြီးကိုယ်တိုင်ဖတ်ကြားအသိပေးတင်ပြထားသည့် အမှုအပေါ် အလေးအနက်ထောက်ခံပါကြောင်း အဆိုပြုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကို မင်္ဂလာရှိသောနေ့ရက်မှာ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ကျွန်မရဲ့ အင်ဂျန်းယန်မဲဆန္ဒနယ်ဟာ

ဆိုလို့ရှိရင် ယခု နိုင်ငံတော်သမ္မတကနေပြီးမှ ကျွန်မတို့ကို သဝဏ်လွှာပေးပို့ပြီးတော့မှ မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းလိုက်တဲ့ မြစ်ဆုံနှစ်ခုဆုံတဲ့ မေခ၊ မလိခ နှစ်ခုဆုံတဲ့ရွာဟာဆိုလို့ရှိရင် ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်ပါတယ်ရှင်။ ပြီးရင် ရေမြုပ်ဧရိယာတော်တော်များများဟာလည်း ကျွန်မရဲ့မဲဆန္ဒနယ်ကဖြစ်ပါတယ်ရှင်။ ဒါကြောင့် ကျွန်မတို့ဟာ ဒီကနေ့ဟာဆိုလို့ရှိရင် တကယ့်ကို အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ပြီးရင် ဒီကနေ့ဟာဆိုလို့ရှိရင် ကျွန်မတို့အတွက် ကျွန်မတို့ ကချင်ပြည်နယ်သူ၊ ကချင်ပြည်နယ်သားများပြီးလို့ရှိရင် ဧရာဝတီကိုချစ်တဲ့ ကျွန်မတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားမှာရှိတဲ့ပြည်သူအားလုံးရဲ့ ဝမ်းမြောက်ဖွယ်နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေတင်သွင်းတဲ့အဆိုကို ကျွန်မဟာဆိုလို့ရှိရင် တစ်နိုင်ငံလုံးကိုယ်စား လှိုက်လှိုက်လှဲလှဲ ထောက်ခံပါကြောင်းထောက်ခံချက်ကို တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။နိုင်ငံတော်သမ္မတကြီးရဲ့ သဝဏ်လွှာက ကျွန်တော်တို့ဧရာဝတီကိုချစ်တဲ့ မြန်မာနိုင်ငံသားအားလုံး ရင်ခုန်နေရတဲ့ဘဝကြီးကို နိဂုံးချုပ်ပေးခဲ့တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်အတွက် အင်မတန်လှပတဲ့ မြစ်တစ်စင်းကွယ်ပျောက်သွားမယ့်အရေးကိုကာကွယ်ပေးတဲ့အတွက် သမ္မတကြီးရဲ့သဝဏ်လွှာကို သမ္မတကြီးတင်ပြတဲ့အချက်ကို ကျွန်တော်လှိုက်လှိုက်လှဲလှဲ ထောက်ခံပါတယ်။ မြစ်ဆုံကိစ္စတင်လားဆိုတော့ ဒါတင်မကပါဘူး။ ဒီအကျဉ်းသားများလွတ်ရေးကိစ္စဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စ၊ အထူးသဖြင့်ကျွန်တော်ကိုယ်တိုင် ၁၉၆၇၊ အောက်တိုဘာ ၁၄ ရက်နေ့မှာ မော်လမြိုင်အကျဉ်းထောင်မှ ထိန်းသိမ်းခံပြီး ပြန်လွတ်လာတဲ့အချိန်ဟာ သီတင်းကျွတ်မတိုင်ခင်နှစ်ရက်ပါ ကျွန်တော်အမြဲတမ်းအမှတ်ရနေပါတယ်။ ဒါကြောင့် အကျဉ်းသားတွေကို အခု သမ္မတကြီးရဲ့ သဝဏ်လွှာအရ မြန်မာသီတင်းကျွတ်မှာ မိသားစုများအေးချမ်းစွာ၊ ပျော်ရွှင်စွာပြန်လည်ပေါင်းစည်းမယ့် အချက်ပြလိုက်တာပဲလို့ ကျွန်တော်ယုံကြည်တဲ့အတွက် အကျဉ်းသားများ အထူးသဖြင့်ထပ်ပြောပါရစေ။ ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရတဲ့သူများ ပြန်လည်လွတ်မြောက်မယ့်ရက် နီးကပ်လာပြီ ဖြစ်တဲ့အတွက် သမ္မတကြီးသဝဏ်လွှာကို အဆိုတင်သွင်းတဲ့ အမ်းဆန္ဒနယ်၊ ဦးသိန်းဆွေရဲ့အဆိုကို ကျွန်တော်တို့အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ကျွန်တော်တို့နိုင်ငံရဲ့အနာဂတ် ပုံရိပ်ကောင်းမွန်ရေးအဆိုဖြစ်တဲ့အတွက်လှိုက်လှိုက်လှဲလှဲလေးလေးနက်နက် ခံစားချက်ဖြင့်ထောက်ခံကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ပြည်သူ့လွှတ်တော်သို့ တင်ပြပါရစေ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။နောက်ထပ်ထောက်ခံမယ့် သူတွေကတော့ တစ်လုံးတစ်စည်းတည်းပဲဖြစ်သွားပါပြီ။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်က အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေတင်သွင်းတဲ့အဆိုကို ထောက်ခံအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ပြည်သူ့လွှတ်တော်က အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေတင်သွင်းတဲ့အဆိုကိုအတည်ပြုထောက်ခံကြောင်း၊ မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒီနေ့ ထူးခြားချက်လေးတွေပေါ့လေ။ ခေသူမဟုတ် ဒေါ်ဒွဲဘူလည်း ရင်ထဲနင့်နင့်နဲ့ ပြောရင်းနဲ့ထောက်ခံတဲ့နေရာမှာ ဆို့နင့်သွားတာတွေ့ရသလိုပဲ တိုင်းရင်းသားဖွံ့ဖြိုးရေးကျောင်းဆင်းတစ်ယောက်အနေနဲ့ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် ဆက်လက်ထားရှိရေးကိစ္စနှင့်ပတ်သက်ပြီးတော့ ကယားအမျိုးသား ဦးအူးရယ်ကလည်း ပြောရင်းနဲ့ နည်းနည်းဆို့နင့်သွားတဲ့အနေအထားက ဒါဟန်လုပ်ပြီးတော့ မဟုတ်ဘဲနဲ့ တကယ့်ကို ရင်ထဲအသည်းထဲက ပေါ်လာတယ်လို့ပဲ ကျွန်တော်တို့ ဒီလိုပဲယူဆပါတယ်။ ဒါကြောင့် တင်ပြခဲ့တဲ့အဆိုတွေဟာ အင်မတန်မှ တန်ဖိုးရှိပြီးတော့ နိုင်ငံတော်နဲ့ နိုင်ငံသားများ တိုင်းရင်းသားများအတွက် အင်မတန် တန်ကြေးရှိတဲ့အဆိုများဖြစ်တဲ့ ဒီနေ့အတွက်ကတော့ ကျွန်တော်တို့အတွက် မှတ်တမ်းတင်ထားရမယ့် တကယ့်နေ့ထူးနေ့မြတ်ပဲဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အမျိုးသမီးများနဲ့ သက်ဆိုင်တဲ့ကိစ္စများကို ဆွေးနွေးမယ့်နေရာမှာ အမျိုးသမီးများအပြင် အမျိုးသားတစ်ဦးလည်းပါနေပါတယ်။ ဒီနေရာမှာလည်း သောကြာနေ့မှန်းသိပေမယ့် အစည်းအဝေးရဲ့ ထမင်းစားချိန်အပြီးကစပြီးတော့ ပြည်ထောင်စုတရားသူကြီးချုပ်ကိုယ်တိုင် ဒီအခန်းထဲရောက်ရှိနေတာဖြစ်တဲ့အတွက် ပြည်ထောင်စုတရားသူကြီးချုပ်လည်း နောက်ရက်မလာရအောင် သောကြာနေ့လည်း သောကြာနေ့ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း အချိန်ကို တန်ကြေးရှိရှိအသုံးပြုနိုင်အောင် ဒီအစီအစဉ်ကို ဆက်လက်ဆောင်ရွက်ပါမယ်။ ဒါ့ကြောင့် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဖို့တင်ပြထားတဲ့ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်က စတင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မွန်ပြည်နယ်၊ ကျိုက်မရော

မဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းတင်သွင်းခဲ့တဲ့ အမျိုးသမီးများနဲ့ သက်ဆိုင်သော ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ရန်အဆိုအပေါ်မှာ ကျွန်မရဲ့သီးသန့်အမြင်နဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာ အမျိုးသမီးရေးရာကော်မတီကနေပြီးမှ အမျိုးသမီးရေးရာအဖွဲ့သို့ ပြောင်းလဲဖွဲ့စည်းခဲ့ တဲ့ ၂၀၀၄ ခုနှစ်ကစပြီး ယခုရွေးကောက်ပွဲဝင်ခဲ့တဲ့အထိ ခုနှစ်နှစ်တာကာလပတ်လုံး ကချင်ပြည်နယ်ရဲ့ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ အမျိုးသမီး လူထုလူတန်းစားအလွှာအသီးသီးက အမျိုးသမီးများနဲ့ပတ်သက်တဲ့ အရေးအရာများစွာမှာပါဝင်ခဲ့ပါတယ်။ ဒါကြောင့် အမျိုးသမီးတွေရဲ့ဘဝကို ထဲထဲဝင်ဝင်လေ့လာခဲ့ရသလိုပဲ အဲဒီအမျိုးသမီးတွေနဲ့ ပတ်သက်နေတဲ့ အမျိုးသားများရဲ့ဒုက္ခကိုလည်း တော်တော်လေး လေ့လာသိရှိခွင့်ရရှိခဲ့ပါတယ်။ ဒီလို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှာ အဆိုရှင် ဒေါ်မိယဉ်ချမ်းတင်သွင်းခဲ့တဲ့ အမျိုးသမီးများနှင့်သက်ဆိုင်သော ဥပဒေများဟာ အဓိကပြဿနာတစ်ခု ဖြစ်တယ်ဆိုတာ အခိုင်အမာလေ့လာတွေ့ရှိခဲ့ရပါတယ်။ အထူးသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၅၊၄၁၇ တွေဟာဆိုလို့ရှိရင် အဖြစ်များတဲ့ ပြဿနာတစ်ခုလည်း ဖြစ်ပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့လွှတ်တော်မှာ ဥပဒေပြုရေးတာဝန်ဟာအဓိကတာဝန်တစ်ရပ်ဖြစ်တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲဥပဒေများကိုလေ့လာသုံးသပ်ပြီး ခေတ်နဲ့မလျော်ညီတော့တဲ့ ဥပဒေများ၊ ငွေကြေးဆိုင်ရာများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းခြင်းများကို လုပ်ဆောင်လျက်ရှိနေကြပါတယ်။ လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီ ၂၃ ခုကလည်း သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက် ရှိတဲ့ဥပဒေများကို လေ့လာပြီးပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိပါက လွှတ်တော်သို့တင်ပြရန်တာဝန်ရှိကြောင်း ကော်မတီအသီးသီးရဲ့ ယေဘူယျတာဝန်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် လွှတ်တော်ကော်မတီအသီးသီးနဲ့ သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း ယနေ့ခေတ်နဲ့မဆီလျော်ညီတော့တဲ့ ဥပဒေများကို ပြင်ဆင်လျက်ရှိနေကြပါတယ်။ မနေ့က အဆိုရှင်ဒေါ်မိယဉ်ချမ်း တင်သွင်းသွားတဲ့ အမျိုးသမီးများနဲ့ သက်ဆိုင်သော ဥပဒေများမှာ ပြင်ဆင်ဖြည့်စွက်ရန်အဆိုဟာလည်း အမျိုးသမီးထုကိုယ်စား တင်သွင်းခြင်းဖြစ်တယ်လို့ နားလည်မိပါတယ်။ အဆိုရှင်တင်သွင်းခဲ့တဲ့ ဥပဒေတွေကိုလည်း သက်ဆိုင်ရာဌာနများက ပြင်ဆင်လျက် ရှိနေမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါပေမယ့် ကျွန်မတို့နိုင်ငံမှာ လူဦးရေအားလုံးရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးထုများဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ အမျိုးသမီးထုတော်တော်များများဟာ အမျိုးသားတွေနဲ့

ရင်ဘောင်တန်းပြီး အလုပ်လုပ်နေကြသူတွေလည်း ဖြစ်ကြပါတယ်။ ဥပဒေပါအခွင့်အရေးများကိုလည်း တန်းတူညီတူ ခံစားခွင့်ရရှိခဲ့ကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)မှာ နိုင်ငံသား၊ နိုင်ငံသားများ ရဲ့ မူလအခွင့်အရေးနှင့် တာဝန်များ ပုဒ်မ ၃၅၀ မှာ အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများ ခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်။ ပုဒ်မ ၃၅၁ မှာ မိခင်များ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ထား သောသက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်။ ပုဒ်မ ၃၅၂ မှာတော့ အမျိုးသား၊ အမျိုးသမီးများကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားခြင်းမပြုရဟူ၍ ဖော်ပြပါ ရှိပါတယ်။ ယခု လွှတ်တော်မှာလည်း အရေအတွက်အားဖြင့် အမျိုးသမီး အင်အားဟာနည်းပါး ပေမယ့် နိုင်ငံတော်နှင့် ပြည်သူအတွက်အစွမ်းကုန် ကြိုးပမ်းလျက်ရှိနေကြပါတယ်။ ကျွန်မတို့နိုင်ငံမှာ အတိတ်မှ ပစ္စုပ္ပန်အထိ အမျိုးသမီးများရဲ့ အခွင့်အရေးအပြည့်အဝရရှိခဲ့ကြပါတယ်။ အနာဂတ်မှာလည်း အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ ပိုမိုကျယ်ပြန့်လာမယ်လို့လည်း ကျွန်မအနေနဲ့ ယုံကြည်မျှော်လင့် မိပါတယ်။

အဆိုရှင် ဒေါ်မိယဉ်ချမ်းရဲ့အဆိုမှာ ခေတ်နှင့်မညီတော့သည့် အမျိုးသမီးများနှင့်ပတ်သက်တဲ့ ငွေကြေးဆိုင်ရာနှင့် ပြုပြင်သင့်သောဥပဒေများကို တင်ပြဆွေးနွေးထားခြင်း ဖြစ်ပါတယ်။ အမျိုးသမီး များရဲ့အခွင့်အရေးဆုံးရှုံးလို့ တောင်းဆိုနေခြင်း မဟုတ်ကြောင်းကိုလည်း တင်ပြလိုပါတယ်။ အမျိုးသမီးများရဲ့ နစ်နာမှုအတွက် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေကို ဥပဒေကြောင်းမှနေ၍ ထိုက်ထိုက်တန်တန်ရရှိဖို့အတွက် ဥပဒေကြောင်းအရပြင်ဆင်ရမယ့် အကြောင်းအရာများကို ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ကြောင်းလည်း နားလည်မိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှင့်။ အဆိုရှင်ရဲ့ ဆွေးနွေးချက်မှာ အဓိကအားဖြင့် အချက် ၄ ချက်ပါဝင် တာကိုလေ့လာတွေ့ရှိရပါတယ်။

(၁) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၁)ကို ပြင်ဆင်ရန်ဖြစ်ပြီး မူလပြဋ္ဌာန်းချက်တွင် ဇနီးသို့မဟုတ် သားသမီးကို ထောက်ပံ့ကြေး တစ်လ တစ်ရာဆိုတဲ့အချက်ကို ခေတ်ကာလနှင့် လျော်ညီသည့် တစ်လလျှင် ကျပ် ၃၀၀၀၀ သို့မဟုတ် ခင်ပွန်း၏ ဝင်ငွေ အပေါ် အခြေခံကာ သင့်တင့်သော (Resonable)ဖြစ်တဲ့ ထောက်ပံ့ကြေးငွေကို ချမှတ် ပေးရန်ဟု ပြင်ဆင်လိုကြောင်း အဆိုတင်သွင်းခဲ့ပါတယ်။ ဒီထောက်ပံ့ကြေးတစ်ရာနဲ့ ပတ်သက်ပြီးမှ ဒီဥပဒေပြဋ္ဌာန်းတဲ့အချိန်မှာတော့ ဒီငွေတစ်ရာဟာ တန်ဖိုးရှိတဲ့ငွေကြေး ဖြစ်ပါလိမ့်မယ်။ အဲဒီတုန်းကအခြေအနေနဲ့ လုံလောက်တယ်ဆိုပြီးမှ ဒီငွေတစ်ရာကို

သတ်မှတ်ခဲ့ခြင်းဖြစ်မယ်လို့ ကျွန်မအနေနဲ့ ယူဆပါတယ်။ ကျွန်မအနေနဲ့ ဤအချက်အပေါ်မှာ ဆွေးနွေးလိုတာကတော့ ဥစ္စာခနပြည့်စုံတဲ့သူများနဲ့ပတ်သက်ပြီး ဒီအမျိုးသမီးများရဲ့နစ်နာမှုများအတွက် တရားမကြောင်းနဲ့ တရားစွဲဆိုပြီးမှ ထိုက်တန်တဲ့ကုစားမှုများပေးသင့်သလို အခြေအနေမဲ့ ဝင်ငွေနည်းတဲ့ အမျိုးသားများနဲ့ ပတ်သက်မိတဲ့သူများအဖို့ကတော့ ၎င်းတို့ရဲ့ ဝင်ငွေအပေါ်မှာ အခြေခံပြီး သင့်တင့်တဲ့ထောက်ပံ့ကြေးကိုသာ သတ်မှတ်ခြင်းဟာ ပိုမိုသင့်လျော်မယ်ဖြစ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ ယေဘူယျအားဖြင့် ကျပ် ၃၀၀၀၀ သတ်မှတ်ခြင်းဟာ သင့်၊ မသင့် ဆိုတာကိုတော့ နောင်တစ်ချိန်မှာ ကျွန်မတို့ လွှတ်တော်မှာ ပြန်လည်သုံးသပ်ရင် သင့်တော်မယ်လို့ ကျွန်မအနေနဲ့ ဆွေးနွေးလိုပါတယ်။

(၂) နံပါတ်(၂)အချက်မှာ ဆိုလို့ရှိရင်တော့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၅ ဖြစ်ပါတယ်။ ၄၁၅ လိမ်လည်မှုရဲ့ မူလပြဋ္ဌာန်းချက်မှာ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို လက်ထပ် ယူပါမည်ဟု အယုံသွင်းပြီး ကာမရယူပြီးနောက် လက်ထပ်ရန် ငြင်းဆိုခြင်းသည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ လှည့်ဖြားခြင်းမည်၏ ဟု ထပ်မံဖြည့်စွက်ခြင်းသည် ဥပဒေရဲ့အဓိပ္ပာယ်ကို ပိုမိုပြည့်စုံစေမည်ဖြစ်၍ ဖြည့်စွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။

(၃) တတိအချက်မှာ ဆွေးနွေးထားတာကတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ လိမ်လည်မှုအတွက် ပြစ်ဒဏ်ကို မူရင်းပြဋ္ဌာန်းချက်မှာ တစ်နှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ဖော်ပြထားပြီး၊ ပြင်ဆင်ရန်အကြံပြုချက်မှာ အကယ်၍ ကာမရယူသည့် လိမ်လည်မှုကျူးလွန်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်၍ ငွေဒဏ်နှင့်လည်း ပြီးစီးသွားနိုင်တဲ့ အဓိပ္ပာယ်ရပါတယ်။ ထောင်ဒဏ်သုံးနှစ်လို့ ဖော်ပြထားပေမယ့် ထောင်မချမနေရလို့ အဓိပ္ပာယ်မသက်ရောက်ကြောင်း ပေါ်လွင်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ကာမလိမ်လည်ရယူမှုများမှာ ဆိုလို့ရှိရင် ထိရောက်ဟန့်တားတဲ့ ပြစ်ဒဏ်ပြဋ္ဌာန်းခြင်းအားဖြင့် ပိုမိုထိရောက်ပြီး ပြစ်မှုကျူးလွန်ခြင်းကိုလည်း ကာကွယ်နိုင်မယ်လို့ ကျွန်မအနေနဲ့ ယူဆမိပါတယ်။ တကယ်လို့ ကာမရယူသည့် လိမ်လည်မှု ကျူးလွန်လျှင် ဥပမာထောင်ဒဏ်ကိုတော့ ကျွန်မအနေနဲ့ ကန့်သတ် မထားပါဘူး။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်စသည်ဖြင့်ပေါ့ ဒါကတော့

လွှတ်တော်ကိုယ်စားလှယ်များတွေရဲ့ အကြိုက်ဖြစ်ပါတယ်။ ထောင်ဒဏ်ချမှတ်ရမည့် အပြင်ငွေဒဏ်လည်း ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းမယ်ဆိုလို့ရှိရင်တော့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ အကြိုက်ဖြစ်ပါတယ်။ ပိုမိုထိရောက်မည်ဖြစ်ကြောင်း ဆွေးနွေး တင်ပြလိုပါတယ်။ နှစ်အပိုင်းအခြားကိုတော့ သင့်လေသလို ပြန်လည်ထည့်သွင်းနိုင် ကြောင်းကျွန်မအနေနဲ့ ဆွေးနွေးတင်ပြ လိုပါတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ရဲ့ ကင်းလွတ်ချက်ကို စတုတ္ထချက်အနေနဲ့ အဆိုရှင်ကဆွေးနွေး ထားပါတယ်။ ပုဒ်မ ၃၇၅ ဟာဆိုလို့ရှိရင် မုဒိမ်းမှုဖြစ်ပါတယ်။ ဒီပုဒ်မဟာဆိုလို့ရှိရင် ကျွန်မတို့အမျိုး သမီးများကို အထူးအကာအကွယ်ပေးထားတဲ့ဥပဒေဖြစ်ပါတယ်။ မနေ့က အဆိုရှင်ကတော့ ဒီပုဒ်မနဲ့ ပတ်သက်ပြီးမှ ဒီပုဒ်မရဲ့ ကင်းလွတ်ချက်များကိုသာ သူ့အနေနဲ့တင်ပြသွားခြင်းဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ကတော့ ဒီကင်းလွတ်ချက်ဟာ ဒီပုဒ်မရဲ့ ဘယ်အစိတ်အပိုင်းကို ရည်ညွှန်းတယ်ဆိုတာကို အနည်းငယ်တင်ပြလိုပါ တယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဥပဒေစကားရပ်မှာဆိုရင် ကျွန်မတို့က ဘာမှချန်ထားလို့မရတဲ့အတွက် ဒီပုဒ်မ ၃၇၅ ကို ကျွန်မအနေနဲ့တင်ပြတဲ့အခါမှာ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် ကျွန်မရိုသေရမယ့်အသက်ကြီးသူများဖြစ်တဲ့အတွက် ဒီအချက်ကို နားထောင်တဲ့အခါမှာတော့ နားနဲ့ မနာတယ်လီဖုန်းနဲ့နာပေးပါလို့ ကျွန်မအနေနဲ့တင်ပြလိုပါတယ်။ ဒီအချက်မှာ ပထမအချက်အနေနဲ့ မိန်းမကအလိုမတူ ငြင်းဆန်ခြင်း၊ ဒုတိယအချက်အနေနဲ့ မိန်းမက ခွင့်မပြုခြင်း၊ တတိယအချက်အနေနဲ့ မိန်းမကခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုသော်လည်းကောင်း၊ နာကျင်စေမည်ဟုသော်လည်းကောင်း ကြောက်ရွံ့အောင်ပြုသဖြင့်ခွင့်ပြုရခြင်း၊ စတုတ္ထအချက်မှာ မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏ လင်မဟုတ်ကြောင်းသိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာ မိမိကိုဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်းမဟုတ် ထိုသို့ လက်ထပ်ထားသည်ဟု ယုံကြည်သော အခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားကသိခြင်း၊ ပဉ္စမအချက်အနေနဲ့ မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူဖြစ်ခြင်းဆိုပြီးမှ ဖော်ပြထားပါတယ်။ ကင်းလွတ်ချက်မှာတော့ ပဉ္စမအချက်ကို ကင်းလွတ်ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ ကင်းလွတ်ခွင့်ရဲ့ အဓိပ္ပာယ်ဟာဆိုလို့ရှိရင် ယောကျ်ားသည် အသက်ဆယ့်သုံးနှစ်အောက်မဟုတ်သော မိမိ၏မယားနှင့် ကာမစပ်ယှက်ခြင်းမှာ မုဒိမ်းမှုမဟုတ်ဟူ၍ ကင်းလွတ်ချက်အဖြစ် ဖော်ပြထားပါတယ်။

အဆိုရှင်က ဤအချက်နှင့်ပတ်သက်ပြီး ကလေးသူငယ်ဥပဒေပုဒ်မ ၂ (က)တွင် ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကို ဆိုလိုသည်ဟု ပြဋ္ဌာန်းပါရှိသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ၏ မူလပြဋ္ဌာန်းချက် ကင်းလွတ်ခွင့်မှာ အသက် ၁၃ နှစ်ပြည့်ပြီးသော မိန်းမတစ်ဦးအားဇနီးမယားအဖြစ် ပေါင်းသင်းခွင့်ရှိကြောင်း ပြဋ္ဌာန်းသည့်သဘောဖြစ်နေကြောင်း သုံးသပ်ကာ လက်ထပ်ထိမ်းမြားနိုင်သည့် အနိမ့်ဆုံးအသက် Minimum Age For Marriage ဟာဆိုလို့ရှိရင် အသက် ၁၆ နှစ် ပြည့်ပြီးသူသာဖြစ်သင့်ကြောင်း ပြင်ဆင်ထည့်သွင်းရန် အကြံပြုထားပါတယ်။

ဒီအချက်နှင့်ပတ်သက်ပြီးမှ ဆွေးနွေးလိုတာကတော့ ဒီနေ့နိုင်ငံတကာမှာ ကလေးသူငယ်ဆိုတာမှာအသက် ၁၈ နှစ်အောက်ကိုသတ်မှတ်ပြီး မြန်မာနိုင်ငံမှာ အသက် ၁၆ နှစ်အောက်ကို ကလေးသူငယ်လို့သတ်မှတ်ပါတယ်။ ၁၆ နှစ်နဲ့ ၁၈ နှစ်ကိုတော့ လူငယ်လို့ ကျွန်တော်တို့နိုင်ငံမှာ သတ်မှတ်ပါတယ်။ ပဋိညာဉ်အက်ဥပဒေအရ ဆိုလို့ရှိရင် အသက် ၁၈ နှစ် ပြည့်ပြီးမှသာ ပဋိညာဉ်ပြုနိုင်တဲ့အတွက် အသက် ၁၈ နှစ် ပြည့်ပြီးမှသာ ထိမ်းမြားလက်ထပ်သစ္စာပြုနိုင်ခွင့်ရှိပါတယ်။ သို့သော် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရကတော့ အသက် ၁၈ နှစ်မှာ လက်ထပ်ထိမ်းမြားနိုင်လျှင်ရသော်လည်း ၁၈ နှစ်မှာ လက်ထပ်ထိမ်းမြားပါက မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက်လိုအပ်ပါတယ်။ ၁၈ နှစ်နှင့် ၂၀ နှစ်အထိ မိဘအုပ်ထိန်းသူရဲ့ သဘောတူညီချက်လိုအပ်ပြီး အသက် ၂၀ ပြည့်ပြီးမှသာ မိမိသဘောဆန္ဒအရ လက်ထပ်ထိမ်းမြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ သို့ဖြစ်၍ အဆိုရှင်ဖော်ပြထားတဲ့ လက်ထပ်ထိမ်းမြားနိုင်တဲ့ အနိမ့်ဆုံးအသက် ၁၆ နှစ် ဆိုတာ ဆိုလို့ရှိရင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ရဲ့ ပဉ္စမအချက်ပါအကြောင်းအရာကိုသာ ဖော်ညွှန်းလိုခြင်းဖြစ်ကြောင်း တင်ပြဆွေးနွေးလိုပါတယ်။ အဆိုရှင်ဖော်ပြထားတဲ့ ပုဒ်မ ၃၇၅ ကင်းလွတ်ချက်ပါ အသက်တစ်ဆယ့်သုံးနှစ် အောက်မဟုတ်သော မိမိမယားနှင့်ကာမစပ်ယှက်ခြင်းသည် မုဒိမ်းမှုမဟုတ်ဆိုသော ပြဋ္ဌာန်းချက်နှင့်ပတ်သက်၍ အချို့သောတိုင်းရင်းသားများဟာ ရိုးရာဓလေ့အရ ငယ်စဉ်ကတည်းက တောင်းရမ်းထားပြီးတဲ့နောက် အရွယ်ရောက်တာနှင့် လက်ထပ်ပေးတဲ့ဓလေ့များရှိပါတယ်။ အဲဒီဓလေ့များကြောင့် ဒီပုဒ်မမှာ ဒီအချက်ကိုထည့်သွင်းထားခြင်းဖြစ်တယ်လို့ ကျွန်မအနေနဲ့ယူဆပါတယ်။ ကျွန်မတို့ ကချင်လူမျိုးတွေမှာလည်း မွေးကတည်းကနေ တောင်းထားပြီးမှ အရွယ်ရောက်တဲ့အခါ ပေးစားတာတွေရှိပါတယ်။ ဒီကိစ္စတွေ ကျွန်မတို့အနေနဲ့ အများကြီးရှင်းပြချင်ပေမယ့် အချိန်ကိုငဲ့ပြီးမှ ကျွန်မအနေနဲ့မပြောတော့ပါဘူး။ အဲဒီတော့ ဒီလိုဓလေ့ရှိတဲ့ တိုင်းရင်းသားအမျိုးသားများအနေနဲ့ ပုဒ်မ ၃၇၅ ရဲ့ ပဉ္စမအချက်ဖြစ်တဲ့ အသက်ဆယ့်လေးနှစ်အောက် အရွယ်ရှိသူမိန်းမက ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ မုဒိမ်းမှု

မြောက်သည်ဟူတဲ့အချက်နှင့် ငြိစွန်းကာပြဿနာတက်နိုင်တဲ့အတွက် ဥပဒေကြောင်းအရအကာအကွယ်ပေးထားခြင်း ဖြစ်တယ်လို့ယူဆရပါတယ်။

ယနေ့ခေတ်အခါမှာတော့ တိုင်းရင်းသားများဟာ ဆိုလို့ရှိရင်လည်း ခေတ်ပညာတတ်များ ဖြစ်လာကြပြီး အရွယ်မရောက်ခင် အတင်းအဓမ္မထိမ်းမြားလက်ထပ်ပေးတဲ့စနစ်များ မရှိသလောက်ရှားပါးသွားပြီဖြစ်ပါတယ်။ ကလေးသူငယ်များရဲ့အခွင့်အရေးတွေ၊ လူ့အခွင့်အရေးတွေကိုလည်း တောင်းဆိုနိုင်တဲ့ အချိန်၊ ရှိနေတဲ့အချိန်၊ အလေးထားပေးရမယ့် အချိန်အခါလည်း ရောက်နေပါပြီ။ ဆေးပညာအရလည်း အရွယ်မရောက်ခင် လက်ထပ်ထိမ်းမြားခြင်းဟာ မသင့်တော်ကြောင်းနားလည်လာကြပြီဖြစ်ပါတယ်။ ဒါ့ကြောင့် ခေတ်နဲ့မလျော်ညီတော့တဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ရဲ့ ကင်းလွတ်ချက်ပါ ယောကျ်ားသည် အသက်တစ်ဆယ့်သုံးနှစ်အောက်မဟုတ်သော မိမိမယားနှင့်ကာမစပ်ယှက်ခြင်းသည် မုဒိမ်းမှုမဟုတ်ဟုပြဋ္ဌာန်းထားခြင်းတွင် ခေတ်စနစ်နှင့်ကျန်းမာရေး၊ လူမှုရေးရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး အသက်အပိုင်းအခြားကိုပြန်လည် ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆွေးနွေးဖို့ လေးဦးကျန်ပါတယ်။ နောက်တစ်ခါ တရားသူကြီးချုပ်နဲ့ဆို ငါးဦးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ အခုအထိ တရားသူကြီးချုပ်အနေနဲ့ သုံးသပ်ပြီးအဖြေပေးနိုင်တဲ့သဘောရှိတယ်ဆိုရင်တော့ နောက်လူများဆွေးနွေးဖို့မလိုဘဲနဲ့ သုံးသပ်လို့ရပါတယ်။ သို့ရာတွင် စာရင်းပေးထားတဲ့အတွက် သူတို့ဆန္ဒမေးကြည့်ပါမယ်။ မေးကြည့်လို့ သူတို့က ဆွေးနွေးတာလုံလောက်ပြီဆိုရင်တော့ တရားသူကြီးချုပ်ရဲ့ အလှည့်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာတင်ပြထားတဲ့ ဒေါ်နန်းစေအွာ ဆွေးနွေးရန်ရှိရင် ဆွေးနွေးပါ။ ဆွေးနွေးရန် မရှိဘူးဆိုလို့ရှိရင်လည်း တင်ပြပေးပါ။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ကျွန်မအနေနဲ့ အနည်းငယ်ပြောကြားလိုပါတယ်။ ဒေါ်မိယဉ်ချမ်းတင်ပြထားတဲ့ ဒီဥပဒေပုဒ်မတွေဟာ လေးခုသာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလောက်လေးနဲ့အမျိုးသမီးအတွက် မလုံလောက်သေးပါဘူး။ ဒါ့ကြောင့် ဥပဒေကိုတတ်ကျွမ်းတဲ့ ပြည်ထောင်စုရှေ့နေချုပ်များ၊ တာဝန်ရှိတဲ့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ အမျိုးသမီးရေးရာကော်မတီမှ ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများဝိုင်းဝန်းပြီး လေ့လာဆန်းစစ်သင့်ပါကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါ်လဲ့လဲ့ဝင်းဆွေ။

**ဒေါ်လှဲ့လှဲ့ဝင်းဆွေ(တာမွေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် တော်တော်လည်းစုံစုံလင်လင်နဲ့ ကျွန်မပြောမယ့်အချက်အလက်များကိုဒီလွှတ်တော်ကြီးမှာတက်ရောက်လာကြတဲ့ ဂုဏ်သရေရှိလူကြီးမင်း အမျိုးသားအားလုံး နားလည်ပြီးဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်မက ကိုယ်ပိုင်နည်းပြကျူရှင် ဆရာမတစ်ဦးဖြစ်သလို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ရဲ့ဗဟိုကော်မတီဝင်တစ်ဦးလည်း ဖြစ်ခဲ့ဖူးပါတယ်ရှင်။ ကျွန်မ တသိမ့်သိမ့်နဲ့ တစိမ့်စိမ့် ခံစားခဲ့ရဖူးတဲ့ ကျွန်မပတ်ဝန်းကျင်မှာရှိတဲ့ အမျိုးသမီးတကယ်စစ်မှန်တဲ့ အဖြစ်အပျက်အားလုံးဟာ သနားစရာအလွန်ကောင်းပါတယ်။ သို့သော်ငြားလည်း အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်မ အခုတက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် အမျိုးသားကြီးများကို တစ်ခုပဲကျွန်မတင်ပြချင်ပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံမှာ လူသိများတဲ့ စာရေးဆရာမကြီး ဒေါ်စောမုံညှင်းရဲ့ စာပိုဒ်လေးတစ်ပိုဒ်ကို ကျွန်မရဲ့ ရင်ထဲကခံစားနေရတဲ့ စာပိုဒ်လေးနှစ်ပိုဒ်နဲ့ ထပ်မံပေါင်းစည်းပြီးတော့ ကဗျာလေးတစ်ပုဒ်အဖြစ်တင်ပြခွင့်ပြုပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကျွန်မရဲ့ လွှတ်တော်ကိုယ်စားလှယ်အစ်ကိုတွေ၊ မောင်တွေအားလုံးရှင်။ ပြည်အကျိုးကိုလသယ်ပိုးကာ ဆောင်အစွမ်းမှာဖြင့် မောင်ထမ်းလျှင်မယ်က ရွက်မယ်လို့၊ သွယ်ဆက်ကာစေတနာကြောင့်၊ ဝေဆာဆာနေရာတိုင်းမှာပဲ၊ မေကညှာတွေဝေ ကာဝိုင်းသည်သို့၊ တိုင်းပြည်အတွက် ဆောင်ရွက်ပုံ၊ ရှိန်ဝါကို မှတ်ပြုကိန်းပါပဲ၊ လူ့ခွင်ကို ပြုပြင်ထိန်းသိမ်းရာ၌၊ မိန်းမဆောင်ပြည်ထောင်သိမ်းနိုင်ခဲ့၊ ပူပင်ငယ်သိမ်းပုံသို့၊ သိမ်းစု၍သဘောခြုံ၊ မိန်းမတို့ဘဝ၊ ဖွံ့ဖြိုးကာလုံစေဖို့၊ မြန်မာအပြင် ကမ္ဘာသိခဲ့တဲ့ တို့မိမေအစ်မများကိုလ၊ လွှတ်တော်မှာထုတ်ဖော်ကာ ဆန္ဒတောင်းခံခဲ့၊ ကျွန်မရဲ့ဆန္ဒကို ဖြည့်ပါတော့မောင်တို့လေ လို့ပဲပြောရင်းနဲ့နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါ်ခင်သန်းမြင့်

**ဒေါ်ခင်သန်းမြင့်(ငပုတောမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဒီအဆိုကို ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း တင်တဲ့အခါမှာ ဒီလွှတ်တော်ကြီးအတွင်းမှာရှိတဲ့ အမျိုးသားအားလုံးက ဝိုင်းဝန်းပြီးတော့ ထုတ်ပြီးတော့ ပါးစပ်က မပြောကောင်းပေမယ့် သူတို့ရင်ထဲမှာ ဝိုင်းပြီးတော့ ဆန့်ကျင်နေမယ်ဆိုတာတော့ မြေကြီးလက်ခတ် မလွဲပါဘဲ။ ကျွန်မအနေနဲ့ကတော့ ဒီလွှတ်တော်ကိုယ်စားလှယ်အားလုံးကို အချိန်ကို ငဲ့ညှာသောအားဖြင့် အနည်းငယ်လေးပဲ ဆွေးနွေးသွားမှာပါ။ အဲဒီတော့ ဒီ လွှတ်တော်ထဲမှာရှိတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်အားလုံးကတော့ အားလုံးရဲ့ ရင်ထဲမှာ အမျိုးသမီးရေးရာတော့ ရှိတယ်။ အမျိုးသားရေးရာတော့မရှိဘူး။ မိခင်နဲ့ကလေးတော့ရှိတယ်။ ဖခင်နဲ့ ကလေးတော့မရှိဘူးဆိုပြီးတော့ အရေးဆိုနေလောက်ပါတယ်။ ကျွန်မ အနေနဲ့ကတော့ ဒေါ်မိယဉ်ချမ်း တင်ခဲ့တဲ့အဆိုထဲမှာ ယောက်ျားလေးနဲ့မိန်းကလေးတကယ်ဖြစ်ခဲ့ပြီဆိုရင် ယောက်ျားလေးက ကျွန်တော်မှားသွားပါတယ်လို့ တစ်ခွန်းတည်းနဲ့ပြောလိုက်ရုံနဲ့ ပြီးသွားပါတယ်။ ဒါပေမယ့် ကျွန်မတို့ မိန်းကလေးတွေဘက်ကတော့ နစ်နာစရာတွေအများကြီးပါပဲ။ လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်း၊ ဆွေးမျိုးအသိုင်းအဝိုင်းနဲ့ နေထိုင်နေကြတဲ့ သူတွေချည်းဖြစ်ပြီးတော့ အမျိုးသမီးတွေဟာ ကိုယ်ဝန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်၌ဖြစ်စေ၊ စိတ်၌ဖြစ်စေ၊ ဂုဏ်သရေ၌ ဖြစ်စေ နစ်နာခဲ့တာချည်းပဲ ဖြစ်ပါတယ်။ ဒါကိုတော့ ကျွန်မတို့ ဒီလွှတ်တော်ထဲမှာရှိနေတဲ့ အစ်မ၊ ညီမ၊ သမီး ရှိတဲ့သူတိုင်းက လက်ခံကြရမှာပါပဲ။ ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့်မို့လို့ အဆိုရှင် တင်ပြခဲ့တဲ့အပိုင်းမှာ ဥပဒေအပိုင်းတွေကို ကျွန်မတို့ ဥပဒေသမားမဟုတ်တဲ့အတွက်ကြောင့် သူတင်ခဲ့တဲ့ ဥပဒေများအပြင် ကျန်တဲ့ဥပဒေများအပြင် ကျန်တဲ့ဥပဒေများစွာလည်း ပြင်ရဦးမယ်လို့တော့ ကျွန်မ ထင်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေများကို ပြင်ကြတဲ့အခါမှာ ကျွန်မတို့ ဒေါ်ဒွဲဘူတို့၊ ဒေါ်နန်းစေအွာတို့၊ ဒေါ်လဲ့လဲ့ဝင်းဆွေတို့ နောက်တင်ပြမယ့် ဦးဉာဏ်ဝင်းတို့ တင်ပြခဲ့တဲ့အချက်များအပြင်၊ ပြင်ဆင်မယ့် သူများဘက်ကလည်း သူ့ဘက်ကိုယ့်ဘက် မျှတတဲ့ဥပဒေ အထူးသဖြင့်ကျွန်မတို့နိုင်ငံနဲ့ မိမိယဉ်ကျေးမှုနဲ့ ကိုက်ညီတဲ့ အားနွဲ့သူအမျိုးသမီးများကို မိမိတို့ရဲ့ အစ်မ၊ ညီမ၊ သမီးတွေ အမှန်ဖြစ်ခဲ့ရင်ဆိုတဲ့ အချက်လေးကို ထည့်သွင်းစဉ်းစားပြီးတော့ ဖြစ်သင့်တဲ့အမျိုးသမီးများအကျိုးကို ပိုမိုကာကွယ်မှုပေးနိုင်မယ့် ဥပဒေများအား ပြင်ဆင်ဆောင်ရွက်သင့်ပါတယ်လို့ အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ထူးခြားစွာ တင်ပြမယ့် ဦးဉာဏ်ဝင်း။

**ဦးဉာဏ်ဝင်း(လှိုင်သာယာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုရင်း ကာယစိတ်ဓာတ်နှစ်ဖြာသုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေဖြင့် ဒေါ်မိယဉ်ချမ်း တင်သွင်းသွားတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ဆွေးနွေးလို့ရှိရင် ဥပဒေနဲ့ပတ်သက်တာတွေ တော်တော်များပါတယ်။ ဒါကို လိပ်ပတ်လည်အောင်ဖတ်မယ်ဆိုလို့ရှိရင်လည်း အချိန်ကိုငဲ့ကွက်သောအားဖြင့် ကြန့်ကြာမှာဖြစ်တဲ့အတွက် တိုတိုချုံးချုံးလေးပဲဆွေးနွေးသွားပါတယ်။ ပထမအပိုင်းက ဇနီးသားမယားကို ပစ်ပယ်ထားလို့ရှိရင် ဒါပထမ

ဥပဒေအရ ကျပ် ၁၀၀ ပဲလို့ စီရင်ထားတာရှိပါတယ်။ ဒါကို ဒေါ်မိယဉ်ချမ်းကနေပြီးတော့မှ ခေတ်နဲ့ မဆီလျော်တဲ့အတွက်ကြောင့် တစ်လကို ကျပ် ၃၀၀၀၀ ထက်မနည်းသော လစဉ်ကြေး သို့မဟုတ် ခင်ပွန်းဖြစ်သူဝင်ငွေပေါ် အခြေခံသော (Reasonable) ထောက်ပံ့ကြေးကို ချမှတ်ပေးပါရန် အဆိုပြု ကြောင်း အဆိုပြုချက်တင်ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အနည်းငယ် ဆွေးနွေးမယ်ဆိုလို့ရှိရင် ကျပ် ၁၀၀ ထက်မပိုတဲ့ငွေကြေးဟာ ယနေ့ ခေတ်၊ စနစ် နေထိုင်မှုနဲ့ မကိုက်ညီတော့ပါဘူး။ ယနေ့ မူလတန်းကျောင်းသားတစ်ဦးရဲ့ တစ်နေ့တာ ကျောင်းမုန့်ဖိုးဟာ အနည်းဆုံး ကျပ် ၁၀၀၊ ၂၀၀ ပေးရပြီး၊ ကန်စွန်းရွက် တစ်စည်းကို ကျပ် ၁၀၀ လောက် ပေးဝယ်ရပါတယ်။ ဆိုက်ကားနဲ့ ဘတ်စ်ကားခရီးတို တစ်ခုကိုပဲ တစ်ကြိမ်စီးလျှင်ပင် ကျပ် ၁၀၀၊ ၂၀၀ ပေးစီးနေရသဖြင့် ယနေ့ ခေတ်ကာလမှာ ဒီ ကျပ် ၁၀၀ ဟာ ဇနီးနဲ့ သားသမီးတွေ တစ်လ သုံးစွဲရန်မဆိုထားနဲ့ တစ်နေ့တာပင် သုံးစွဲရန် မည်သို့မျှမလုံ လောက်သဖြင့် မလွဲဧကန်ပြင်ဆင်သင့်ပါတယ်။ သို့ပါသော်လည်း ကျပ် ၃၀၀၀၀ ထက်မနည်းသော ထောက်ပံ့ကြေးဆိုတဲ့အခါမှာ ယနေ့ခေတ် အနည်းဆုံးလစာရှိတဲ့သူက ကျပ် ၃၅၀၀၀ လောက်ပဲရ တဲ့အတွက် တကယ်လို့ ဒီလိုလူမျိုးက ပေးရမယ်ဆိုလို့ရှိရင်တော့ သူ့အတွက် အခက်အခဲတွေ ရှိနိုင်ပါတယ်။ဒါကြောင့်မို့လို့ ခင်ပွန်းဖြစ်သူရဲ့ဝင်ငွေအပေါ်အခြေခံကာ သင့်တင့်သော(Reasonable) ထောက်ပံ့ကြေးကို ချမှတ်ပေးရန်ဟု ပြင်ဆင်သင့်ကြောင်းအဆိုပြုချက်က လျော်ကန်သင့်မြတ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။ နောက်တစ်ခါ ယောကျ်ားတွေဟာ မိန်းမတွေကို တကယ်လက်ထပ်မယူဘဲနဲ့ လိမ်လည်လှည့်ဖြားပြီး ကာမရယူပြီးနောက်ပိုင်းမှာ လက်ထပ်ဖို့ ငြင်းဆိုလို့ရှိရင် မိန်းမတွေဟာ ဒုက္ခ ရောက်ကြရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့မှ ဒေါ်မိယဉ်ချမ်းက ဥပဒေ ၄၁၇ ကို ထပ်မံဖြည့်သွင်းဖို့ ရှင်းလင်းချက် အမှတ်(၂)အနေနဲ့ထည့်သွင်းသင့်ကြောင်း ဆွေးနွေးထားပါတယ်။ ဒါပြောရတာက လည်းအချိန်ကိုနောက်ဆုံးဖြစ်တော့ တချို့တွေကလည်းသောကြာနေ့ဖြစ်တော့ တော်တော်ကိုလှုပ်လှုပ် ရွရွဖြစ်နေကြပါပြီ။ ဒါကြောင့်မို့လို့ ကျွန်တော်တိုတိုချုံ့ချုံ့ပဲ ဆွေးနွေးပါမယ်။ ယနေ့ လူ့မှုနယ်ပယ်မှာ အချို့အမျိုးသားတွေဟာ အမျိုးသမီးတွေကိုကျောရရုံကြံပြီး မိမိကိစ္စမိမိတာဝန်မယူဘဲ လက်ထပ်ရန် ငြင်းဆိုသဖြင့် အမျိုးသမီးများ အရှက်တကွဲအကျိုးနည်းဖြစ်ရခြင်း အသက်ထက်အရှက်ကို တန်ဖိုးထား ကြသောကြောင့် သေကြောင်းကြံစည်ကြခြင်း၊ အရှက်ကို မငဲ့ဘဲ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ တရားစွဲဆိုပါသော်လည်း သက်သေထွက်ဆိုချက် တရားခံအမျိုးသားမှ ဝန်ခံမှုမပြုဘဲငြင်းဆန်လိမ် လည်မှုနှင့်စီရင်ထုံးကိုသာ အားကိုးပြုနေရခြင်းတို့ကြောင့် တရားခံအမျိုးသားကို ဥပဒေအရအပြစ်

ပေးအရေးယူနိုင်ခြင်းများမရှိသည်ကို တွေ့မြင်ကြားသိနေရပါတယ်။ ဒါကြောင့်မို့ ရှင်းလင်းချက်(၂) အဖြစ်ထပ်မံဖြည့်သွင်း ဖြည့်စွက်ချက်အား ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၁၅ ရှင်းလင်းချက်မှာ(၂)အဖြစ် ထပ်မံဖြည့်စွက်ထည့်သွင်းမည်ဆိုပါက ယင်းအတွက် ပြစ်ဒဏ်ကိုလည်း ပြစ်မှုနှင့်လိုက်လျောညီထွေရှိစေရန်လည်းကောင်း၊ လက်ထပ်ပါမည်ဟုအယုံသွင်းပြီး ကာမရယူပြီး နောက် လက်ထပ်ရန်ငြင်းဆိုသည့် အမျိုးသားများအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်ဖြစ်စေရန် လည်းကောင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ တွင် အကယ်၍ ကာမရယူသည့်လိမ်လည်မှုကျူးလွန် လျှင် ထိုသူကို ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ထပ်မံဖြည့်စွက်ထည့်သွင်းသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ မဒိမ်းမှုရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အချက် ၅ ချက်ရှိသည့်အနက် ပဉ္စမအချက်တွင် မိန်းမကခွင့်ပြု သည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ၊ ထိုမိန်းမသည် အသက် ၁၄ နှစ်အောက်အရွယ်ရှိသူဖြစ်ခြင်းဟု ပြဋ္ဌာန်းထားပြီး၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်တွင် ယောကျ်ားသည် အသက် ၁၃ နှစ် အောက်မဟုတ်သော မိမိ၏မယားနဲ့ကာမစပ်ယှက်ခြင်းမှာ မဒိမ်းမှုမဟုတ်ဟု ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်အရ ယောကျ်ားတစ်ဦးသည် အသက် ၁၃ နှစ် ပြည့်ပြီးသော မိန်းမတစ်ဦးအား ဇနီးမယားအဖြစ် ပေါင်းသင်းခွင့်ရှိကြောင်း သဘောသက်ရောက်နေသည့် ကလေးသူငယ်အက်ဥပဒေ အခန်း (၁) ပုဒ်မ ၂(က)အရ ကလေးသူငယ်ဆိုသည်မှာ အသက် ၁၆ နှစ် မပြည့်သေးသောသူကို ဆိုလို သည်ဟု ပြဋ္ဌာန်းထားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်အရ မိန်းမတစ်ဦးသည် ကလေးသူငယ်ဖြစ်သော်လည်း လက်ထပ်ပိုင်ခွင့်ရှိသည့်သဘော သက်ရောက်နေသဖြင့်ထိုပြဋ္ဌာန်းချက် အား ပြင်ဆင်လိုသည့်အချက်မှာ Minimum Age for Marriage လက်ထပ်ထိမ်းမြားနိုင်သည့် အနိမ့်ဆုံးအသက်ကို အသက် ၁၆ နှစ်ပြည့်ပြီးသူသာ ဖြစ်သင့်ပါသဖြင့် ပြင်ဆင်သင့်ကြောင်း အဆိုပြု တင်ပြချက်ဟာ လျော်ကန်သင့်မြတ်ကြောင်း ဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ ယင်းသို့ အသက် ပြင်ဆင်ချက်ဟာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ မြန်မာအမျိုးသမီးများ လက်ထပ်ထိမ်းမြားရန် မုဆိုးမ သို့မဟုတ် တစ်ခုလပ်၊ တစ်လင်ကွာ မဟုတ်လျှင် အသက် ၂၀ ပြည့်ရမည်။ မပြည့်က မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက်ရရှိရမည်ဟူသော အချက်နှင့် အခြားဘာသာဓလေ့ထုံးတမ်းများအရ အသက်သတ်မှတ်ချက်များနဲ့ သက်ဆိုင်လွှမ်းမိုးခြင်းမရှိစေဘဲ၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၅ ပါ ပဉ္စမအချက်နှင့် ကင်းလွတ်ချက်တွင် ဖော်ပြသတ်မှတ်သည့်အသက်အတွက်သာ ဖြစ်သင့်ကြောင်းနဲ့

ထပ်လောင်းဆွေးနွေးတင်ပြလိုပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ ပြစ်မှုဆိုင်ရာဥပဒေအတွက်ပဲ သီးသန့်သတ်မှတ်ပေးသင့်ကြောင်း အကြံပြုဆွေးနွေးထားခြင်း ဖြစ်ပါတယ်။

အချုပ်အားဖြင့် တင်ပြရလျှင် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်း၏ အမျိုးသမီးများနဲ့ သက်ဆိုင်သော ဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ရန်အဆိုမှာ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက် ကာကွယ်စောင့်ရှောက်ပေးသည့် ခိုင်မာသော ဥပဒေပြင်ဆင်ချက်မျိုးဖြစ်သဖြင့် လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်းပြီး ပြည်ထောင်စုတရားသူကြီးချုပ်က ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ပြည်ထောင်စုတရားသူကြီးချုပ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိယဉ်ချမ်းရဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ရှင်းလင်းတင်ပြပါမယ်။ အဆိုပြုတင်ပြထားတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၈၈(၁)၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၅၊ ၄၁၇၊ ၃၇၅ တို့ရဲ့ ကင်းလွတ်ချက်တို့ကို လက်ရှိအခြေအနေနဲ့ လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပေးရန်အဆိုပြု တင်ပြချက်မှာ ပြင်ဆင်ရန် စဉ်းစားသင့်တဲ့အချက်တွေ ဖြစ်ပါတယ်။ယခု အဆိုပြုတင်ပြတဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနဲ့ ပြစ်မှုဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များသာမက အဆိုပါဥပဒေများမှာပါရှိတဲ့ အခြားသောပြဋ္ဌာန်းချက်များကိုပါလက်ရှိအချိန်နဲ့လျော်ညီအောင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ရန်အတွက် အဆိုပြုတင်ပြချက်တို့ကိုပါ အဖက်ဖက်မှစဉ်းစားပြီးတော့ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထိုသို့ ပြင်ဆင်ဆောင်ရွက်ပြီးတဲ့အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေမူကြမ်းနဲ့ ပြစ်မှုဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ ဥပဒေမူကြမ်းတို့ကို တင်ပြသွားပါမည့်အကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း တင်သွင်းတဲ့ အမျိုးသမီးများနဲ့ သက်ဆိုင်သောဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ရန် အဆိုကို ပြည်ထောင်စုတရားသူကြီးချုပ်ကလည်း ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆွေးနွေးတင်ပြသွားတဲ့အတွက် ဒီအဆိုဟာဆောင်ရွက်နေတဲ့၊ ဆောင်ရွက်ဆဲဖြစ်တဲ့ကိစ္စတစ်ခု ဖြစ်တယ်ဆိုတာပေါ်လွင်ပါ

တယ်။ ဒါကြောင့်မို့လို့ ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်းတင်သွင်းတဲ့ အမျိုးသမီးများနဲ့ သက်ဆိုင်သောဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ရန်အဆို လွှတ်တော်က မှတ်တမ်းတင်အတည်ပြု ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးလည်း လာမည့်တနင်္လာနေ့ မနက် ၁ဝး၀၀ နာရီမှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျာ။